The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအာဝင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 33 တနင်္လာနေ့တိုင်းထုတ်ဝေသည် September 2, 2019

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများမှသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့

စာမျက်နှာ - ၈ ➢

နယ်စပ် ကုန်သွယ်ရေး ရပ်ဆိုင်းမှုအား ဖြေရှင်းနိုင်ရန် ညှိနှိုင်းနေ

စာမျက်နှာ - ၂၄ ➢

ရန်ကုန်တိုင်းဒေသကြီးရှိ MSME လုပ်ငန်း ၁၀၀ ကို ချေးငွေ ထပ်မံထုတ်ပေးမည်

စာမျက်နှာ - ၂၄ ➢

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ တစ်ဘီလီယံကျော် ခွင့်ပြု

စာမျက်နှာ - ၂၆ ➢

ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု (၇)

စာမျက်နှာ - ၆ ➢

မြဝတီဘဏ်လိမိတက်
MYAWADDY BANK LIMITED

Mobile Banking နှင့် Internet Banking ဝန်ဆောင်မှုများ အသုံးပြုခြင်း

- Account Transfer (စာရင်းပြောင်း) ပြုလုပ်နိုင်ခြင်း
- Remittance (ငွေလွှဲ) ပြုလုပ်နိုင်ခြင်း
- Cardless Cash Withdrawl ဆောင်ရွက်နိုင်ခြင်း
- ဖုန်းဘေလ် ပြည့်သွင်းခြင်း

Internet Banking Website : https://mwdibanking.com

ပြည်တွင်းငွေလွှဲလုပ်ငန်းများ (Domestic Remittance)

- လျှောက်ထားသူတို့ရဲ့လွှဲငွေများကို မြဝတီဘဏ်လိမိတက်ရဲ့ဘဏ်ခွဲများတည်ရှိရာမြို့များသို့ မြန်ဆန်တိကျစွာ ငွေလွှဲပို့နိုင်ပါကြောင်း။
- မြဝတီဘဏ်၏ ချိတ်ဆက်ဘဏ်များဖြစ်သည့်
  - ကရယ်ဘဏ် ✔ မြန်မာဘဏ္ဍာတိုင်းဘဏ် ✔ ကမ္ဘာ့ဂုဏ်ရာဘဏ် ✔ အဂ္ဂစီမြေယန်မှတ်ပုံတင်ရေးဘဏ် ✔ ရေဝတီဘဏ်
  - ✔ မြန်မာနိုင်ငံသားများဘဏ် ✔ ဂုန်ဂုဏ်မြို့၊တော်ဘဏ် ✔ ဧကျနဟက်မှတ်ပုံတင်ရေးဘဏ် ✔ ယူနိုက်တက်အမရာဘဏ် ✔ အင်းစဘဏ်
  - ✔ အနေဘားနှင့် အာဟတ်ဆားဆက်မှုလုပ်ငန်းမှတ်ပုံတင်ရေးဘဏ် ✔ ရွှေကျောဟက်နှင့် မြို့ပြမှတ်ပုံတင်ကိုယ်စားလှယ်ဘဏ် ✔ သမတ်ယမဘက်တို့နှင့်ဆက်သွယ်ရှိ
- ငွေလွှဲလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်ငွေလွှဲပို့နိုင်ပါကြောင်း။
- မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံးသို့ ငွေလွှဲလက်မှတ်မြင့်လည်းကောင်း၊ Fax ဆက်သွယ်နိုင်သောမြို့များသို့ ငွေလွှဲမြင့်လည်းကောင်း ငွေလွှဲပို့နိုင်ပါကြောင်း သတင်းကောင်းပါးအပါပါသည်။

နိုင်ငံတကာငွေလွှဲလုပ်ငန်းများ (International Remittance)

- ပြည်ပဘဏ်များမှ မြန်မာနိုင်ငံ မြဝတီဘဏ်သို့ ငွေလွှဲပေးပို့ခြင်း (Inward Remittance) နှင့် မြန်မာနိုင်ငံ မြဝတီဘဏ်မှ ပြည်ပဘဏ်များ မှတဆင့် ငွေလွှဲပေးပို့ခြင်း (Outward Remittance) လုပ်ငန်းများကို နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေဝတ္ထုနှင့်အညီ S.W.I.F.T မြင့် လျှင်မြန်စွာ ဆောင်ရွက်ပေးပါသည်။
- Western Union Co.Ltd (WESTERN UNION) နှင့်မှတ်တမ်းတွဲနိုင်ပြီး ပြည်ပမှ ငွေလွှဲဝင်ရောက်လာခြင်း (Inbound Remittance) ပြည်ပသို့ငွေလွှဲပေးပို့ခြင်း (Outward Remittance) တို့ကို လမ်းမတော်၊ ဘုရင့်နောင်၊ သိမ်မြို့၊ ဗိုလ်တထောင်၊ ကန္တာ၊ ဂန်းဂင်း နေပြည်တော်၊ မန္တလေးဘဏ်ခွဲ တို့တွင် ဆောင်ရွက်နိုင်ပါသည်။

www.mwdbank.com

Contact Address
No.(151),Corner of Bogyoke Aung San Road and Wardan Street, 8 Ward, Lanmadaw Township, Yangon, Myanmar
Tel : (95) -01- 2301418, 2301416, 2301446 Fax : (95) -01- 2301422, 2301423, 2301424
Email : info@mwdbank.com

ANPU UnionPay JCB

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၃/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၃/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကို သြဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၆ သို့

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာကုန်သည်ကြီးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ သည် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များအား သြဂုတ် ၂၄ ရက်တွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိမ်း၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကိုယ်စားလှယ်စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်နိုင်ရေးသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အခြေစိုက်၍ စီးပွားရေးလုပ်ကိုင်နေသော နိုင်ငံတကာကုန်သည်ကြီးများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် စိန်ခေါ်မှုများကို အတူတကွအဖြေရှာနိုင်မည့်နည်းလမ်းများ စသည်ဖြင့် စုံလင်စွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး International Trade Basic Course Weekend Programme (Batch-5) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် သြဂုတ် ၃၁ ရက်တွင် ရန်ကုန်မြို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိညီလာခံခန်းမ၌ ကျင်းပခဲ့သော ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)၏ International Trade Basic Course Weekend Programme (Batch-5) သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ် အပ်နှံခြင်းအခမ်းအနားကို တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသူ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

"ကုန်သွယ်မှုလုပ်ငန်းဟာ ကိုယ်တိုင်အတွက်လည်း အကျိုးရှိသလို တိုင်းပြည်အတွက်လည်း အကျိုးရှိပါတယ်။ မြန်မာနိုင်ငံရဲ့ GDPမှာဆိုရင် ထုတ်လုပ်မှုပိုင်း၊ ဝန်ဆောင်မှုပိုင်းနဲ့ ကုန်သွယ်မှုပိုင်းဆိုပြီး သုံးပိုင်းရှိပါတယ်။ ကုန်သွယ်မှုပိုင်းဆိုရင်

စာမျက်နှာ ၁၃ သို့

Commerce JOURNAL

အတိုင်ပင်ခံစာတည်း
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

စာတည်းမှူးချုပ်
အောင်သူရ

အုပ်ချုပ်ရေးမှူး
အေးအေးမော်

တာဝန်ခံစာတည်း
စိန်သံ

စာတည်းအဖွဲ့
ရဲမင်းနိုင်

လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွန်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဗျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းနိုင်(ပြည်)၊ ဇေဒိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
ခင်စုစုလှိုင်

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၅၅၃)

ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၇/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး

ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၉)

ကွန်ပျူတာ
သင်းသိရိအောင်

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

ဆန်နှင့်ဆန်ကွဲတန်ချိန် ငါးသောင်းခန့် တင်ပို့ပြီး စျေးကွက်သစ်များထပ်မံရရှိ

ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော လွယ်ဂျယ်နှင့်ကန်ပိုက်တီတို့မှအမေရိကန်ဒေါ်လာသုညဒသမဝ၆၅သန်းတန်ဖိုးရှိဆန်တန်ချိန် ၂၃၀ကျော်တင်ပို့ခဲ့ရာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၂၁၀ ကျော်နှင့် ကန်ပိုက်တီစခန်းမှ တန်ချိန် ၂၀ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်တွင် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၅၅တန် တင်ပို့ခဲ့ကြောင်းသိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၃၃၀၀၀ နီးပါး တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဆန်တင်ပို့သောနိုင်ငံများမှာ တရုတ်နိုင်ငံ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်၊ ရုရှား၊ ဆီနီဂေါ်၊ တိုဂို၊ အရှေ့တီမော၊ အိုင်ဗရီကို့စ်၊ ကင်ညာ၊ ဆွစ်ဇာလန်၊ ဘီနင်၊ မိုဇမ်ဘစ်၊ တူနီးရှား၊ ကွန်ဂို၊ နိုင်ဂျီးရီးယားနှင့် အီးယူနိုင်ငံများအပြင် စျေးကွက်သစ်ဖြစ်သော လိုင်ဘေးရီးယားနိုင်ငံသို့ပါ တင်ပို့ခဲ့ကြောင်း သိရသည်။ အများဆုံး တင်ပို့သောနိုင်ငံများနှင့်တင်ပို့သောတန်ချိန်များမှာ တရုတ်နိုင်ငံသို့တန်ချိန် ၁၃၅၀၀ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၂၇၇၀၊ ဆီနီဂေါသို့ တန်ချိန် ၅၀၀၀၊ အိုင်ဗရီကို့စ်သို့ တန်ချိန် ၁၀၄၀၊ ကင်မရွန်းသို့ တန်ချိန် ၂၃၅၀၊ တူနီးရှားသို့တန်ချိန် ၁၀၀၀၊ အီးယူသို့တန်ချိန် ၂၂၂၀ ကျော်နှင့် စျေးကွက်သစ်ဖြစ်သော လိုင်ဘေးရီးယားသို့ တန်ချိန် ၅၀၀ တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၂၂၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်မှာ ရေကြောင်းမှ အမေရိကန်ဒေါ်လာ လေးသန်းနီးပါးတန်ဖိုးရှိဆန်ကွဲတန်ချိန် ၁၅၄၅၀ ကျော်တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဆန်ကွဲတင်ပို့သောနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အီးယူ၊ အိုင်ဗရီကို့စ်၊ မက်ဒါဂါးစကား၊ ဂျီဘူတီ၊ ဘီနင်နှင့်စျေးကွက်သစ်ဖြစ်သော အီသီယိုးပီးယားနိုင်ငံများဖြစ်သည်။ အဆိုပါနိုင်ငံများအနက် အများဆုံးတင်ပို့မှုများမှာ အီးယူနိုင်ငံများသို့ တန်ချိန် ၇၁၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၆၀၀၀ ကျော်တင်ပို့ခဲ့ပြီး အီသီယိုးပီးယားသို့ တန်ချိန် ၅၀၀ တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၃၈၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန်တန်ချိန် ၃၃၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၁၅၅၀၀ ကျော်ဖြစ်ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့ကြောင်း သိရသည်။

ယဉ်ယဉ်အေး

ဩဂုတ်လနောက်ဆုံးပတ်တွင် မြန်နယ်အချို့၌ ဧည့်မထစပါးစျေးနှုန်း အနည်းငယ်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဩဂုတ်လနောက်ဆုံးပတ် ဧည့်မထမိုး/နွေစပါးစျေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိရာ မြောင်းမြခရိုင် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် ယခင်ဧည့်မထမိုးစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၆ ၂၅၀၀၀/ ၆၃၄၀၀၀ စျေးမှ ယခုစျေး ကျပ် ၆၁၆၀၀၀/၆ ၂၅၀၀၀ စျေးဖြစ်သွား၍ စပါးတင်း ၁၀၀ကို ကျပ် ၁၀၀၀၀ ဝန်းကျင် စျေးနှုန်းကျဆင်းလျက်ရှိပြီး မအူပင်ခရိုင်၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် ယခင်ဧည့်မထ နွေစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၇၈၀၀၀ စျေးမှ ယခုစျေး ကျပ် ၄၆၀၀၀၀ ဖြစ်သွား၍ စျေးနှုန်းကျဆင်းလျက်ရှိကြောင်း ဆန်စပါးသတင်းများမှသိရသည်။

မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်တို့တွင် မြို့နယ်တွင်းနှင့် ရန်ကုန်စျေးကွက်အရောင်းအဝယ်အေးသည့်အတွက် စပါးစျေးနှုန်းကျဆင်းရခြင်းဖြစ်ပြီး ကျန်ခရိုင်၊ မြို့နယ်များတွင် အရောင်းအဝယ်ပုံမှန်ရှိနေပြီး စျေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ဆန်စပါးသတင်းများအရ သိရသည်။

မင်းမင်းဦး(ပသ)

ရန်ကုန်ဆန်စျေးနှုန်းနှင့် စျေးကွက်အခြေအနေ

ယခုတစ်ပတ် ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်မြို့ဆန်စပါးကုန်စည်ဒိုင်(၀ါးတန်း)၏ ဆန်စျေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းတစ်အိတ် ကျပ် ၆၀၀၀၀-၆ ၂၀၀၀၊ ပေါ်ဆန်းရှယ်စ တစ်အိတ်ကျပ်၃၈၅၀၀-၄၀၀၀၀၊ ရက်ဥ၀တစ်အိတ်ကျပ် ၂ ၂၀၀၀-၂ ၂၅၀၀၊ သီးထပ်ရှယ်တစ်အိတ် ကျပ် ၁၉၅၀၀-၂၀၀၀၀ အသီးသီးဖြစ်ပြီး ဖျာပုံပေါ်ဆန်းတစ်အိတ် ကျပ် ၃၉၀၀၀-၄၀၀၀၀၊ နယ်စုံပေါ်ဆန်းတစ်အိတ် ကျပ် ၃၄၀၀၀-၃၆၀၀၀၊ ပေါ်ကျွဲတစ်အိတ် ကျပ် ၂၇၀၀၀-၂၈၀၀၀ နှင့် ဧည့်မထတစ်အိတ် ကျပ် ၁၉၃၀၀-၁၉၅၀၀ တို့ဖြစ်သည်။ဆန်စျေးများမှာ ယခင်တစ်ပတ်အတိုင်း စျေးနှုန်းပြောင်းလဲမှုမရှိဘဲ စျေးငြိမ်လျက် ကုန်စည်ဒိုင်သို့ ဝင်ရောက်မှုပုံမှန်ရှိပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရသည်။ ကုန်စည်ဒိုင်၏သုံးသပ်ချက်အရ ဆန်စျေးမှာ ကျနိုင်ဖွယ်ရှိကြောင်းသိရသည်။ ဩဂုတ် ၂၄ ရက် မှ ၃၀ ရက်အထိ ရန်ကုန်မြို့ဆန်စပါးကုန်စည်ဒိုင်(၀ါးတန်း)သို့ ဧရာဝတီတိုင်းဒေသကြီး နယ်စုံမှဆန်ဝင်ရောက်မှုမှာ စုစုပေါင်းအိတ်ရေ ၁၃၆၇၂၇ အိတ်ဝင်ရောက်ခဲ့သည်။ရန်ကုန်မြို့ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်တွင် ဩဂုတ် ၃၀ ရက် ဆန်စျေးနှုန်းမှာ ဧည့်မထဆန်ထိပ်စတစ်အိတ် ကျပ် ၁၉၅၀၀-၁၉၈၀၀ (USD 262-266 Per ton)၊ ဧည့်မထဆန်လတ်စ တစ်အိတ် ကျပ် ၁၈၀၀၀-၁၈၃၀၀ (USD 241-245 Per ton) ဖြစ်သည်။ ရန်ကုန်မြို့ဘုရင့်နောင်ဆန်ပွဲရုံများသို့ ယခင်တစ်ပတ်တွင် ဧည့်မထဆန်နှင့်ဧရာဝတီတိုင်းမှ ပေါ်ဆန်းဆန်များ ဝင်ရောက်မှုပုံမှန်ရှိသော်လည်း ယခုဩဂုတ်လ နောက်ဆုံးပတ်တွင် စျေးကွက်သို့ဆန်ဝင်ရောက်မှုနည်းပြီး ဝယ်ယူသူများကလည်း ဝယ်လိုအားနည်းခြင်းတို့ကြောင့် အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရသည်။ ယခုတစ်ပတ်တွင်း ဘုရင့်နောင် ဆန်ကုန်စည်ဒိုင်သို့ ဩဂုတ် ၂၄ ရက် မှ ၃၀ ရက်အထိ ဆန်ဝင်ရောက်မှုမှာ စုစုပေါင်းအိတ်ရေ ၁၁၉၆၈၂အိတ် ဝင်ရောက်ခဲ့သည်။

ချောစုမာ(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)

သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်/စပါးပေါက်စျေးများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်အတွင်း ဧည့်မထစပါး(အပု)ပေါက်စျေးကတော့ ပေါင် ၅၀ တင်း ၁၀၀ လျှင် ကျပ် ၆၀၀၀၀၀၊ ဆန်စျေးကတော့ တစ်အိတ်ကို ကျပ် ၂၀၀၀၀၊ ဧည့်မထစပါး(အရှည်) ပေါက်စျေးကတော့ ပေါင် ၅၀ တင်း ၁၀၀ လျှင်ကျပ် ၅၄၀၀၀၀၊ ဆန်စျေးကတော့ တစ်အိတ်ကို ကျပ် ၁၉၀၀၀၊ ဆန်ကွဲတစ်အိတ် ကျပ် ၁၄၀၀၀ နှင့် ဖွဲနုပေါင် ၆၀ တစ်အိတ်ကို ကျပ် ၈၉၀၀ ပေါက်စျေးရှိပြီး ရန်ကုန်ဘုရင့်နောင်သို့ ပုံမှန်တင်ပို့နေကြောင်းသိရသည်။

သိန်းဆွေ(သနပ်ပင်)

အာရှနိုင်ငံများမှ FOB ဆန်စျေးနှုန်းများ

၃၀-၈-၂၀၁၉ ဒေါ်လာ/တန်

	ထိုင်း			ဗီယက်နမ်			အိန္ဒိယ			ပါကစ္စတန်		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
ဆန်ပြူ ၁၀၀ %	၄၁၅	၄၁၃	▽	-	-	-	-	-	-	-	-	-
ဆန်ပြူ ၅%	၄၀၅	၄၀၃	▽	၃၃၅	၃၃၀	▽	၄၀၅	၄၀၀	▽	၃၆၃	၃၆၅	△
ဆန်ပြူ ၁၀%	၄၀၄	၄၀၂	▽	၃၃၀	၃၂၆	▽	-	-	-	၃၅၀	၃၆၀	△
ဆန်ပြူ ၁၅%	၄၀၃	၄၀၁	▽	၃၂၅	၃၂၂	▽	-	-	-	၃၅၃	၃၅၅	△
ဆန်ပြူ ၂၅%	၃၉၅	၃၉၅	□	၃၁၇	၃၁၄	▽	၃၆၅	၃၇၀	△	၃၃၀	၃၃၀	□
ပေါင်းဆန်	၄၃၉	၄၃၀	▽	-	-	-	၃၇၃	၃၇၅	△	၃၉၃	၃၉၃	□

Source: liverice

ပြည်တွင်းမြို့ကြီးများ၏ (၃၀-၈-၂၀၁၉)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

မြို့	ဧည့်မထအုပ်စု				ပေါ်ဆန်းအုပ်စု			
	စပါး		ဆန်		စပါး		ဆန်	
	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်
ဆန်ပိုဒေသများ								
မြည်	၅၃၅၀	▽	၂၁၀၀၀	▽	၉၂၀၀	□	၄၂၀၀၀	□
ပုသိမ်	၅၀၀၀	□	၂၄၅၀၀	□	၉၆၇၀	□	၄၁၀၀၀	□
ပဲခူး	၅၅၅၀	▽	၂၂၅၀၀	▽	၉၂၀၀	□	၄၃၀၀၀	□
ရွှေဘို	၆၀၀၀	△	၂၄၀၀၀	△	၁၇၀၀၀	□	၅၂၀၀၀	▽
စစ်တွေ	၅၅၀၀	□	၂၄၀၀၀	□	၉၆၀၀	□	၄၁၀၀၀	□
ဆန်လိုဒေသများ								
နေပြည်တော်	၇၀၀၀	□	၂၆၀၀၀	□	-	-	၄၇၀၀၀	□
ရန်ကုန်(ဂါးတန်း)	၅၁၀၀	▽	၂၀၀၀၀	□	-	-	၅၂၀၀၀	□
မန္တလေး	၇၀၀၀	□	၂၅၀၀၀	□	-	-	၅၀၀၀၀	□
မကွေး	၇၀၀၀	□	၂၅၀၀၀	□	-	-	၆၀၀၀၀	△
မော်လမြိုင်	၅၂၀၀	▽	၂၂၀၀၀	□	၉၃၀၀	▽	၄၀၀၀၀	□
လွိုင်ကော်	၉၇၁၀	□	၄၆၀၀၀	□	-	-	၆၇၀၀၀	□
မြိတ်	၅၆၀၀	□	၂၄၀၀၀	□	-	-	၄၅၅၀၀	▽
ဘားအံ	၆၀၀၀	△	၂၄၀၀၀	□	-	-	၄၀၅၀၀	□

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုဘဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

၂၃-၈-၂၀၁၉ မှ ၂၉-၈-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း							
No	Form Tpye	New	Amend	Extension	Cancel	True Copy	Total
1.	Certificate of Origin (COs)						
	Form A	749	37	-	-	2	688
	Form AANZ	9	-	-	-	-	9
	Form AHK	-	-	-	-	-	-
	Form AI	272	16	-	-	-	288
	Form CHINA	-	-	-	-	-	-
	Form AJ	24	2	-	-	-	26
	Form AK	277	31	-	-	-	308
	Form D	269	9	-	-	-	278
	Form DFTP	8	1	-	-	-	9
	Form E	156	16	-	-	-	172
	Form Korea	10	-	-	-	-	10
2.	Product Card	-	-	-	-	-	-
3.	Certified Exporter	-	-	-	-	-	-
	Total	1674	112	-	-	2	1788

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၈-၂၀၁၉ ကျပ်/ပိဿာ

ပဲအမျိုးအမည်	ရန်ကုန်			မန္တလေး			မုံရွာ			မကွေး		
	၂၃/၈	၃၀/၈	ပြောင်းလဲမှု	၂၃/၈	၃၀/၈	ပြောင်းလဲမှု	၂၃/၈	၃၀/၈	ပြောင်းလဲမှု	၂၃/၈	၃၀/၈	ပြောင်းလဲမှု
မတ်ပဲ	၁၄၉၄	၁၂၂၉	▼	၁၂၅၀	၁၂၆၇	▲	၁၂၀၀	၁၂၀၀	■	၁၂၀၀	၁၂၀၀	■
ပဲစင်းငုံ	၁၄၈၅	၁၄၄၈	▼	၁၅၃၃	၁၃၈၃	▼	၁၅၂၅	၁၄၇၅	▼	၁၅၀၀	၁၄၆၀	▼
ပဲတီစိမ်း	၁၈၀၀	၁၈၀၀	■	၁၇၇၈	၁၇၉၆	▲	၁၇၃၇	၁၇၆၃	▲	၁၆၃၀	၁၆၀၅	▼
ကုလားပဲရိုးရိုး	၁၀၂၅	၁၀၀၀	▼	၁၃၀၉	၁၄၀၆	▲	၁၃၀၄	၁၃၇၉	▼	၁၄၀၅	၁၃၉၅	▼
ပဲလွန်းပြား	၁၁၁၅	၁၁၃၀	▲	၁၂၀၀	၁၂၀၀	■	၁၀၀၀	၁၀၀၀	■	၁၁၆၀	၁၁၆၀	■
ထောပတ်ပဲ	၁၆၅၀	၁၆၅၀	■	၁၈၁၃	၁၈၁၃	■	၁၅၇၉	၁၅၂၆	▼	၁၇၄၀	၁၅၉၅	▼

* မှတ်ချက်။ ဇော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

ပဲအမျိုးအစား	ပြည်ပတင်ပို့မှု		ပြည်ပတင်ပို့မှု
	ယခင်တစ်ပတ်	ယခုတစ်ပတ်	(၁၊၁၊၁၉) မှ
	(၁၇၊၈၊၁၉)ထိ	(၂၄၊၈၊၁၉)ထိ	(၂၄၊၈၊၁၉) ထိ
မတ်ပဲ	၂၄၃၅၂၆	၁၆၀၈၁	၂၅၉၆၀၉
ပဲတီစိမ်း	၁၇၂၁၂၄	၄၂၇၆	၁၇၆၄၀၀
ပဲစင်းငုံ	၇၈၁၈	၁၃၆၅၀	၉၁၈၃၀
ကုလားပဲ	၄၇၇၄	၆၀	၄၇၈၀၈
ပဲလွန်းပြား	၃၁၄၁	၂၁၄	၃၁၆၃၂
မြေထောက်ပဲ	၈၆၉၆	၁၆၁	၈၈၅၇

ပြည်ဈေးကွက်တွင် နှမ်းနက်နှင့် စမုံနက်နှမ်း ဈေးငြိမ်နေ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင်နှမ်းနီတစ်မျိုးသာ ဈေးကျလာပြီး နှမ်းနက်နှင့် စမုံနက်နှမ်းမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးပုံမှန်ဖြစ်နေသည်ကို တွေ့ရသည်။ နှမ်းနီမှာ သီးနှံမပေါ်သေးဘဲ လက်ကျန်လည်းမရှိသည့်အတွက် ဝယ်လိုအားရှိသော်လည်း ဈေးပြန်ကျလာသည်ကို တွေ့ရသည်။

မန္တလေးဝယ်လက်များက အဝယ်ရှိသော်လည်း တစ်နေ့လျှင်အိတ် ၂၀၀ လောက်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၄၆၀၀၀ ဖြင့်ဈေးပြန်ကျလာသည်။ နှမ်းနက်မှာ တစ်တင်းလျှင် ကျပ် ၇၆၀၀၀ နှင့်စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၈၆၀၀၀ ဖြင့်ဈေးငြိမ်နေသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။

ဝေဝေမင်း(ပြည်)

ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံနှင့် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ)မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၅၃၀၀၀- ၇၀၀၀၀-၇၃၀၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀ မှ ၉၀၀ ထိ အရောင်းအဝယ်ဖြစ်နေသည်။

နှမ်းနက်(ဂွ)မှာ တစ်တင်းလျှင်ကျပ် ၆၃၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၅၆၀၀၀-၅၆၅၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဈေးဖြင့် အိတ် ၁၀၀၊ နှမ်းနီ တစ်တင်းလျှင် ကျပ် ၅၃၅၀၀ ဈေးဖြင့် အိတ် ၅၀ အရောင်းအဝယ်ဖြစ်နေသည်။

၂၀၁၈ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀၊ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ(အသစ်)တစ်တင်းလျှင် ကျပ် ၂၅၃၀၀- ၂၅၈၀၀- ၂၆၀၀၀ ဈေးဖြင့် အိတ် ၅၀ မှ ၁၀၀၊ ကုလားပဲသုံးမျိုးမှာ ဈေးအနည်းငယ်ကျနေပြီး ကုလားပဲ၀ါ HL တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲ၀ါလုံးကြီး ၉၂၉ တစ်တင်းလျှင် ကျပ် ၂၄၅၀၀ဈေးဖြင့် အိတ် ၅၀ ၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၂၉၀၀၀-၃၀၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၇၉၀၀ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးသို့ သြဂုတ် ၁၉ ရက်မှ ၂၅ ရက်အတွင်း ညောင်တုန်း၊ မော်ဘီ၊ သာရဝေ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ပြည်၊ လက်ပန်တန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၆၀၀ မှ ၁၀၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၂၅၀ မှ ၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၃၅၀ မှ ၅၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၁၂၀၀ ၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၈၀၀ မှ ၂၀၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၆၀၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၇၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညင်း(ထုပ်) ကျပ် ၈၀၀ မှ ၁၂၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၉၀၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၂၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၈၀၀ မှ ၄၀၀၀ အတွင်း၊ ချင်း(ပိဿာ)ကျပ် ၃၀၀၀ မှ ၃၅၀၀ အတွင်း၊ ဆလတ်ရွက် (စီး) ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ ရုံးပတီသီး(တောင့်) ကျပ် ၅ မှ၁၃ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၃၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၄၀ မှ ၆၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၀၀ မှ ၂၅၀ အတွင်း၊ သံပရာသီး (လုံး) ကျပ် ၂၅ မှ ၅၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၅၀ မှ ၁၃၀ အတွင်း၊ ငရုပ်သီးစိမ်း(ကျောက်စိမ်း) (ပိဿာ) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ဖရဲသီး (လုံး) ကျပ် ၁၀၀၀ မှ ၃၅၀၀ အတွင်းရှိကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း ဖရဲသီးများ ဝင်ရောက်လာ၍ အရွယ်ကြီး/သေးပေါ်မူတည်ပြီးဈေးနှုန်းများ ကွာခြားမှုရှိကြောင်း သိရသည်။ ယခုရက်သတ္တပတ်အတွင်း မုန်လာဥ(နီ)၊ ဘူးသီး၊ ကြက်သွန်ဖြူ(ကြူကုတ်)၊ ချင်းနှင့် ပဲသီးတို့မှာ အနည်းငယ် ဈေးတက်နေပြီး ရွှေဖရုံသီး၊ ချဉ်ပေါင်ရွက်၊ သံပရာသီးနှင့် ငရုတ်သီးစိမ်း(ကျောက်စိမ်း)တို့မှာ အနည်းငယ်ဈေး ကျနေခဲ့ကြောင်း သိရသည်။

တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၄၆၀၀၀ ကျော်၊ ခရမ်းသီး (ရှည်)(လုံး) ၁၃ ၂၆၀၀ ကျော်၊ ဘူးသီး အလုံးပေါင်း ၁၄၀၀၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၄၄၀၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၃၉၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၅၆၀၀၀ ကျော်၊ မုန်ညင်း(ထုပ်)ပေါင်း ၁၄၅၀၀ ကျော် နှင့် ဖရဲသီးအလုံးပေါင်း ၂၈၀၀၀ ကျော် အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။

ခိုင်ရွှေ(ရန်ကုန်)

ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများ ပြန်ကျလာ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်မြေပဲဆန်ဈေးများ ပြန်ကျလာသည်ကို တွေ့ရသည်။ ဝင်ရောက်မှုမရှိသော်လည်း လျှောင်မြေပဲဆန်များဖြင့်သာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။ ဆီဆန်ထဲမှရွေးဆန်ကိုဆီစက်သမားများက ဆီကြိတ်ရန်အတွက် တစ်နေ့လျှင် အိတ် ၁၅၀ လောက်သာ အဝယ်ရှိပြီး လုံးဆန်(နီ)ကို မြို့တွင်း ပဲလျှော်သမားများက အဝယ်ရှိခြင်း၊ လုံးဆန်(ဖြူ)ကိုရန်ကုန်ဝယ်လက်များက အဝယ်ရှိပေမယ့် တစ်နေ့လျှင် အိတ် ၁၀၀ လောက်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာဆီဆန် (ဖြူ) တစ်ပိဿာလျှင်ကျပ် ၃၆၀၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၆၅၀ ဖြစ်ပြီး လုံးဆန်(ဖြူ)တစ်ပိဿာလျှင် ကျပ် ၄၀၀၀ နှင့် (နီ) တစ်ပိဿာလျှင်ကျပ် ၄၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ဈေးပြန်ကျလာသည်ကို တွေ့ရသည်။

ဝေဝေမင်း(ပြည်)

မုံရွာကုန်စည်ဒိုင်၌ ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းများ



ဩဂုတ်လနောက်ဆုံးတစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံဈေးကွက်အခြေအနေသည် ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။ ကုလားပဲနှင့် ဂျုံသီးနှံမှာဒေသတွင်းသုံးအနေဖြင့် ပဲခွဲစက်နှင့်ကြာဆံစက်၊ ခေါက်ဆွဲစက်သမားများအဝယ်ရှိ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကုလားပဲမျိုးစုံနေ့စဉ် တင်းပေါင်း ၇၀၀/၈၀၀ခန့် အရောင်းအဝယ်ဖြစ်ပြီး V2တစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၂၆၄၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၂၇၀၀၀၊ ၉၂၉ တစ်တင်း ကျပ် ၂၆၆၀၀၊ V3 V7 ကျပ် ၂၅၂၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်လျော့နည်းလာသည်ကို တွေ့ရသည်။

ဂျုံဖြူသန့်တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၁၇၀၀၀ မှ ၁၇၅၀၀ ရှိပြီး နေ့စဉ်တင်းပေါင်း ၁၅၀မှ ၂၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲစင်းငုံပေါက်ဈေးနှုန်းမှာ (အဟောင်း) တစ်တင်း ကျပ် ၂၇၀၀၀၊ (အသစ်) ကျပ် ၂၉၅၅၀ ဖြစ်ပြီး တင်း ၇၀ မှ ၁၀၀ ကြား ရက်ခြား အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မတ်ပဲသီးနှံ တစ်တင်း ကျပ် ၂၂၀၀၀ မှ ၂၄၀၀၀နှုန်းပေါက်လျက်ရှိပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းထက် ဈေးလျော့လာသည်။ ပဲတီစိမ်းသီးနှံ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၃၃၅၀၀ နှုန်းပေါက်လျက်ရှိပြီး နေ့စဉ်တင်း ၂၀၀ ခန့်၊ ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၃၄၅၀၀၊ နေ့စဉ်တင်း ၂၀၀ခန့်၊ ပဲနီလုံးရိုးရိုး တစ်တင်းကျပ် ၁၉၀၀၀နှုန်းနဲ့ တင်း၁၀၀ခန့်၊ ပဲနီလုံးကျားတစ်တင်း ကျပ် ၁၉၈၀၀၊ တင်း ၁၀၀ ခန့်၊ ပဲယင်း တစ်တင်း ကျပ် ၂၄၀၀၀ ဖြင့် တင်း ၁၅၀ခန့်၊ ပဲပုပ်တစ်တင်း ကျပ် ၁၉၅၀၀ ဖြင့် တင်း၁၅၀ခန့်၊ ထောပတ် တစ်တင်း ကျပ် ၃၀၀၀၀၊ တင်း ၁၀၀ ခန့်၊ CPပြောင်းတစ်တင်း ကျပ် ၇၇၀၀နှုန်းဖြင့် တင်း ၅၀၀မှ ၁၀၀၀ခန့်ထိ၊ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်တွင် ပဲအားလုံးဈေးအနည်းငယ်ကျဆင်းလာကြောင်း သိရှိရသည်။ ဆီထွက်သီးနှံဖြစ်သည့် မြေပဲဆန်ဈေးနှုန်းသည် လက်ကျန်နည်းပါး၍ ဈေးမြင့်တက်လျက်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာလုံးဆန်(ဖြူ) တစ်ပိဿာ ကျပ် ၄၀၀၀ မှ ၄၀၅၀၊ လုံးဆန်(နီ) ကျပ် ၄၂၀၀မှ ၄၂၅၀၊ ဆီဆန် ကျပ်၃၆၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု (၇)

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဆန်းစစ်ခြင်းအတွက် အချိန်ဇယား သတ်မှတ်၍ ပြင်ဆင်ဆောင်ရွက်ခြင်း

WTO

မြန်မာနိုင်ငံ၏ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းကို ၂၀၂၀ ခုနှစ် အောက်တိုဘာလအပြီးတွင် ပြုလုပ်သွားရန် လျာထားစီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါဆန်းစစ်ခြင်း လုပ်ငန်းစဉ်အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ် တစ်လျှောက်လုံး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှ စတင်ကာ အချိန်ဇယား(Timeframe) ရေးဆွဲသတ်မှတ်ကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။လက်ရှိအချိန်တွင် ကုန်သွယ်မှုမူဝါဒလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် လိုအပ်သည့် အချက်အလက်များ စုဆောင်းနိုင်ရန်နှင့် ကူညီပံ့ပိုးမှုများရရှိနိုင်ရန် ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများသို့ Contact Person များ တောင်းခံခြင်း၊ အစီရင်ခံစာများ ရေးသားပြုစုရာတွင် ဌာနကိုယ်စားပြု ရပ်တည်ဆွေးနွေးနိုင်မည့် Focal Person များ တောင်းခံခြင်း၊ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား အထက်အဖွဲ့အစည်းနှင့်ဌာနများသို့ တင်ပြခွင့်ပြုချက် ရယူကာ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းရေးဆွဲထားသည့် လျာထားအချိန်ဇယားအရ ဆက်လက်ဆောင်ရွက်ရန် ထည့်သွင်းလျာထားသည့် လုပ်ငန်းစဉ်များမှာ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးမှ ကနဦးမေးခွန်းများ ပေးပို့လာမှုအပေါ် ကုန်သွယ်မှုနှင့် ဆက်စပ်သည့်ဌာနများသို့ ပေးပို့၍ အချက်အလက်များ ကောက်ခံသွားမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ဌာနအသီးသီးမှ ပေးပို့လာသည့်အချက်အလက်များအား စုစည်းသွားမည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရှိ အတွင်းရေးမှူးရုံးမှ ကျွမ်းကျင်ပညာရှင်များက မြန်မာနိုင်ငံသို့ ပထမအကြိမ် လာရောက်၍ ကုန်သွယ်မှုမူဝါဒလေ့လာဆန်းစစ်ခြင်းဆိုင်ရာ Awareness Workshop အား ကျင်းပသွားမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံမှပေးပို့ထားသည့် မေးခွန်းများ/အချက်အလက်များအား ညှိနှိုင်းသွားမည်ဖြစ်ရာ သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

၂၀၂၀ပြည့်နှစ် ဧပြီလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အတွင်းရေးမှူးအစီရင်ခံစာ(မူကြမ်း) ပေးပို့လာမည်ဖြစ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ အစီရင်ခံစာ(မူကြမ်း)အား သက်ဆိုင်ရာဌာနအသီးသီးသို့ ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံခြင်း၊ ဌာနများမှ ပေးပို့လာသည့် သဘောထားမှတ်ချက်များအား စိစစ်ခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာ ဌာနများအား ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးခြင်း၊ စနစ်တကျနှင့် ပြီးပြည့်စုံမှုရှိစေရေး ကျွမ်းကျင်ပညာရှင်၏ အကူအညီဖြင့် ပြုစုရေးသားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ် မေလတွင် အတွင်းရေးမှူး အစီရင်ခံစာ(မူကြမ်း)အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်ပြီး တစ်ပြိုင်တည်းမှာပင် အစိုးရ အစီရင်ခံစာ ပြုစုနိုင်ရေးအတွက် အခန်းအလိုက် ထည့်သွင်းသွားမည့် ခေါင်းစဉ်များ၊ ဦးစားပေးထည့်သွင်းသွားမည့်ကဏ္ဍများ စသည်တို့ကို သက်ဆိုင်ရာဌာနများနှင့် အကြိမ်ကြိမ်ညှိနှိုင်း၍ ပြုစုရေးသားသွားမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရှိ အတွင်းရေးမှူးရုံးမှ ကျွမ်းကျင်ပညာရှင်များက မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်၍ အတွင်းရေးမှူးအစီရင်ခံစာအား အပြီးသတ် အတည်ပြုနိုင်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးသွားမည်ဖြစ်ရာ Focal Ministry ဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်ပညာရှင်များကို သက်ဆိုင်ရာဌာနအသီးသီးနှင့် ချိတ်ဆက်၍ တွေ့ဆုံဆွေးနွေးနိုင်ရန်စီစဉ်ခြင်း၊ လိုအပ်သည့်အချက်အလက်များအား ပံ့ပိုးပေးနိုင်ရေးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ကျွမ်းကျင်ပညာရှင်၏ အကူအညီဖြင့် အစီရင်ခံစာ(မူကြမ်း)တွင် လိုအပ်သည်များပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် အတွင်းရေးမှူးအစီရင်ခံစာအား အပြီးသတ် အတည်ပြုပေးပို့သွားမည်ဖြစ်သည်။

ထို့နောက် သက်ဆိုင်ရာဌာနအသီးသီးမှ ပံ့ပိုးသည့် အချက်အလက်များအား ကျွမ်းကျင်ပညာရှင်၏ အကူအညီဖြင့် အပြီးသတ် ရေးသားပြုစုထားသည့် အစိုးရအစီရင်ခံစာအား အထက်အဆင့်ဆင့်သို့ အတည်ပြုချက်ရယူပြီးသည့်နောက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏အတွင်းရေးမှူးရုံးသို့ ပေးပို့သွားမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသို့ အစီရင်ခံစာနှစ်စောင်အား ဖြန့်ဝေသွားမည်ဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အတွင်းရေးမှူးရုံးမှ တစ်ဆင့် အဖွဲ့ဝင်နိုင်ငံများက မေးမြန်းလာသည့် မေးခွန်းများကို လက်ခံရယူသွားမည်ဖြစ်သည်။ အဆိုပါမေးခွန်းများအား သက်ဆိုင်ရာဌာနအသီးသီးသို့ ပေးပို့ခြင်း၊ ကဏ္ဍအလိုက် ဌာနအသီးသီးနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ကျွမ်းကျင်ပညာရှင်၏ အကူအညီဖြင့် စနစ်တကျပြုစုပြီးနောက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများသို့ မေးခွန်းများ၏ အဖြေများကို ပေးပို့သွားမည်ဖြစ်သည်။

အဓိကအစီအစဉ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံး၌ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒလေ့လာဆန်းစစ်ခြင်းအစည်းအဝေးကျင်းပသွားမည်ဖြစ်ပြီး ယင်းအစည်းအဝေးသို့ သက်ဆိုင်ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်နိုင်ရေး လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ် အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် ဝန်ကြီးဌာနတွင်း ဦးဆောင်လုပ်ငန်းအဖွဲ့(Core Team) ဖွဲ့စည်းခြင်း၊ ဦးဆောင်လုပ်ငန်းအဖွဲ့ဝင်များဖြင့် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းမှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းစဉ်များအား သတ်မှတ်အချိန်ဇယားဖြင့် စနစ်တကျ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ် သည် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများကြား မြန်မာနိုင်ငံ၏ ကောင်းမွန်သောပုံရိပ်အား ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ထုတ်ဖော်ပြသသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

♦

မြန်မာ့ဆိပ်ကမ်းတွင် ၂၉.၈.၂၀၁၉ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

ဆိပ်ကမ်းအမည်	သင်္ဘောအမည်	ကုန်တင်/ကုန်ချအခြေအနေ
ကြည်မြင့်တိုင်ဆိပ်ကမ်း	- MT PRIMROSE	P'Oil(In Bulk) ၄၃၀၀ ချရန်
မြန်မာနိုင်ဂရူဆိပ်ကမ်း	- MT VL 21	P'Oil(In Bulk) ၄၉၀၀ ချရန်
ထီးတန်းဆိပ်ကမ်း(၁)	- UNI ANGEL	TEU 615 တင် TEU 779 ချဆဲ
ထီးတန်းဆိပ်ကမ်း(၂)	- KOTA HADIAH	TEU 995 တင် TEU 703 ချဆဲ
အေးရားဝေါလ်ဆိပ်ကမ်း(၁)	- ISEACO GENESIS	TEU 804 တင် TEU585 ချဆဲ
အလုံဆိပ်ကမ်း(၃)	- CAPE FLOWER	Sea Bass ၂၉၅ ချဆဲ (အလုပ်မလုပ်)
ဆူးလေဆိပ်ကမ်း(၇)	- ALEA	ဆန်တန် ၂၂၀၀၀ တင်ဆဲ
MIPL ဆိပ်ကမ်း	- MV .COSMIC TIGER	90 PKG Construction Project ၉၀ တင်ဆဲ
သီလဝါဆိပ်ကမ်း(၃)	- CETUS STAR	Coal(In Bulk) , ၂၅၅၀၀ ချရန်
သီလဝါဆိပ်ကမ်း(၅)	- TRAMONTANA	Steel Product ၂၃၅၄ တင်ဆဲ
သီလဝါဆိပ်ကမ်းသစ် (၁)	- KENG TUNG	Steel Bar & Wire ၁၀၅၅၉ ချဆဲ
သီလဝါဆိပ်ကမ်းသစ် (၂)	- UNIPROFIT	D'Bars,H'Beam,Wire Rods ၈၁၂၆ ချဆဲ X,Block ၁၉၂၀ တင်ဆဲ
ELITE JETTY	- MT.KIRANA SAPTA	MOGAS 92 Ron ၁၆၁၄၀ ချဆဲ

(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

သင်္ဘောအမည်	ကုန်အမျိုးအစား	လာ/သွားရောက်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
SUN SHINE	X Block ၁၅၉၇ တင်ရန်	TMIT	၂၉.၈.၂၀၁၉
MOON LIGHT	X Block ၁၉၂၀ တင်ရန်	-	၃၀.၈.၂၀၁၉
APUANAD	Clinker(In Bulk), ၂၅၀၀၀ ချရန်	MALAYSIA	၃၁.၈.၂၀၁၉
HAI YI	Vehicle & G/C, ၂၄၅ ချရန်	CHINA	၃၁.၈.၂၀၁၉
DOLPHIN STAR	Z Unite Military Truck ၇၀ ချရန်	UK RAINE	၃၁.၈.၂၀၁၉
NORWID	G/C& AmmoniumNitrate ၁၂၆၀၀ ချရန်	CHINA	၃.၉.၂၀၁၉
VIKING EMERALD	Unite Vehicle (RO/RO) ၅၁၉ ချရန်	JAPAN	၄.၉.၂၀၁၉
EVANS	Steel Product ၁၆၀၀၀ ချရန်	CHINA	၆.၉.၂၀၁၉
SHENG AN HAI	Steel ၂၉၃၀၅ ချရန်	CHINA	၆.၉.၂၀၁၉

(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

သင်္ဘောအမည်	လာမည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
OCEAN PROBE	SINGAPORE	စက်မှုဆိပ်ကမ်း	၂.၉.၂၀၁၉
MAERSK WOLGAST	SINGAPORE	စက်မှု /ဗိုလ်အောင်ကျော်ဆိပ်ကမ်း	၃၀.၈.၂၀၁၉
AREZOO	SINGAPORE	သီလဝါဆိပ်ကမ်း	၃၁.၈.၂၀၁၉
ALS SATSUKI	SINGAPORE	စက်မှု/သီလဝါဆိပ်ကမ်း	၃၁.၈.၂၀၁၉
LILY QUEEN	SINGAPORE	အေးရားဝေါလ်ဆိပ်ကမ်း	၃၁.၈.၂၀၁၉
SINAR BANDUNG	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၃၁.၈.၂၀၁၉
CAPE FLORES	SINGAPORE	အေးရားဝေါလ်ဆိပ်ကမ်း	၃၁.၈.၂၀၁၉
KUO HSIUNG	SINGAPORE	အေးရားဝေါလ်ဆိပ်ကမ်း	၃၁.၈.၂၀၁၉

(ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

သင်္ဘောအမည်	ကုန်ပစ္စည်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ရောက်မည့်သန့်မှန်းရက်
MT.SENNA	LPG GAS	ELITE JETTY	၂.၉.၂၀၁၉
MT.OCEAN MANTA	MOGAS (92Ron)	MMTM JETTY	၃၀.၈.၂၀၁၉
MT.CHAO ANOMA	P.Oil(In Bulk)	INDONESIA	၃၁.၈.၂၀၁၉
MT.SKLINE-1	P.Oil(In Bulk)	INDONESIA	၃၁.၈.၂၀၁၉
MT.YU HAI	MOGAS (92Ron)	SINGAPORE	၃၁.၈.၂၀၁၉
MT.POLE STAR	P.Oil(In Bulk)	INDONESIA	၃၁.၈.၂၀၁၉
MT.OCEAN SEAL	MOGAS (92Ron)	SINGAPORE	၃၁.၈.၂၀၁၉
MT.MESON	P.Oil(In Bulk)	INDONESIA	၃၁.၈.၂၀၁၉
MT.ORCA PACIFIC	Diesel	INDONESIA	၁.၉.၂၀၁၉
MT.YU HAI	Diesel+MOGAS (92Ron)	SINGAPORE	၁.၉.၂၀၁၉
MT.CON CORD	P.Oil(In Bulk)	INDONESIA	၄.၉.၂၀၁၉
MT.CHAO ANOMA	P.Oil(In Bulk)	INDONESIA	၄.၉.၂၀၁၉

ကြက်သွန်နီ/ဖြူ

ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် မိုးစိုက်(ဥစိုက်) ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေပြီး မြန်မာပြည်အနှံ့ တင်ပို့လျက်ရှိ

ယခုတစ်ပတ် ပခုက္ကူခရိုင်အတွင်းသို့ မိုးစိုက်(ဥစိုက်) ကြက်သွန်နီအသစ်များလှိုင်လှိုင်ဝင် ရောက်နေသည်။ ကြက်သွန်နီ စိုက်ပျိုးထွက်ရှိရာဒေသများဖြစ်သော ပေါက်၊ ရေပြာ၊ ကမ္မ၊ ရေပြာနယ်များနှင့် ပခုက္ကူကျွန်းများမှ ကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ နေ့စဉ်ကုန်ချိန် တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်နေသည်။ ပခုက္ကူကျွန်းများမှ မြိတ်စားကြက်သွန်နီများ တစ်ဆယ်ကျပ်သားတစ်စည်းလျှင် ၇၅ ကျပ်မှ ၁၀၀ ဈေးဖြင့် ပခုက္ကူမြို့မဈေးနှင့် အမှတ်(၂)ဈေးတို့တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကြက်သွန်နီ ကုန်ဝယ်ဒိုင်၏ လက်ကားဈေးနှုန်းများမှာ ထိပ်စတစ်ပိသာလျှင် ၇၁၅-၇၂၅-၇၃၅ ကျပ်၊ အလတ်စ တစ်ပိသာလျှင် ကျပ် ၅၀၀-၅၅၀၊ အနိမ့်စ တစ်ပိသာလျှင်ကျပ် ၁၀၀-၂၀၀-၃၀၀ ဈေးဖြင့် ကုန်ချိန် စ၀၀၀၀ မှ ၁၃စ၀၀၀ ခန့် ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအ၀ယ်ဖြစ်လျက်ရှိပြီး မန္တလေး၊ ရန်ကုန်နှင့် မြန်မာပြည်အောက်ပိုင်ဒေသများသို့ တင်ပို့လျက်ရှိသည်။ ကြက်သွန်နီ စိုက် တောင်သူများအနေဖြင့်လည်း ယခုနှစ်တွင် ကြက်သွန်နီ ဈေးမကောင်းသော်လည်း ထိုက်သင့်သည့်အလျောက်အမြတ် အစွန်းရနေကြောင်းကိုလည်း ကြက်သွန်နီ စိုက်တောင်သူများ ထံမှ သိရသည်။

ဆိပ်ဖြူကုန်စည်ဒိုင်၏ ယခုတစ်ပတ် ကြက်သွန်နီ ဈေးနှုန်းမှာ ထိပ်စတစ်ပိသာလျှင် ကျပ် ၅၅၀၊ အလတ်စတစ်ပိသာလျှင် ၄၂၅ ကျပ်၊ အနိမ့်စတစ်ပိသာလျှင် ကျပ် ၃၀၀ ဈေးဖြင့် နေ့စဉ်ကုန်ချိန် ၁၅၀၀၀ ကျော် အရောင်းအ၀ယ်ဖြစ်နေပြီး ဆိပ်ဖြူဒေသမှထွက်ရှိသည့်ကြက်သွန်နီများကိုရန်ကုန်၊ မူဆယ်၊ မော်လမြိုင်၊ ပုသိမ်မြို့များသို့ ကုန်ချိန် တစ်သိန်းကျော် တင်ပို့လျက်ရှိကြောင်း သတင်းရရှိသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

အရောင်းအ၀ယ်ပုံမှန်ဖြစ်နေသည့် ကြက်သွန်နီ

သာယာ၀တီခရိုင်အတွင်းသို့ ပြည်၊ အောင်လံ၊ တောင်တွင်းဘက်မှ နေ့စဉ် ကြက်သွန်နီများစီး၀င်လျက်ရှိပြီး တစ်ရက်လျှင် ပိသာ ၃၀ ဝင်အိတ် ၁၀၀ ခန့်၀င်ရောက်ကာဈေးနှုန်းများမှာကြီး/လတ် တစ်ပိသာလျှင်ကျပ် ၁၂၀၀နှုန်းနှင့် အသေး တစ်ပိသာလျှင် ကျပ် ၁၀၀၀ ခန့်ထိရှိကာဈေးနှုန်းမှာအတက်အကျမရှိဘဲ ဈေးအေးနေပြီး အရောင်းအ၀ယ်မှာပုံမှန်သာရှိတယ်လို့ ဈေးကွက်လေ့လာမှုအရ သိရှိရသည်။

၀ေ၀ေဖြိုး(သာယာ၀တီ)

မန်ကျည်း

ပြည်မန်ကျည်းမှည့်ဈေး အနည်းငယ်မြင့်လာ

ဒေသတွင်းထွက်ရှိသည့် မန်ကျည်းမှည့်လက်ကျန်သည် ပွဲရုံလျှောင်လက်သမားများ လက်ဝယ်၌သာရှိခြင်းကြောင့် အခြားနယ်မှ (ကျောက်ပန်းတောင်း) ၀င်ရောက်လာသော မန်ကျည်းမှည့်ဈေးမှာ ဈေးအမြင့်ဖြင့် ၀င်လာပြီး ဒေသမန်ကျည်းမှည့်ဈေးမှာ အနည်းငယ်ဈေးမြင့်လာသည်။

ယခုတစ်ပတ် မန်ကျည်းမှည့်တစ်ပိသာ (ပွဲရုံ)ဈေးကျပ် ၂၂၀၀ နှင့် ကျောက်ပန်းတောင်းမန်ကျည်းမှည့် ကျပ် ၂၈၀၀ တို့ဖြစ်သည်။ ဒေသတွင်းလက်လီ တစ်ပိသာဈေးကျပ် ၂၅၀၀ နှင့် ကျောက်ပန်းတောင်း မန်ကျည်းမှည့်ကိုတော့ ၂၅ ကျပ်သားအထုပ်ငယ်များထုပ်ပြီး တစ်ထုပ်လျှင်ကျပ် ၉၀၀ ဈေးဖြင့် ရောင်းချကာ တစ်ပိသာလျှင် ကျပ် ၃၄၀၀ ဈေးတို့ဖြစ်သည်။

နီနီ၀င်း (ပြည်)

မန်ကျည်းစေ့ ပြန်လည်တင်ပို့

သြဂုတ် ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း မန်ကျည်းစေ့ ၃၆၀ ဒသမ ၆၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ကနေဒါ နိုင်ငံသို့ ၁၀ ဒသမ ၆၄ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၀၀နှင့် စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၅၀ တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် စင်ကာပူနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့သော မန်ကျည်း က ယခုတစ်ပတ်မှပြန်လည် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ မန်ကျည်းစေ့တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၉၀ ဝန်းကျင်ရရှိခဲ့ ကြောင်း သိရသည်။ ယခုတစ်ပတ်မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ၂၁၉၂ ဒေါ်လာ၀င်ငွေရရှိခဲ့သည်။

သီတာ၀င်း (DOT)

နှမ်း

အညာဒေသထွက် နှမ်းသစ် အဟောင်းဈေးအတိုင်းရနေ

မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့နယ်မှ နှမ်းများအသစ်ပေါ်နေပြီး အဟောင်းများနည်းတူဈေးရနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။မိုးရာသီစိုက်နှမ်းများစတင်၍ အသစ်ပေါ် နေပြီး ဒေသခံနှမ်းနက်တစ်တင်း ကျပ် ၉၃၀၀၀၊ ကျပ် ၉၀၀၀၀၊ နှမ်းနီတစ်တင်းကျပ် ၇၀၀၀၊ နှမ်းအဖြူ တစ်တင်းကျပ် ၆၅၀၀၀ ဈေးပေါက်ကြောင်း နှမ်းဈေးကွက်မှ သိရသည်။

ရေနံချောင်းမြို့နယ်၌နှမ်းများ အသစ်လှိုင်လှိုင်မပေါ်သေးကြောင်း၊ လက်ရှိ အ၀င်နည်းနေသေးကြောင်း သိရသည်။ ရေနံချောင်းမြို့နယ်တွင် နှမ်းစိုက်ဧက ၃၉၅၅၅ စိုက်ပျိုးထားကြောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆန်းညွှန့်(ရေနံချောင်း)

နန္တင်း

နန္တင်းတန်ချိန် ၁၆၀ ကျော် တင်ပို့

သြဂုတ် ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း နန္တင်း၁၆၈ ဒသမ ၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ယီမင်နိုင်ငံသို့ ၃၄ ဒသမ ၃ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၁၃၄ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ နန္တင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၉၃၀-၉၅၀ ဝန်းကျင်ရရှိခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နန္တင်း ၁၇၆ ဒသမ ၁၈ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၇ ဒသမ ၈၈ တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နန္တင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅၆၉၉၀ ဒေါ်လာ ၀င်ငွေရရှိခဲ့ကြောင်း သိရသည်။

သီတာ၀င်း(DOT)

ချင်း

ချင်းတင်ပို့မှု ဆက်တိုက်လျော့လာ

သြဂုတ် ၁၈ ရက်မှ ၂၄ ရက်သီတင်းပတ်အတွင်း ချင်း ၃၄၈ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံသို့ ၅၄ တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၉၄ ဒသမ ၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ချင်း ၆၄၁ ဒသမ ၅ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၂၉၃ တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်မှာလည်း ချင်းတင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့် ချင်းတင်ပို့မှု ဆက်တိုက် လျော့နည်းခဲ့ကြောင်းသိရသည်။ ချင်းတစ်တန်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀၀-၂၄၀ ရရှိခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၃၇၄၀ဒေါ်လာ၀င်ငွေရရှိခဲ့ကြောင်း သိရသည်။

သီတာ၀င်း(DOT)

အ၀ယ်လိုက်နေသည့် ပြည်ချင်း ဈေးတက်နေ

ယခုတစ်ပတ် ပြည်(ချင်း)ပွဲရုံများသို့ ချင်းတက်အိတ်များ ပုံမှန်၀င်ရောက်နေပြီး ချင်းထွက်ရှိရာ ရှမ်းပြည် (အောင်ပန်း)ဒေသများသို့ ကုန်သည်များ ကိုယ်တိုင်ဆင်းကာ အဆွဲများပြီး အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နေသဖြင့် သြဂုတ်လ ဒုတိယပတ်မှ စ၍ ချင်းဈေးပြန်တက်နေသည်ကို တွေ့ရသည်။

ပြည်ပွဲရုံများသို့ ၀င်ရောက်လာသော ချင်းအစိုအတက်များသည် အရည်အသွေးကောင်းခြင်းကြောင့် ပြည်တွင်းဒေသများဖြစ်သော ကြံခင်း၊ ပုသိမ်၊ ဟသ်ာတ၊ တောင်ကုတ်တို့ကလည်း အဆွဲများလျက်ရှိနေသည်။ ယခုတစ်ပတ် ပြည်(ချင်း)ဈေးနှုန်းတွေကတော့ (ပွဲရုံ)အိတ်ဆွဲဈေးကျပ် ၂၈၀၀-၃၀၀၀ နှင့် လက်ရွေး(အသန့်)ဈေးကျပ် ၃၃၀၀ တို့ဖြစ်သည်။ ဒေသတွင်း လက်လီဈေးများတွင် ချင်းတစ်ပိသာကျပ် ၃၈၀၀-၄၀၀၀ ဈေးတို့ဖြင့် ရောင်းချနေသည်။ ဓားလှီးချင်း(အဖတ်) တစ်ပိသာကျပ် ၄၀၀၀ ပေါက်လျက်ရှိသည်။

နီနီ၀င်း(ပြည်)

အာလူး

ဈေးအနည်းငယ် ကျဆင်းသွားသည့် အောင်ပန်းအာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ် အောင်ပန်းမြို့မှ အာလူးများ ၀င်ရောက်လျက်ရှိပြီး သြဂုတ် ၃၀ ရက်တွင် အောင်ပန်းမြို့မှ ၀င်ရောက်လာသော အာလူးတစ်ပိသာဈေးနှုန်းများမှာ အာလူးဆွဲ ကျပ် ၃၅၀၊ အာလူးA1 ကျပ် ၅၅၀၊ အာလူး OK ကျပ် ၆၅၀၊ အာလူး S1 ကျပ် ၈၅၀၊ အာလူး S2 ကျပ် ၉၀၀ တို့ဖြစ်သည်။ အောင်ပန်းအာလူးဈေးများမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် အာလူးဆွဲ ကျပ် ၁၅၀၊ အာလူး S1နှင့် S2 မှာ ကျပ် ၁၀၀၊ အာလူး OK နှင့် အာလူး A1 တို့မှာ ကျပ် ၂၀၀ ခန့်စီ ဈေးကျဆင်းခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ၀ယ်ယူခဲ့ကြကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အာလူး ၀င်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှကားအစီးအရေ ၁၄ စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးအရေ စုစုပေါင်း ၁၁၇ စီး ၀င်ရောက်ခဲ့ပြီး တစ်နေ့လျှင် ပျမ်းမျှ ပိသာချိန် ၈၇၇၅၀ ခန့်ဖြင့် တစ်ပတ်အတွင်း စုစုပေါင်းပိသာချိန် ၇၀ ၂၀၀၀ ၀င်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရှိရသည်။

ရွှေ၀ါထွန်း(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများမှသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့

[စိန်သံ]

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုကလည်း လွန်စွာပင် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်နေသည်။ စျေးကွက်စီးပွားရေးစနစ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာရေးအတွက် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရမည်ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းပြည်စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရန်အတွက် တွန်းအားပေးဆောင်ရွက်နေသလို ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ မြောက်မြားစွာ ဝင်ရောက်လာရေးအတွက်ကိုလည်း စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့နေရသည်။

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာ- ဂျပန်- အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ရန်ကုန်မြို့ Novotel Yangon Max Hotel တွင် သြဂုတ် ၂၀ ရက်က ကျင်းပခဲ့ရာ ယင်းဖိုရမ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ ဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဂျပန်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ အမေရိကန်ကုန်သည်ကြီးများအသင်း၊ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် အမေရိကန်စီးပွားရေးဝန်ဆောင်မှုအဖွဲ့တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ- ဂျပန်-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan-MSDP) နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း(Myanmar Investment Promotion Plan-MIPP) တို့အရ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများအားသိရှိနိုင်ရန်နှင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် စီးပွားရေးတိုးတက်မှုအမြင့်မားဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ကုမ္ပဏီသစ်များ၊ ပြည်တွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတွင်ကျယ်လာသည်ကို တွေ့နိုင်ကြောင်း၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံသည်ကို ကြိုဆိုကြောင်း၊ ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီပေါင်း ၁၀၈ ခုကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ကုမ္ပဏီ ထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သော ဆူဇုကီးနှင့် တိုယိုတာတို့အပြင် Yakult Probiotic Drink လုပ်ငန်းလည်း ပါဝင်ကြောင်းနှင့် မြန်မာ့စွမ်းအင်ကဏ္ဍတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ-ဂျပန်-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်၌ အဖွင့်အမှာစကား ပြောကြားရာတွင်ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ရာတွင် General Electric၊ Chevsron နှင့် ဖို့ဒ်ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက် လိုအပ်သည့် အရည်အသွေးရှိပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ Overseas Private Investment Corporation မှ မြန်မာနိုင်ငံ၏ အကြီးဆုံးဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Apollo Towers ကုမ္ပဏီမှတစ်ဆင့် မြန်မာ့ဆက်သွယ်ရေးအတွက် လိုအပ်လျက်ရှိသော တာဝါတိုင်ပေါင်း ၁၈၀၀ ကျော်ကို ရင်းနှီးမြှုပ်နှံခဲ့ကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ စာရင်းဇယားများအရ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများမှာ အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၇၉၆ သန်း အသီးသီးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အဆင်ပြေ လွယ်ကူချောမွေ့စေရေးအတွက် ဖြေလျှော့ပေးခြင်း၊ အွန်လိုင်းဖြင့် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) အား မိတ်ဆက်ခြင်းနှင့် စီမံချက်ဘဏ် (Project Bank)နှင့် မြေယာဘဏ်(Land Bank) တို့အကြောင်းကို အလေးထား ပြောကြားခဲ့ပြီး အဆိုပါ ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ် နှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၇၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအလားအလာများ တိုးတက်လာစေရေးအတွက် အစီအစဉ်တကျ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများကို အစိုးရပိုင်းတွင်သာမကဘဲ ပုဂ္ဂလိကကဏ္ဍများ တွင်လည်း ကြုံတွေ့နေရသည်။ ထပ်မံပြီးတော့လည်း ကြုံတွေ့လာရဖို့ ရှိနေပါသေးသည်။ ယင်းအခက်အခဲများ၊ စိန်ခေါ်မှုများကြားမှပင် အခွင့်အလမ်းအသစ်များနှင့် အခွင့်အလမ်းကောင်းများ ရရှိလာမည် ဖြစ်ပါသည်။

ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့စျေးကွက်၌ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရာတွင် စိန်ခေါ်မှုများ ကြုံတွေ့နေရသော်လည်း ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးမြှင့်ရန်နှင့် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအနေအထားအရ ဂျပန်နှင့် အမေရိကန်တို့သည် မြန်မာနိုင်ငံတွင် ပိုမိုတိုးတက်ရင်းနှီးမြှုပ်နှံလာရန် အလားအလာကောင်းများ ရှိနေသည်။ ထိုသို့ပြည်ပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ လိုလိုလားလား ဝင်ရောက်လာချိန်တွင် မြန်မာ အစိုးရဘက်ကလည်း တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် အထူး အလေးပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်ပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများမှသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများဆီသို့ ဦးတည်လျှောက်လှမ်းရမည့် အချိန်အခါကောင်းတစ်ရပ်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

♦

ယခုတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီ ၆၀၀၀၀ကျော်သာဝင်

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၃၆၆၅၇၇၅ တန်ဖိုးရှိ ဒီဇယ် ၄၁၆၀၆ တန်နှင့် အမေရိကန်ဒေါ်လာ ၉၇၇၈၄၆၃ တန်ဖိုးရှိ ဓာတ်ဆီ ၁၉၄၄၁ ဒသမ ၆၁ တန်၊ စုစုပေါင်း၆၁၀၄၇ ဒသမ ၆၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၅၁၆၀၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန်၁၀၀၀၀ကျော် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၁၂၄၆၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင်တန်ချိန် ၆၉၈၀ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်တင်သွင်းမှုလျော့နည်းခဲ့ပြီး ဓာတ်ဆီတင်သွင်းမှုပိုခဲ့ကြောင်း သိရသည်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၁၀၉၉၀ တန်ဖိုးရှိဓာတ်ဆီ ၁၀၁၉ ဒသမ ၇၈ တန်နှင့် အမေရိကန်ဒေါ်လာ၃၀၀၁၈၆ တန်ဖိုးရှိ ဒီဇယ် ၅၃၆ ဒသမ ၁၅ တန်တင်သွင်းခဲ့ကြောင်း သိရသည်။

သီတာဝင်း(DOT)

ပြည်တွင်းငွေလဲနှုန်း ကျဆင်းခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲစျေးကွက်သည် ဩဂုတ်လနောက်ဆုံးပတ်တွင် စျေးပြန်လည်ကျဆင်းခဲ့ကြောင်း ပြည်တွင်းငွေလဲစျေးကွက်မှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂၁ ကျပ်သတ်မှတ်ခဲ့ရာ ယခင်ရက်သတ္တပတ်စျေးနှုန်းအတိုင်း အပြောင်းအလဲမရှိခဲ့ပေ။

ပြည်တွင်းစျေးကွက်၌ အမေရိကန်ဒေါ်လာမှာ ရောင်းလိုအားရှိသော်လည်း ဝယ်လိုအားနည်းခဲ့၍ အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ရွှေစျေးအဆမတန်မြင့်တက်နေမှုကြောင့် ဒေါ်လာအပေါ် စိတ်ဝင်စားမှုလျော့ကျလာခဲ့ကြောင်း၊ နိုင်ငံတကာစျေးကွက်တွင်လည်း ရေနံစျေးတက်လာခြင်းနှင့်အတူ ဒေါ်လာစျေးငြိမ်သက်လာခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းစျေးကွက်တွင် ဩဂုတ် ၂၆ရက်က အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၅၁၄ကျပ်၊ဝယ်စျေး ၁၅၁၀ကျပ်မှ ဩဂုတ် ၂၈ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၅၁၈ ကျပ်၊ ဝယ်စျေး ၁၅၁၅ကျပ်သို့ ရောက်ရှိလာခဲ့ပြီး ဩဂုတ် ၃၀ရက်တွင် အမေရိ ကန်တစ်ဒေါ်လာရောင်းစျေး၁၅၂၁ကျပ်၊ ဝယ်စျေး ၁၅၁၇ကျပ်ရှိခဲ့ရာ ယခင်ရက်သတ္တပတ်စျေးနှုန်းများနှင့်နှိုင်းယှဉ်ပါက စျေးကျဆင်းခဲ့ကြောင်း သိရသည်။

သန်းထိုက်အောင်

ပြည်တွင်းရွှေစျေး ပြန်လည်မြင့်တက်

ပြည်တွင်းရွှေစျေးနှုန်းသည် ဩဂုတ်နောက်ဆုံးပတ်တွင် စျေးအဆမတန်မြင့်တက်ခဲ့ပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။ ယခင်ရက်သတ္တပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ် ၁၂၂၂၀၀၀ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ကျပ် ၁၂၆၁၀၀၀သို့မြင့်တက်ခဲ့ခြင်းဖြစ်သည်။

"ပြည်တွင်းရွှေစျေးက ရက်ပိုင်းအတွင်းမှာကို ဆတိုးခုနှစ်တက်သွားတယ်။ ဒါကြောင့်ပဲ ရွှေကုန်သည်တွေလည်းတော်တော်လေးစိုးရိမ်နေကြပုံမျိုးတွေ့ရတယ်။ ခုချိန်ကရွှေတူးတဲ့ရာသီလည်းမဟုတ်တော့ ပစ္စည်းလည်းရှားသလို စျေးကွက်မှာလည်း အဝယ်လိုက်တဲ့ပုံစံ မျိုးတွေ့ရတယ်။ နိုင်ငံတကာစျေးကွက်မှာတော့ ရွှေစျေးက နည်းနည်းပြန်ကျတယ်။ ရေနံစျေးကငြိမ်နေချိန်မှာပဲ အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲပြုလုပ်ဖို့ရှိလာတော့ ရွှေကပြန်ကျသွားတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေစျေးကွက်တွင် ဩဂုတ် ၂၆ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ်၁၂၃၉၀၀၀ရှိခဲ့ရာမှဩဂုတ် ၂၈ရက်တွင်အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ် ၁၂၅၆၀၀၀သို့မြင့်တက်ခဲ့သလို ဩဂုတ်၃၀ရက်တွင်ကျပ် ၁၂၆၁၀၀၀ ဖြင့် စျေးပိတ်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေစျေးကွက်မှာတော့တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ကျော်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဩဂုတ် ၂၆ရက်က ရွှေတစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၅၃၀ ဒေါ်လာရှိခဲ့ရာမှ ဩဂုတ် ၂၈ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၄၃ ဒေါ်လာသို့မြင့်တက်ခဲ့သော်လည်း ဩဂုတ်၃၀ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၅၂၄ဒေါ်လာဖြင့် စျေးပိတ်ခဲ့သည်။

သန်းထိုက်အောင်

Currency Exchange Rate

August 30, 2019
Base Currency is
United States Dollar - USD

Currency Unit		Units per USD
AUD	Australia Dollars	1.49
BDT	Bangladesh Taka	84.58
CAD	Canada Dollars	1.33
CNY	China Yuan Renminbi	7.15
EUR	Euro	0.90
H KD	Hong Kong Dollars	7.84
I NR	India Rupees	71.73
I DR	Indonesia Rupiahs	14227.79
JPY	Japan Yen	106.37
MYR	Malaysia	4.22
PKR	Pakistan Rupees	157.50
PHP	Philippines Pesos	52.14
RUB	Russia Rubles	66.66
SGD	Singapore Dollars	1.39
KRW	South Korea Won	1210.72
LKR	Sri Lanka Rupe	180.26
THB	Thailand Baht	30.63
GBP	United Kingdom Pounds	0.82
VND	VietnamDon	23211.39

Source:xe.com

World Gold Price

August- 2019 **(USD/OZ)**

Date	NY	London	Zurich
26	1534	1533	1533
27	1533	1529	1530
28	1545	1542	1541
29	1549	1547	1547
30	1533	1532	1532

Domestic Gold Price

Kyats(Thousand)

Date	Yangon	Mandalay
26-8- 2019	1245.00	1246.00
27-8- 2019	1234.00	1234.00
28-8- 2019	1249.00	1249.00
29-8- 2019	1258.00	1260.00
30-8- 2019	1256.00	1254.00

နယ်စပ်ငွေလဲလုယ်နှုန်း

ဩဂုတ်လ ၂၀၁၉ (1US$)

ရက်	တရုတ် (ယွမ်)	ထိုင်း (ဘတ်)	ဘင်္ဂလားဒေ့ရှ် (တကာ)	အိန္ဒိယ (ရူပီး)
26	7.15	30.59	83.76	72.20
27	7.16	30.61	84.61	71.82
28	7.16	30.65	84.59	71.68
29	7.17	30.64	84.52	72.02
30	7.15	30.63	84.58	71.73

TMHကုမ္ပဏီ၏ တတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ပြုလုပ်မည်

TMH Telecom Public Co., Ltd.(TMH)၏တတိယအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို စက်တင်ဘာ ၂၂ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Novotel Yangon Max ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုအစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုရန်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို အတည်ပြုရန်၊ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျတာဝန်ထမ်းဆောင်ခြင်းနှင့်ပြန်လည်ရွေးချယ်ခံရမှုကို အတည်ပြုရန်၊ U Tin Latt and Associatesအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ်ခန့်အပ်မှုကိုအတည်ပြုရန်စသည့် ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

TMH ကုမ္ပဏီသည်ဆက်သွယ်ရေးတာဝါစက်ခန်းများ တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း၊ ဖိုင်ဘာဆက်ကြောင်း ပြုပြင်ထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်းနှင့်ဖုန်းငွေဖြည့်ကတ်ထုတ်လုပ်ခြင်းလုပ်ငန်း အစရှိသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

TMHကုမ္ပဏီကို ၂၀၀၇ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီဖြစ်လာခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အစုရှယ်ယာရှင် ၈၀၀ကျော်ရှိကာ ရန်ကုန်စတော့အိတ်ချိန်း၏ Market Capitalization အရ စျေးကွက်တန်ဖိုးကျပ် ၃၆ ဘီလီယံခန့်ရှိကြောင်း သိရသည်။

သန်းထိုက်အောင်

မွန်ပြည်နယ်၏ အမယ်သစ်ထုတ်ကုန် ၀၃ စိုက်ပျိုးထုတ်လုပ်မှု

၀ဥသည် စိုက်ပျိုးရလွယ်ကူသည့် သီးနှံတစ်မျိုးဖြစ်ပြီး တစ်နှစ်မြေရိုင်းရှင်းပြီးလျှင် နောက်နှစ်များတွင် တောခုတ်ရှင်းလင်းစရိတ်များ သက်သာကာ ၎င်းမြေကို နှစ်စဉ်အသုံးပြုစိုက်ပျိုးနိုင်သည်။ လက်ရှိအချိန်တွင် တစ်ဧက စိုက်ပျိုးကုန်ကျစရိတ်မှာ ကျပ်ကိုးသိန်းခန့်ရှိ၍ ၀င်ငွေမှာ ၁၉ သိန်းရှိရာ တစ်ဧကစိုက်လျှင် ကျပ် ၁၀ သိန်းခန့်အမြတ်ရရှိနိုင်သဖြင့် တောင်သူများ အနေဖြင့် တွက်ခြေကိုက်သည့် သီးနှံအမယ်သစ်တစ်ခုအဖြစ် စိုက်ပျိုးလာကြသည်။

မွန်ပြည်နယ်တွင် လက်ရှိ၀ဥအခြောက်ခံသည့်စက်ရုံပေါင်းသုံးရုံရှိနေပြီး ထပ်မံ၍ မော်လမြိုင်မြို့ ကျောက်တန်းစက်ရုံနယ်မြေတွင် တစ်ရက်တန်၃၀ ကျ စက်ရုံနှစ်ရုံ ထပ်မံတည်ဆောက်လျက်ရှိကြောင်း၊ ၀ဥအခြောက်ခံသည့်စက်ရုံများအနေဖြင့် ကုန်ကြမ်းလိုအပ်ချက်ရှိနေပြီး ၀ဥအစိုကုန်ကြမ်းများကို မွန်ပြည်နယ်အတွင်းရှိ ဒေသများအပြင် ပဲခူးတိုင်း ရွှေကျင်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး၊ တနင်္သာရီတိုင်းတို့မှ စုဆောင်း၀ယ်ယူခြင်းတို့ ဆောင်ရွက်လျက်ရှိရာ လက်ရှိစက်ရုံအရောက်စျေးနှုန်းမှာ ၀ဥအစိုတစ်ပိသာလျှင် ကျပ်၁၃၅၀ မှ ၁၄၅၀ ကြားထိရှိကြောင်း၊ စက်ရုံလုပ်ငန်းရှင်များအနေဖြင့် မွန်၊ ကရင်၊ တနင်္သာရီဒေသထွက် ၀ဥများသည် အရည်အသွေးပိုမိုကောင်းမွန်၍ စျေးကောင်းပေးဝယ်ယူကြကြောင်းသိရှိရသည်။

၀ဥအခြောက်ခံသည့်စက်ရုံများအနေဖြင့် တစ်နေ့လျှင် ၀ဥအစိုတန်ချိန် (၃၀-၃၅) တန်နှုန်းဖြင့် အခြောက်ခံလျက်ရှိပြီး အခြောက်ခံ၍ ထွက်ရှိလာသော ၀ဥများကို ရန်ကုန်သို့သယ်ဆောင်အမှုန့်ကြိတ်၍ ဂျပန်နိုင်ငံသို့ တင်ပို့ခြင်း၊ မော်လမြိုင်-မန္တလေး-မူဆယ်လမ်းကြောင်းမှ တစ်ဆင့်တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

မိုးမိုး(မွန်)

Energy NYMEX 30-8-2019

	Price	Change	Change %
WTI Crude Future (USD/bbl.)	56.26	-0.45	-0.79
Brent Crude Futr (USD/bbl)	60.76	-0.32	-0.52
Gasoline Rbob Fut (Cent/gal)	168.27	-0.20	-0.12
Natural Gas Futr (USD/MMBtu)	2.28	-0.01	-0.61
Heating Oil Futr (Cent/gal)	186.00	-0.40	-0.21

World Metal Price (US$)

Date	Silver/Oz	Zinc/Ton	Aluminium/Ton	Copper/Ton	Platinum/Oz
26-August	17.59	2231.77	1734.77	5715.41	858.00
27-August	17.66	2234.42	1730.58	5729.52	855.00
28-August	18.25	2277.83	1729.48	5702.19	868.00
29-August	18.45	2267.70	1717.36	5674.64	910.00
30-August	18.32	2271.00	1722.87	5669.79	922.00

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဘိလပ်မြေ

ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၀၀ကျော်ဝင်

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၄၄၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန်၅၀ ကျော်သာအဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၅၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၆၃၆၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၉၆၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၂၅၉၀ ကျော်အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့သည်။

ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

တောင်ကြီးဘိလပ်မြေဈေးကွက်၌ ယခုရက်ပိုင်း အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် အေသုံးလုံး၊ ကျားခေါင်းနှင့် စိန်ဘိလပ်မြေများ ပစ္စည်းပြတ်နေပြီး အပါချီနှင့် ကမ္ဘောဇဘိလပ်မြေက ကျပ် ၂၀၀၊ ကြံ့ဘိလပ်မြေက ကျပ်၃၀၀ ဈေးကျလာကြောင်းသိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၂၀၀၊ ကမ္ဘောဇ ကျပ် ၅၀၀၀၊ ကြံ့ကျပ်၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

မန္တလေးဘိလပ်မြေဈေးကွက်၌ ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ် ခရောင်းဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၀၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ခရောင်း (၅၂၅) ကျပ် ၅၅၀၀၊ ခရောင်း(၄၂၅)ကျပ် ၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မကွေးဘိလပ်မြေဈေးကွက်၌ အရောင်းအဝယ်ပုံမှန်ရှိကြောင်း အိမ်ဆောက်ပစ္စည်းဆိုင်မှ ဝန်ထမ်းတစ်ဦးကပြောသည်။ ယခုတစ်ပတ် အပါချီနှင့် ကြံ့ဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၄၀၀၊ ဆင် (ထိုင်း)ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၄၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ်၅၆၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

မော်လမြိုင်ဘိလပ်မြေဈေးကွက်၌ အရောင်းအဝယ်ပါးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၃၅၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၅၃၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

ဓာတ်မြေသြဇာ

ယခုတစ်ပတ် မြေသြဇာတန်ချိန် ၁၀၀၀၀ကျော်ဝင်

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၆၁၄၁ တန်ဖိုးရှိ မြေသြဇာ ၁၁၀၀၆ ဒသမ ၅၆၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၂၉၂ ဒသမ ၅ တန်၊ တရုတ်နိုင်ငံမှ ၂၃၄၁ ဒသမ ၇၇၅ တန်၊ အီဂျစ်နိုင်ငံမှ ၁၀၃၀ ဒသမ ၂၉တန်၊ ဂျာမနီနိုင်ငံမှ ၁၀၅၃ တန်၊ ကိုရီးယားနိုင်ငံမှ ၉၁၁ ဒသမ ၀၆ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၃၅၀၊ မက္ကဆီကိုနိုင်ငံမှ ၄ ဒသမ ၄၄၈ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၁၀၁၃ ဒသမ ၅၄ တန်၊ ထိုင်းနိုင်ငံမှ ၁၄၈၀ ဒသမ ၃၁ တန်နှင့် ဗီယက်နမ်နိုင်ငံမှ ၅၂၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဘီလာရုစ်နိုင်ငံမှ ဒုတိယအများဆုံးတင်သွင်းခဲ့ကြောင်း သိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ ဖော့စဖိတ်၊ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(သီးစုံ)နှင့် ကွန်ပေါင်း(၁၆းစားစ) တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၂၂၃၆၀ ကျော် အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၁၃၅၀ ကျော် အဝင်လျော့ခဲ့ကြောင်းသိရသည်။

မန္တလေးမြေသြဇာဈေးကွက် အရောင်းအား

ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၇၇၉၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၁၀၈၅၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၃၀၅၀ ကျော် အဝင်လျော့ခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မကွေးနှင့်မန္တလေးတို့၌ အရောင်းပုံမှန်ရှိပြီး မော်လမြိုင်နှင့် တောင်ကြီးတွင် အရောင်းပါးကြောင်းသိရသည်။

တောင်ကြီးဈေးကွက်၌ အရောင်းအဝယ်အေးကြောင်းသိရသည်။ ယခုတစ်ပတ် ဓာတ်ဆားက ကျပ် ၁၀၀၀၊ ယူရီးယား(ယူအေအီး)က ကျပ် ၂၀၀၀ ဈေးကျကာ ပိုတက်(တရုတ်)က ကျပ် ၅၀၀၊ မြားကမ္ဘာက ကျပ် ၃၀၀ ဈေးမြင့်လာပြီး ကျန်မြေသြဇာများက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၅၃၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ်၁၇၀၀၀၊ပိုတက် (တရုတ်)ကျပ် ၂၉၀၀၀၊ ယူရီးယား(ယူအေအီး)ကျပ် ၂၇၀၀၀၊ မြားကမ္ဘာကျပ်၁၉၀၀၀၊ ပုလဲ-မြင်းပျံ ကျပ် ၂၉၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ်၆၀၀၀ဈေးဖြင့်အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရသည်။

မကွေးဈေးကွက်၌ယခုအချိန်သည်နှမ်းစိုက်ပျိုးသောအချိန်ဖြစ်ခြင်းကြောင့် အရောင်းအဝယ်များ ပုံမှန်ထက် ကောင်းလာကြောင်း သိရသည်။ အရောင်းအဝယ်ကောင်းသော်လည်း ယခုတစ်ပတ်မှာ ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂းဝ၃) ကျပ် ၁၈၇၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၇၀၀၊အာမိုး ၁၅း၁၅း၁၅ကျပ် ၄၀၂၀၀၊ အာမိုး ၁၆း၁၆း၈ ကျပ် ၃၇၂၀၀၊ အာမိုး ၁၀း၁၀း၅ ကျပ် ၂၀၃၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၈၇၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၈၇၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ မြားကမ္ဘာ(၁၅းဂုး၈) ကျပ် ၂၃၇၀၀၊ တီစူပါက ကျပ် ၂၄၇၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၈၇၀၀၊ တက်တိုးကျပ် ၂၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မန္တလေးဈေးကွက်၌ ယခုရက်ပိုင်းမိုးရလာသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်လာသောကြောင့် မြေသြဇာအရောင်းများ နည်းနည်းတက်လာကြောင်း သိရသည်။ ယခုတစ်ပတ် မြားသီးစုံက ကျပ် ၆၀၀၊ အာမိုး (၁၅)ပတ်လည်က ကျပ် ၇၀၀ ဈေးကျပြီး ပိုတက်က ကျပ် ၄၀၀ ၊ မြားကမ္ဘာ (၁၅းဂုး၈)က ကျပ် ၅၀၀ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ဈေးကွက်ထဲတီစူပါ(၄၆%)(တရုတ်)နှင့် အာမိုး(တရုတ်)မြေသြဇာများပစ္စည်းပြတ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၇၃၀၀၊ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၂၇၃၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၃ ၂၀၀၊ မြားသီးစုံ ကျပ် ၁၇၅၀၀၊ ပန်းသီးစုံ ကျပ် ၁၇၈၀၀၊ အာမိုး ၁၀း၁၀း၅ ကျပ် ၁၉၀၀၀၊ အာမိုး(၁၆း၁၆း ၈)ကျပ် ၁၆၅၀၀၊အာမိုး ၁၅း၁၅း၁၅ကျပ် ၃၉၃၀၀၊ ပိုတက် ကျပ် ၂၈၀၀၀၊ မြားကမ္ဘာ (၁၅းဂုး၈)က ကျပ်၂၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

နှီဆီ/နှီမှုန့်

နှီဆီတန်ချိန် ၅၀၀နီးပါးနှင့် နှီမှုန့်တန်ချိန် ၃၀၀နီးပါးဝင်

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ၆၅၆၄၄၄၂ တန်ဖိုးရှိ နှီဆီ၄၈၆ ဒသမ ၀၉၆တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ ၄၈၁ ဒသမ ၅၃၆ တန်နှင့် ဗီယက်နမ်နိုင်ငံမှ ၄ ဒသမ၅၆၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် တင်သွင်းခဲ့သည့်တံဆိပ်များမှာ အိုကေ၊ ဒွန်းနှင့် Southern Star တို့ဖြစ်ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နှီဆီတန်ချိန် ၄၀ ကျော်သာ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၄၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၈၈၅၀၅၈ တန်ဖိုးရှိ နှီမှုန့် ၂၉၆ ဒသမ ၂၀ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နှီမှုန့်၂၂၅ ဒသမ ၇၅ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၇၀ ဒသမ ၄၅ တန် ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နှီဆီရောနှီမှုန့်ပါ တင်သွင်းမှုပိုခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၈ မှ ၂၃/၈	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၈ မှ ၁၆/၈	နှိုင်းယှဉ်ချက် (ပို/လို) +/-
၁။	မူဆယ်	၁၃၊၉၅၅	၇၂၊၃၀	(-) ၅၈၊၃၅
၂။	လွယ်ဂျယ်	-	-	-
၃။	ချင်းရှေဟော်	-	-	-
၄။	ကန်ပိုက်တီ	-	၂၄၀၊၀၀	(-) ၂၄၀၊၀၀
၅။	တာချီလိတ်	၆၃၀၀၊၀၀	၂၆၀၀၊၀၀	(+) ၃၇၀၀၊၀၀
၆။	မြဝတီ	-	-	-
၇။	ကောဇောင်း	၅၀၊၀၀	-	(+) ၅၀၊၀၀
၈။	မြိတ်	-	၆၀၅၀၊၀၀	(-) ၆၀၅၀၊၀၀
	စုစုပေါင်း	၆၃၆၃၊၉၅	၈၉၆၂၊၃၀	(-) ၂၅၉၈၊၃၅

မော်မော်အောင်

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၈ မှ ၂၃/၈	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၈ မှ ၁၆/၈	နှိုင်းယှဉ်ချက် (ပို/လို) +/-
၁။	မူဆယ်	၆၅၀၊၀၀	-	(+) ၆၅၀၊၀၀
၂။	လွယ်ဂျယ်	၁၁၈၄၊၀၀	၄၂၀၊၀၀	(+) ၇၄၆၊၀၀
၃။	ချင်းရှေဟော်	-	၇၂၉၂၊၁၅	(-) ၇၂၉၂၊၁၅
၄။	ကန်ပိုက်တီ	၁၄၅၇၊၀၀	၁၆၃၂၊၀၀	(-) ၁၇၅၊၀၀
၅။	မြဝတီ	-	-	-
၆။	ကောဇောင်း	-	-	-
၇။	မြိတ်	-	-	-
၈။	ရိုဒ်	၄၅၀၀၊၀၀	၁၅၀၀၊၀၀	(+) ၃၀၀၀၊၀၀
၉။	တမူး	၁၅၊၇၉	-	(+) ၁၅၊၇၉
	စုစုပေါင်း	၇၇၉၆၊၇၉	၁၀၈၅၂၊၁၅	(-) ၃၀၅၅၊၃၆

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသောဖွံ့ဖြိုးမှုစီမံကိန်း

ငြိမ်းဝေနင်း(ကယား)

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် တည်ရှိပြီး အရှေ့တောင်အာရှကုန်းတွင်းပိုင်းတွင် မြေပြင်အနေအထားအရ အကြီးဆုံးဖြစ်၍ လူဦးရေ ၅၄ သန်းကျော်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရှိန်အဟုန်အမြင့်မားဆုံးဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံတစ်ခု၊ ဒေသတွင်းပထဝီအနေအထားအရသော်လည်းကောင်း၊ စီးပွားရေးနှင့်နိုင်ငံရေးအရသော်လည်းကောင်း အလွန်အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်နေပါသည်။ ယခု အခါဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ယင်းအတွက် အခွင့်အလမ်းများနှင့် အတူ စိန်ခေါ်မှုများကိုရင်ဆိုင်လျက်ရှိသည်။

မြန်မာနိုင်ငံအစိုးရသည် စီးပွားရေးပင်မ တွန်းအားဖြစ်သည့် သာတူညီမျှရှိ၍ အားလုံးပါဝင်နိုင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေးလျက်ရှိပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် အခြေခံအဆောက်အအုံစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းရှင်အဖြစ်မှ မူဘောင်ချမှတ်ကွပ်ကဲသူတာဝန်သို့ ကူးပြောင်းရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပတွင် ဆောင်ရွက်သော စီးပွားရေးအဖွဲ့အစည်းများအဖြစ်သို့ ပြောင်းလဲ၍ နောက်ဆုံးတွင် ရှယ်ယာများကိုပုဂ္ဂလိကသို့လွှဲပြောင်းပေးသည့် ကော်ပိုရေးရှင်းအသွင်ကူးပြောင်း ဆောင်ရွက်ရန်လည်း တွန်းအားပေးလျက်ရှိပါသည်။ ထိုကဲ့သို့ အကျိုးရလဒ်များရရှိရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ကြိုးပမ်းခြင်းအပြင် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဘက်ညီစွာရရှိနိုင်ရေးဦးတည်လျက် MSDP (Myanmar Sustainable Devel- opment) ကိုကမ္ဘာ့အဆင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်နှင့် အနီးစပ်ဆုံး ချိတ်ဆက်ရန် ရည်မှန်းလျက် MSDPကိုရှုထောင့်အားလုံးမှ အကောင်အထည်ဖော်ရာတွင် ဘက်ပေါင်းစုံရေရှည်တည်တံ့စေရေးကိုအားလုံးနှင့် သက်ဆိုင်သည့်ဦးတည်ချက်တစ်ခုအဖြစ် ထည့်သွင်းထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ သယံဇာတပေါကြွယ်ဝမှုသည် နိုင်ငံအတွက် အကျိုးအမြတ်များစွာကို ဆောင်ကြဉ်းပေးသကဲ့သို့ အခက်အခဲအချို့ကိုလည်း ရင်ဆိုင်လျက်ရှိသည်။ လူမှုရေး၊ ယဉ်ကျေးမှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်သည် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒနှင့်စီမံကိန်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို စနစ်တကျ အကောင်ထည်ဖော်ပြီး နောင်လာနောက်သားများအတွက် ပတ်ဝန်းကျင် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရမည်ဟူသော အယူအဆကိုဖော်ဆောင်နိုင်မည့် ကောင်းမွန်သည့်ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုစနစ်ကို အခိုင်အမာဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် သစ်တောပြုန်းတီးခြင်း၊ ဒီရေတောများပြုန်းတီးခြင်း၊ တရားမဝင် တောရိုင်းတိရစ္ဆာန်များရောင်းဝယ် ဖောက်ကားခြင်း၊ မူဘောင်မဲ့တွင်းထွက်ပစ္စည်းများ ထုတ်ယူခြင်း၊ လေထုနှင့်ရေထုညစ်ညမ်းခြင်း၊ စွန့်ပစ်ပစ္စည်း များပြားလာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ပိုမိုဆိုးရွားလာစေနိုင်ခြင်းယူဆချက်အပေါ် MSDPအား အခြေခံထားဆောင်ရွက်လျက်ရှိသည်။ နေရာအနှံ့တွင် ဖြစ်ပေါ်လျက်ရှိသည့် ကမ်းရိုးတန်းမုန်တိုင်းများ၊ ရေလွှမ်းမိုးခြင်းများနှင့် မိုးခေါင်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ်အများဆုံးခံနေရသော နိုင်ငံများတွင် မြန်မာနိုင်ငံအပါအဝင်တစ်ခုဖြစ်ပါသည်။ ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဘဝများသည်ပြောင်းလဲလာသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရရှိ၍ လုံခြုံမှု၊ စိတ်ချရမှုရှိစေရန် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအချက်ကိုလည်းဆောင်ရွက်လျက်ရှိပြီး ယင်းရာသီဥတုဆိုင်ရာထိခိုက်လွယ်မှုအားလုံးနှင့် ဆက်စပ်သက်ဆိုင်သည့် သဘောတရားတစ်ခုအဖြစ် ထည့်သွင်းထားပါသည်။

MSDPပါအချက်များကိုမဟာဗျူဟာအလိုက် လုပ်ငန်းစဉ်များ သတ်မှတ်ထားသည်။ လုပ်ငန်းစဉ်များသည် ဝန်ကြီးဌာနအလိုက်၊ ဦးစီးဌာနများအပါအဝင် သက်ဆိုင်သည့် အဖွဲ့အစည်းများမှ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည်များကို ဘက်ပေါင်းစုံခြုံငုံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ မဟာဗျူဟာနှင့်လုပ်ငန်းMSDPစဉ်များ အားလုံး၏အခြေခံမှာဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် စီးပွားရေးဆိုင်ရာအကျိုးကျေးဇူးများကို ကောင်းစွာအသိအမှတ်ပြုထားခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအားအကြီးဆုံးအင်ဂျင်ဖြစ်သည်။ MSDPကို မဏ္ဍိုင်သုံးရပ်၊ ပန်းတိုင်ငါးခု၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းအစီအစဉ် ၂၈၁ ခု တို့ဖြင့် ဖွဲ့စည်းထားသည်။

အချုပ်အားဖြင့် MSDPပါ အချက်များရရှိရေးအတွက် ပြည်သူအားလုံး၏ ပံ့ပိုးကူညီမှု၊ စွန့်ဦးတီထွင်လိုစိတ်၊ မဆုတ်မနစ် ကြံ့ကြံ့ခံစွမ်းရည်ဖြင့် အားလုံးပါဝင်သည့်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုသို့ လျှောက်လှမ်းရာတွင် ပုဂ္ဂလိကကဏ္ဍမှလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ လူတစ်ဦးချင်းစီ ရပိုင်ခွင့်များကို အလေးပေးဆောင်ရွက်ခြင်းနှင့် တရားဥပဒေစိုးမိုးခြင်းတို့သည် မူဝါဒ၏ အဆုံးသတ် ရလဒ်များဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ဆင်းရဲမှုမှလွတ်မြောက်၍ပြည်သူများနှင့် ထိုက်တန်သည့် ကြွယ်ဝချမ်းသာမှုကိုရရှိစေမည့် နည်းလမ်းများပင်ဖြစ်သည်။

"ငြိမ်းချမ်းသာယာ၍ သာယာဝ ပြောသည့် ဒီမိုကရေစီဖယ်ဒရယ်မြန်မာနိုင်ငံတော်"ဟူသည့် မျှော်မှန်းချက်နှင့်အညီ ပြည်သူအားလုံးပျော်ရွှင်သည့်ဘဝများတွင် ပြည့်ပြည့်ဝဝနေထိုင်သွားနိုင်ရန် လိုအပ်သည့်အရာများကို MSDPပါ အချက်များက ရှုမြင်ဖော်ဆောင်ပေး လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၈-၂၀၁၉)

ကျပ်/ပိဿာ

မြို့အမည်	ပဲဆီ			နှမ်းဆီ			စားအုန်းဆီ		
	ယာင်	ယခု	နှိုင်းယှဉ်ချက်	ယာင်	ယခု	နှိုင်းယှဉ်ချက်	ယာင်	ယခု	နှိုင်းယှဉ်ချက်
နေပြည်တော် (ပျဉ်းမနား)	၇၅၀၀	၇၅၀၀	□	၇၅၀၀	၇၅၀၀	□	၁၈၀၀	၁၈၀၀	□
ရန်ကုန်	၇၀၀၀	၇၀၀၀	□	၈၅၀၀	၈၅၀၀	□	၁၇၀၀	၁၇၀၀	□
မန္တလေး	၇၀၀၀	၇၀၀၀	□	၇,၂၀၀	၇,၂၀၀	□	၁၈၀၀	၁၈၀၀	□
မဲရူး	၆၆၀၀	၆၆၀၀	□	၆၆၀၀	၆၆၀၀	□	၁၈၀၀	၁၈၀၀	□
မကွေး	၆၅၅၀	၆၅၅၀	□	၇,၅၅၀	၇,၅၅၀	□	၁၇၀၀	၁၇၀၀	□
မုံရွာ	၇၀၀၀	၇၀၀၀	□	၅,၅၅၀	၅,၅၅၀	□	၁၆,၅၀	၁၆,၅၀	□
စစ်တွေ	၇၀၀၀	၇၀၀၀	□	၅,၅၅၀	၅,၅၅၀	□	၂,၂၀၀	၂,၂၀၀	□

မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၈-၂၀၁၉ US$/Ton

အမျိုးအစား	သြဂုတ်တတိယပတ်	သြဂုတ်စတုတ္ထပတ်	နှိုင်းယှဉ်ချက်
RBD P.Oil	၅၃၇.၀၀	၅၃၄.၀၀	▽
RBD P.Olein	၅၄၁.၅၀	၅၄၀.၀၀	▽
RBD P.Stearin	၅၃၀.၅၀	၅၃၁.၀၀	△

Source: bepi.mpob

ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၀-၈-၂၀၁၉) ရက်

အကြောင်းအရာ	တွက်ချက်နှုန်း	တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax
CIF ဈေး	(CIFx USD)/ 612	၁၄,၅၃၁.၉၀
FDA ထောက်ခံစာ	58 .20/ 612	၀.၁၀
သွင်းကုန်လိုင်စင်ကြေး	50/ 612	၀.၀၈
L/C စရိတ်	(CIF x 0.25% x USD)/612	၃.၆၃
Bill စရိတ်	(CIF x 0.50% x USD)/612	၇.၂၈
စားအုန်းဆီအလျှော့	0.5% x လက်ကားဈေး	၇.၇၀
ဆီကန်သိုလှောင်ထိန်းသိမ်းခ	5/ -1%	၄.၉၅
ကုန်သွယ်လုပ်ငန်းခွန်	(FOB x USD x 1.0 x 5%)/612	၈၃.၅၁
ဆိပ်ကမ်းခွန်	(50000/ 1000)/612	၀.၀၈
MITS စစ်ဆေးခ (FDA အပါအဝင်)		၀.၆၀
အမြတ်ခွန်	(CIF x 35/-)/ 612	၃၃.၄၆
ဆိပ်ကမ်းကပ်ခ	(3x USD)/ 612	၇.၄၆
ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး		၁၆၀၂.၇၂၆

မှတ်ချက်။ ၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၈-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 585 ဒေါ်လာနှင့် USD ဈေး ၁၅၂၁ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၃၀-၈-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၂၁ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

ရေနံချောင်းမြို့၌ ကားကြီးကွင်းတည်ဆောက်မည်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၌ ကားကြီးကွင်းတည်ဆောက်ရေးလုပ်ငန်းကိုကျပ်သိန်း ၇၅၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

'ကားကြီးကွင်းမှာ ရေနံချောင်းမြို့တွင်း ကုန်းရပ်ကွက်အနီးရှိ အကျယ်အဝန်း ၁၀ ဧကဝန်းကျင်ရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကော်မတီဖွဲ့ထားပြီး ယင်းကော်မတီ၏ဆုံးဖြတ်ချက်များဖြင့်ဆောင်ရွက်ပါမယ်။ ငွေကတော့CSRရန်ပုံငွေစည်ပင်သာယာရေးအဖွဲ့လုပ်ငန်းပြောင်းရန်ပုံငွေနှစ်ခုနဲ့ လုပ်ကိုင်ဖို့ရှိပါတယ်'ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းက ပြောသည်။

အဆိုပါကားကြီးကွင်းကို CSR ရန်ပုံငွေမှ ကျပ်သိန်း ၅၅၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျပ်သိန်း ၂၀၀ စုစုပေါင်းကျပ်သိန်း ၇၅၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဆန်းညွှန့်(ရေနံချောင်း)**

မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းများ ကနဦးခြေလှမ်း

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ Glorious Monywa Hotel ၌ သြဂုတ် ၂၁ ရက်က အာရှဖောင်ဒေးရှင်းနှင့် DaNa Facility တို့ဦးဆောင်ကျင်းပခဲ့သည့် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း (Myanmar Business Environment Index - MBEI) စာတမ်းကောက်ယူခြင်းနှင့်တွေ့ရှိချက်များအား ရှင်းလင်းခြင်း အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အရာထမ်းများ တက်ရောက်ကြောင်း သိရသည်။

အခမ်းအနားတွင် DaNa Facility မှ ဦးလင်းမောင်မောင်က ကုန်သွယ်မှုယှဉ်ပြိုင်နိုင်စွမ်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အာရှဖောင်ဒေရှင်းမှ စီးပွားရေးပညာရှင် ဦးဥာဏ်ဝင်းက မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးမှုများမှာ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်းသည် မြန်မာနိုင်ငံ၏ ဒေသန္တရစီးပွားရေးဝန်းကျင်ကို လေ့လာသုံးသပ်ပြီး တိုးတက်ကောင်းမွန်စေရန် အထူးလိုက်လျောညီထွေစွာ ဖော်ဆောင်ထားသည့် စစ်တမ်းကောက်ယူမှုအစီအစဉ်တစ်ခုဖြစ်ပြီး ညွှန်းကိန်းဖော်ထုတ်နိုင်ရန်အတွက် အာရှဖောင်ဒေးရှင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေမှ လုပ်ငန်းပေါင်း ၅၀၀၀ နီးပါးကို လိုင်စင်ပြုလုပ်ခြင်း၊ မြေယာအသုံးချနိုင်မှုအစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့် အခြားအကြောင်းအရာများနှင့်သက်ဆိုင်သည့်အချက်အလက်များကို မေးမြန်းစုဆောင်းထားခြင်းဖြစ်ကြောင်း၊ ညွှန်းကိန်း၏ရည်ရွယ်ချက်မှာ မြန်မာ့စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုတွင် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖွံ့ဖြိုးမှုနှင့် တိုးတက်မှုနည်းလမ်းများအတွက် အတားအဆီးအခွင့်အလမ်းများကို အမှတ်ပေး အကဲဖြတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများကို သတိပြုအလေးထား မြှင့်တင်သွားရန်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း (MBEI)ကို ညွှန်းကိန်း ၁၀ ခုဖြင့် ဆန်းစစ်ကြောင်းသိရသည်။ ညွှန်းကိန်း ၁၀ ခုမှာ ကနဦးကုန်ကျစရိတ်၊ မြေယာအသုံးချနိုင်မှုနှင့်လုံခြုံမှု၊ မှတ်ပုံတင်ခြင်း အလွန်စည်းကမ်းများ၊ တရားမဝင် ငွေပေးဆောင်မှုများ၊ အခြေခံအဆောက်အအုံ၊ ပွင့်လင်းမြင်သာမှု၊ မူဝါဒရေးရာ ဘက်လိုက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း၊ အလုပ်သမားခန့်အပ်ခြင်း၊ တရားဥပဒေစိုးမိုးမှုတို့ဖြစ်ကြောင်းသိရသည်။

စီးပွားရေးလုပ်ငန်းရှင်များ တိုးတက်အောင်ဖော်ဆောင်ရာတွင် ပဂ္ဂလိကကဏ္ဍက စီးပွားရေး၏ မောင်းနှင်အားဖြစ်ပြီး စီးပွားရေးလုပ်ငန်းများဦးမော့ လာရန်အတွက် စီးပွားရေးဝန်းကျင်ကောင်းများ လိုအပ်သည်။ စီးပွားရေးဝန်းကျင်ကောင်းဆိုတာ အခြေခံအဆောက်အအုံမူဝါဒများ တည်ငြိမ်မှု၊ ရှင်းလင်းခိုင်မာမှု၊ လုပ်ထုံးလုပ်နည်းများသည် နေရာဒေသမရွေး တစ်ပြေးညီဖြစ်ဖို့၊ စီးပွားရေးလုပ်ငန်းတွေပေါ်မှာပေးသည့် အစိုးရဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်းများမှ လိုက်နာရမည့် အစိုးရက ချမှတ်သည့် စည်းမျဉ်းစည်းကမ်းအစရှိသဖြင့် အကျိုးဝင်မှာဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ပြည်နယ်များအား ညွှန်းကိန်းများနှင့်ပတ်သက်ပြီး မှတ်သားဖွယ်တွေ့ရှိချက်များမှာ နိုင်ငံတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများက သေးငယ်သော လုပ်ငန်းများသာဖြစ်ကြောင်း၊ လုပ်ငန်း ၇၈ ရာခိုင်နှုန်းသည် လုပ်ငန်းလည်ပတ်မှု လိုင်စင်သာရှိကြောင်း၊ စည်းမျဉ်းစည်းကမ်းများသည် ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်းမရှိကြောင်း၊ တရားမဝင်ငွေပေးချေရခြင်းပြဿနာကို ဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်သည့် SME လုပ်ငန်းများတွင် မတွေ့ရကြောင်း၊ ပွင့်လင်းမြင်သာမှုနှင့် ဥပဒေအမိန့်အပိုင်းတို့ကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများစွာရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်မှုရှိနေဆဲဖြစ်ကြောင်း သိရသည်။

နှင်းပန်းဖြူ(ဇေယျာကုန်သွယ်မှုဗဟိုဌာန)



ပိုမို တင်ပို့နိုင်သော်လည်း စျေးနှုန်းကျဆင်းနေသော မတ်ပဲ

သြဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၁၆၀၈၃ ဒသမ ၁၆၇၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၀၅၉၄၉၄ ဒသမ ၇၅ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့ခဲ့သော နိုင်ငံများမှာ ၁၄ နိုင်ငံရှိပြီး သြစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ နီပေါ၊ နယူးဇီလန်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သော နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၁၃၂၂၉ ဒသမ ၅၅၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၇၂၉၁၇၅ ဒသမ ၂၅ ဖြစ်ပြီး အနည်းဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ နယူးဇီလန်နိုင်ငံဖြစ်၍ တန်ချိန်ရှစ်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၃၂၀ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ်တင်ပို့မှုမှာ တန်ချိန် ၈၈၈၉ ဒသမ ၀၈၄၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၁၁၄၄၁၆ ဒသမ ၂၅ ဖြစ်သောကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၇၁၉၄ ဒသမ ၀၈၃၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၉၄၅၅၀၇၈ ဒသမ ၅၀ ပိုမိုဆောင်ရွက်ခဲ့ကြောင်းသိရသည်။ မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၅၇၅ ခန့်ဖြစ်ပြီး ယခုတစ်ပတ်တွင် ၅၆၃ ကျော်သာရရှိသောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၂ ခန့် ကျဆင်းခဲ့ကြောင်းသိရသည်။

စန်းစန်းမော်၊ (မြွှင့်တင်၊ပြည်တွင်း-ရန်ကုန်)

နယ်စပ်ကုန်သွယ်ရေး ရပ်တန့်မှုကြောင့် ငါးရှဉ့်နှင့် ကဏန်းများ အခက်တွေ့

မြန်မာနိုင်ငံက ပြည်ပတင်ပို့သည့် အဓိကရေထွက်ကုန်ပစ္စည်း ၁၀ မျိုးတွင် ငါးရှဉ့်နှင့် ကဏန်းများ ပါဝင်သည်။ နိုင်ငံအနှံ့အပြားမှ ဖမ်းယူစုဆောင်းရရှိသည့် ငါးရှဉ့်များကို ဖော့ပုံးများတွင် ရေဖြင့်ထည့်၍ အရှင်ပို့ဆောင်သည့်စနစ်ဖြင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ပို့ဆောင်ကြသည်။ ကဏန်းများကိုလည်း သဘာဝမြစ်ချောင်း ဒီရေတောများမှ ဖမ်းယူစုဆောင်း၍ အရှင်ပို့ဆောင်သည့်စနစ်ဖြင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ပို့ဆောင်ကြသည်။

မကြာမီရက်ပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သည် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ရပ်တန့်မှု အခက်အခဲကြောင့် ငါးရှဉ့်နှင့်ကဏန်းပို့ဆောင်သည့်ကားများ ပိတ်မိခဲ့ပြီး သေကျေပျက်စီးကာ တန်ဖိုးငွေ ကျပ်သိန်း ၉၀၀၀ ဖိုးခန့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့ရသည်။

ငါးရှဉ့်နှင့်ကဏန်းများသည် အရှင်ပို့ဆောင်သည်စနစ်ဖြင့် ပို့ဆောင်ခြင်းဖြစ်ခြင်းကြောင့် ဝယ်ယူစုဆောင်းမှုများ ရပ်တန့်လိုက်သည့်အတွက် ငါးရှဉ့်နှင့် ကဏန်းဖမ်းဆီးသူ ရေလုပ်သားများအတွက် အခက်အခဲများ ဖြစ်ပေါ်ကြုံတွေ့ရကြောင်း သိရသည်။

တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးလမ်းကြီး နေ့စဉ်သွားလာနိုင်ရန်နှင့် အခက်အခဲအဟန့်အတားများ ကြုံတွေ့ရခြင်းမရှိမှသာ အရှင်ပို့စနစ်ဖြင့် တင်ပို့ရောင်းချမှုပြုရသည့် ငါးရှဉ့်နှင့်ကဏန်း တင်ပို့မှုများပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ခိုင်သဏ္ဌာဦး (မြွှင့်တင်၊ပြည်တွင်း-ရန်ကုန်)

သဇင်မြေ ကုန်သွယ်မှုဗဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

၂၀၁၉ ခုနှစ် သြဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ချင်း(အစို)အရေအတွက် ၃၅၅၀၀ KG တင်ပို့ခဲ့ပြီး ၄၀၇၅၉၄၀၈ ကျပ် တန်ဖိုးတင်ပို့ခဲ့သည်။ ယခင်တစ်ပတ် သြဂုတ် ၁၀ ရက်မှ ၁၆ရက်အထိ ချင်း(အစို)အရေအတွက် ၁၂၀၀၀ KG တင်ပို့ခဲ့ပြီး ၁၃၇၇၆၁၂၄ ဒသမ ၈၀ကျပ်တန်ဖိုး တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ချင်း(အစို)အရေအတွက် ၂၃၅၀၀ KG ပိုမိုတင်ပို့နိုင်ခဲ့ပြီး ၂၆၉၈၃၂၈၄ ဒသမ ၈၀ကျပ်တန်ဖိုးတင်ပို့နိုင်ခဲ့ကြောင်းသိရှိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိစစ်တွေကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သြဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့်ဆီးသီးခြောက်၊ ချင်း(အစို)၊ ဆီးဖတ်၊ မန်ကျည်းဖတ်(အစေ့ပါ)၊ မန်ကျည်းစေ့၊ ဆီးယိုထုပ်နှင့်ငါးမြစ်ချင်းတို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅၁၂၅၆ ဒေါ်လာတင်ပို့ခဲ့ကြောင်း သိရသည်။

သြဂုတ် ၁၀ ရက်မှ ၂၁ ရက်ထိရခိုင်ပြည်နယ် ဆန်၊စပါးစျေးကွက်အခြေအနေမှာ အရောင်းအဝယ်အေးပြီးစျေးနှုန်းပြောင်းလဲမှုမရှိခဲ့ကြောင်းသိရသည်။ ဧည့်မထစပါးတင်း ၁၀၀ ကိုကျပ် ၅၂၀၀၀၀ ဖြစ်ပြီး ဆန်တစ်အိတ်ကိုကျပ် ၂၄၀၀၀ ရှိကြောင်းသိရသည်။

နီလာ(သဇင်မြေကုန်သွယ်မှုဗဟိုဌာန)

ဆန်၊ စပါး စျေးနှုန်းတည်ငြိမ်နေပြီး မတ်ပဲစျေး အနည်းငယ်ကျဆင်း

ပဲခူးတိုင်းဒေသကြီးအတွင်း ဆန်၊ ဆန်ထွက်ပစ္စည်းနှင့် စပါးစျေးနှုန်းများ ယခင်လအတိုင်း တည်ငြိမ်နေသော်လည်း မတ်ပဲနှင့် ပဲတီစိမ်းစျေးနှုန်း အနည်းငယ် ကျဆင်းလျက်ရှိသည်။ မတ်ပဲစျေးနှုန်းများ ယခင်လက တစ်တင်းလျှင် ကျပ် ၂၅၅၀၀ ရှိခဲ့ရာမှ ယခုတွင် ကျပ် ၂၄၈၀၀ သို့ လည်းကောင်း၊ ပဲစင်းငုံစျေးနှုန်းများ ယခင်လက တစ်တင်းလျှင် ကျပ် ၃၂၅၀၀ မှ ယခုတွင် ကျပ် ၃၀၀၀၀ သို့ လည်းကောင်း အနည်းငယ် ကျဆင်းလျက်ရှိပြီး ပဲတီစိမ်းနှင့် ပဲတီရွှေဝါစျေးနှုန်းများ တည်ငြိမ်လျက်ရှိသည်။

စားဖိုဆောင်သီးနှံစျေးနှုန်းမှာ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ယခင်လက ကျပ် ၄၅၀၀ မှ ယခုတွင် ကျပ် ၄၇၀၀ သို့ လည်းကောင်း၊ ကြက်သွန်ဖြူစျေးနှုန်းမှာ တစ်ပိဿာလျှင် ယခင်လက ကျပ် ၂၄၀၀ မှ ယခုတွင် ကျပ် ၂၅၀၀ သို့လည်းကောင်း၊ ကြက်သွန်ဖြူ(ကြူကုတ်)မှာ တစ်ပိဿာလျှင် ယခင်လကကျပ် ၃၂၀၀ မှ ယခုတွင် ကျပ် ၃၄၀၀ သို့လည်းကောင်း၊ ချင်းစျေးနှုန်းမှာ တစ်ပိဿာလျှင် ယခင်လကကျပ် ၂၀၀၀ မှ ယခုတွင် ၂၆၀၀ သို့ လည်းကောင်း အသီးသီးတက်လာပြီး ကျန်စားဖိုဆောင်သီးနှံများ၊ ဟင်းသီးဟင်းရွက်များ၊ စားသုံးဆီနှင့် သားငါးစျေးနှုန်းများမှာ တည်ငြိမ်လျက်ရှိသည်။

စက်သုံးဆီစျေးနှုန်းမှာ ဓာတ်ဆီတစ်ဂါလန်လျှင် ယခင်လက ကျပ် ၃၇၅၀ ရှိရာမှ ယခုလတွင် ကျပ် ၃၆၀၀ သို့ကျဆင်းလျက်ရှိပြီး ဒီဇယ်စျေးနှုန်းမှာ ယခင်လအတိုင်း တည်ငြိမ်လျက်ရှိသည်။

နေမျိုးထိုက်ကျော်

ပြင်သစ်ဝက်မျိုး ၂၇၁ ကောင် နေပြည်တော်သို့ရောက်ရှိ

Deheus Myanmar Ltd. က ပြင်သစ်နိုင်ငံမှ မျိုးဝက် ၂၇၁ ကောင်ကို ဩဂုတ် ၂၆ ရက်တွင် Boeing B 747 လေယာဉ်ဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တင်သွင်းလာခဲ့သည်။

အဆိုပါပြင်သစ်ဝက်မျိုး ၂၇၁ ကောင်ကို ကယားပြည်နယ် ဒီမောဆိုးသို့ ပို့ဆောင်မည်ဖြစ်ပြီး မျိုးဝက်များကို Pantos Logistics Myanmar Co. Ltd. မှ တာဝန်ယူ၍ ပို့ဆောင်ပေးခဲ့သည်။ မျိုးဝက်များသယ်ဆောင်ပေးမည့် မော်တော်ယာဉ်များ၊ ကရိန်းကားများ၊ Roller Lift နှင့် ဆွဲကားများ ပိုးမွှားကင်းစင်ရန်လိုအပ်သဖြင့် ပိုးသတ်ပေးရန် Pantos Logistics Myanmar Co. Ltd မှ Myanmar Inspection & Testing Services Ltd.(MITS) သို့ ငှားရမ်းလာသဖြင့် ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မျိုးဝက်သယ်မည့်ယာဉ်များကို ပိုးမွှားကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဌေး (MITS)

ရှမ်းတောင် ထောပတ်သီးများ စတင်ထွက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်များဖြစ်သည့် တောင်ကြီး၊ ဟိုပုံး၊ ရွာငံ၊ ညောင်ရွှေ၊ ပင်လောင်း စသည့် မြို့နယ်များမှ ထောပတ်သီးများ စတင်ထွက်ရှိလာပြီး တောင်ကြီးမြို့မဈေး၊ အောင်ပန်းစျေးကွက်များတွင် လက်လီစျေးနှုန်းအနေဖြင့် တစ်လုံးလျှင် ကျပ် ၁၀၀၀ ၊ ၁၀ လုံးယူလျှင် ကျပ် ၈၀၀ ဖြင့်ရောင်းချလျက်ရှိပြီး အချို့ထောပတ်သီးပွဲရုံများမှ တာချီလိတ်စျေးကွက်သို့ တင်ပို့လျက်ရှိသည်။

အချို့ကုန်သည်များက ပင်ပြတ်ဝယ်ယူထားသည်များကို အသီးရင့်ပြီး အရည်အသွေးကောင်းရရှိရန် အချိန်စောင့် ၍ ခူးဆွတ်ရောင်းချရန် ပြင်ဆင်လျက်ရှိပြီး ယခုနှစ်တွင်အသီးတင်နှုန်းများ၍ ထွက်ရှိမှုများနိုင်ကြောင်း ကုန်သည်များက ခန့်မှန်းကြသည်။

စောဝင်းကျော် (ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန)

မန္တလေးကုန်စည်ဒိုင်တွင် နှမ်းစျေး အနည်းငယ်ကျနေ

ဩဂုတ်လ နောက်ဆုံးပတ်တွင် မန္တလေးကုန်စည်ဒိုင်၌ နှမ်းစျေးနှုန်း အနည်းငယ်ကျလာခဲ့သည်။ စျေးကွက်သို့ ဝင်ရောက်သည့်နှမ်းများ နှမ်းအရည်အသွေး ကျဆင်းခြင်း၊ တရုတ်လမ်းကြောင်း ပိတ်နေခြင်း၊ နယ်စပ်အဝယ် မရှိခြင်းတို့ကြောင့် စျေးနှုန်းကျခြင်းဖြစ်ကြောင်းသိရသည်။

ယခုတစ်ပတ်တွင် စျေးကွက်သို့ နှမ်းဖြူအသစ်များ ဝင်ရောက်လျက်ရှိပြီး ၄၅ ပိသာဝင် သုံးတင်း တစ်အိတ်လျှင် စျေးနှုန်းမှာ နှမ်းဖြူ ကျပ်၁၅၀၀၀မှ ၁၅၃၀၀၀၊ ကျပန်နှမ်းဖြူ ကျပ်၁၅၈၀၀၀မှ ၁၆၃၀၀၀၊ နှမ်းညိုကျပ် ၁၃၅၀၀၀ မှ ၂၇၃၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခင်တစ်ပတ် ကာလတူ ပေါက်စျေးနှုန်းမှာ နှမ်းဖြူ ကျပ် ၁၅၅၀၀၀ မှ ၁၅၈၀၀၀၊ ကျပန်နှမ်းဖြူ ကျပ် ၁၆၅၀၀၀၊ နှမ်းညို ကျပ် ၁၅၀၀၀၀ မှ ၁၅၃၀၀၀၊ နှမ်းနက်(စမုံ)ကျပ်၂၅၀၀၀၀မှ ၂၆၀၀၀၀ စျေးနှုန်းဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်ကာလတူ ပေါက်စျေးနှင့် နှိုင်းယှဉ်ပါက ၄၅ပိသာဝင် တစ်အိတ်လျှင် နှမ်းဖြူ ကျပ် ၅၀၀၊ ကျပန်နှမ်းဖြူ ကျပ် ၂၀၀ မှ ၇၀၀၊ နှမ်းညို ကျပ် ၁၃၀၀ မှ ၁၅၀၀ ခန့် စျေးကျလာခဲ့သည်။ ယခင်လ ကာလတူ ပေါက်စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက နှမ်းဖြူ ကျပ်၁၈၀၀၀မှ ၁၉၀၀၀၊ ကျပန်နှမ်းဖြူ ကျပ် ၁ ၂၀၀ မှ ၂ ၂၀၀၀၊ နှမ်းညို ကျပ် ၂၀၀၀၀၊ နှမ်းနက်(စမုံ) ကျပ်၉၀၀၀မှ ၂၀၀၀၀ခန့် စျေးနှုန်းကျဆင်းလာသည်။

ယခင်နှစ်ကာလတူ ပေါက်စျေးနှုန်း နှင့် နှိုင်းယှဉ်ပါက ၄၅ ပိသာဝင် တစ်အိတ် နှမ်းဖြူကျပ်၁၀၀၀မှ ၁ ၂၀၀၀၊ နှမ်းညို ကျပ် ၁၅၀၀၀၊ နှမ်းနက်(စမုံ) ကျပ် ၁၀၀၀၀၀ မှ ၁ ၂၀၀၀ ခန့်စျေးမြင့်တက် လာခဲ့သည်။

ချောစုဝင်း

(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး . . . မှအဆက်

GDP ရဲ့ ၂၈ရာခိုင်နှုန်းထိကိုဆောင်ရွက်ပေးနိုင်တယ်ဆိုတာ တွေ့ရပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ကုန်သွယ်မှုနည်းစနစ်တွေ၊ ကုန်သွယ်မှုပညာတွေတိုးတက်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေဆောင်ရွက်တယ်။ Trade Training Institute ကို ထူထောင်ဆောင်ရွက်တယ်။ ကုန်သွယ်မှုနဲ့ပတ်သတ်ပြီး ပညာပေးလျက်ရှိတယ်။ ကုန်သွယ်မှုတိုးတက်လာခြင်းနဲ့အတူ တိုင်းပြည်ဝင်ငွေတိုးလာမှာဖြစ်သလို တစ်ဦးချင်းရဲ့ ကြွယ်ဝချမ်းသာမှုဟာ တိုးတက်လာမှာဖြစ်ပါတယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောဆိုသည်။

ထို့နောက်ဒုတိယဝန်ကြီး ဦးအောင်ထူးက သင်တန်းသူ၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ထူးချွန်သင်တန်းသူ၊ သင်တန်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုကဏ္ဍအတွက် ကုန်သွယ်မှုအခြေခံသင်တန်းများမှ သင်တန်းသား၊ သင်တန်းသူ ၁၅၄၉ ဦးနှင့် ကုန်သွယ်မှုအဆင့်မြင့်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

သန်းထိုက်အောင်

မုံရွာ ကြက်သွန်နီစျေးနှုန်းနှင့် စျေးကွက် အခြေအနေ

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံ ရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီစျေးကွက်မှာ အရောင်းအဝယ် အေးနေကြောင်းသိရသည်။ ကြက်သွန်နီများပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ ပိသာ ၁၀၀၀၀ မှ ၁၅၀၀၀ ခန့်အထိ ဒေသတွင်းဝယ်လက်နှင့်သာ အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ်တွင် ယခုတစ်ပတ် ပွဲရုံများတွင် ကြက်သွန်နီတစ်ပိသာ လက်ကားပေါက်စျေးနှုန်းမှာ (ကြီး) ကျပ် ၇၀၀၊ (လတ်) ကျပ် ၆၅၀၊ (သေး) ကျပ် ၅၅၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိသာ ပေါက်စျေးနှုန်းမှာ (ကြီး) ကျပ်၁၀၀၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၇၀၀ နှုန်းဖြင့် စျေးငြိမ်ပြီး အရောင်းအဝယ်အေးနေကြောင်းသိရသည်။

မုံရွာကြက်သွန်ဖြူစျေးကွက်၌ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူများ ပိသာ ၁၀၀၀၊ ၁၅၀၀ခန့်အဝင်ရှိပြီး ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိသာပွဲရုံ ပေါက်စျေးနှုန်းမှာ (ဗမာ) ကျပ် ၂၈၀၀၀ ၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်းဖြစ်ပြီး လက်လီပေါက်စျေးနှုန်းမှာ (ဗမာ) ကျပ် ၃၇၀၀၊ (ရှမ်း) ကျပ်၃၈၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ ကြောင်းသိရသည်။

ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)

မြေပဲဆန်စျေး ယခင်လထက် စျေးမြင့်လာ

မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန်အဝင်ရှိသလောက် အရောင်းအဝယ်သွက်ပြီး စျေးကွက်မြင့်တက်လျက်ရှိနေသည်။မန္တလေးတိုင်းဒေသကြီးတွင် မြေပဲကို မိုး ၊ဆောင်းနှစ်ရာသီတွင် စိုက်ပျိုးပြီး ယခုမိုးမြေပဲကို မိုးဦးကျ မေလနှင့် ဇွန်လများတွင် စတင်စိုက်ပျိုးခဲ့၍ စက်တင်ဘာလ နောက်ဆုံးပတ်ခန့်တွင် စတင်ထွက်ရှိမည်ဖြစ်သည်။ မြေပဲသစ်များဝင်ရောက်လာမှု မရှိသေးခြင်း၊ စျေးကွက်လက်ကျန် နည်းခြင်းတို့ကြောင့် စျေးမြင့်လာခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

မန္တလေးကုန်စည်ဒိုင်၌ ဖြစ်ပေါ်နေသော မြေပဲဆန်တစ်ပိသာ စျေးနှုန်းများမှာ မြေပဲဆန်လုံးဆန်ဖြူ ကျပ် ၄၀၀၀၊ မြေပဲလုံးဆန်နီ ကျပ် ၄၀၀၀၊ ဆီဆန် ကျပ်၃ ၂၀၀မှ ၃၇၀၀ ဖြစ်၍ ယခင်လ မြေပဲဆန်လုံးဆန်ဖြူ ကျပ် ၃၇၀၀ မှ၃၇ ၂၅၊ မြေပဲဆန်လုံးဆန်နီ ကျပ်၃၉၅၀၊ ဆီဆန်ကျပ် ၃၀၅၀ မှ ၃၆၅၀ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ ယခင်လထက် မြေပဲဆန်တစ်ပိသာပေါ်တွင် မြေပဲဆန်လုံးဆန်ဖြူ ကျပ် ၃၀၀ မှ ၂ ၂၅၊ မြေပဲဆန်လုံးဆန်နီ ကျပ် ၅၀၊ ဆီဆန်ကျပ် ၅၀ မှ ၁၅၀ ထိ စျေးအနည်းငယ် မြင့်တက်လာခဲ့သည်။

မြေပဲဆီဆန်စျေးမှာ ယခင်လထက် တစ်ပိသာ ကျပ် ၅၀၀ မှ ၁၀၀၀ အထိ မြင့်တက်လာခဲ့ခြင်းကြောင့် ယခင်လမြေပဲဆီ တစ်ပိသာလျှင် ၇၀၀၀ ကျပ်ဖြစ်ခဲ့ရာမှ ယခုလတွင် ကျပ် ၇၅၀၀ မှ ၈၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

မြင့်မြင့်လှိုင် (ရတနာပုံကုန်သွယ်မှုဌာန)

ရော်ဘာ စျေးကောင်းရရှိရေးနှင့် စျေးကွက်ရရှိရေး ဆွေးနွေး

ကရင်ပြည်နယ် ဘားအံမြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာနရုံးတွင်ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရော်ဘာစျေးကွက်နှင့် စျေးကောင်းရရှိရေးအတွက် ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းနှင့် ဩဂုတ် ၂၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်း ဒုတိယဥက္ကဋ္ဌ ဦးစော်တင်မောင်စိန်က ကရင်ပြည်နယ်တွင် ရော်ဘာ အဓိကစိုက်ပျိုးပြီး စျေးကွက်တွင် ရောင်းဝယ်ရာ ထိုက်သင့်သည့်စျေးမရခဲ့ကြောင်း၊ ရော်ဘာအရည်အသွေးကိုလည်း တိုးတက်အောင် လုပ်ဆောင်နေကြောင်း၊ ရော်ဘာစျေးကောင်းရရှိရေးနှင့် စျေးကွက်ချိတ်ဆက်ပေးရန် ဆွေးနွေးခဲ့ရာ ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာန ပြည်နယ်တာဝန်ခံက မူဆယ် ပဲ၊ ပြောင်း၊ နှမ်းကုန်သည်များအသင်း ကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့် ချိတ်ဆက်ပေးပြီး စျေးကွက်နှင့် စျေးကောင်းရရှိရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဇွဲကပင် (T/C)

စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ဂျုံနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် သြဂုတ် ၂၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Sierra Leone နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂၁ ဒသမ ၄၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ နီပေါ၊ ပါကစ္စတန်၊ ဟောင်ကောင်၊ ရုရှား၊ ဘာဘေဒို၊ အီဂျစ်၊ ဂျာမနီ၊ ကင်ညာ၊ ကူဝိတ်၊ မက္ကဆီကို၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေနှင့် ပီရူး စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၈ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ မြန်မာ၊ တရုတ်၊ ဂျပန်၊ ဘရာဇီး၊ အီတလီ၊ ယူကရိန်း၊ ပြင်သစ်၊ ဟန်ဂေရီ၊ ဆွစ်ဇာလန်နှင့် ဂရိ စသည့် နိုင်ငံပေါင်း ၃၃ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင် နှုန်းမှ ၃ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် သြဂုတ် ၂၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံ တွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် သြဂုတ် ၂၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Sierra Leone နိုင်ငံတွင် ယခင် တစ်ပတ်ဈေးနှုန်းထက် ၁၃ ဒသမ ၃၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ နီပေါ၊ ဟောင်ကောင်၊ ပါကစ္စတန်၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ရုရှား၊ ဘာဘေဒို၊ အီဂျစ်၊ ဂျာမနီ၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ နော်ဝေနှင့် ကာတာ စသည့်နိုင်ငံများ အပါအဝင် ၇၅ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ထိုင်း၊ တရုတ်၊ ဂျပန်၊ ဩစတြေးလျ၊ အီတလီ၊ စပိန်၊ ယူကရိန်း၊ အမေရိကန်နှင့် ချီလီ စသည့် နိုင်ငံ ၂၁ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် သြဂုတ် ၂၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းနှင့်မြန်မာနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် သြဂုတ် ၂၆ ရက်တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓာတ်ဆီ	ဒီဇယ်
၁	မြန်မာ	လီတာ	၀.၅၇	၀.၅၈
၂	အင်ဒိုနီးရှား	လီတာ	၀.၇၀	၀.၈၅
၃	ထိုင်း	လီတာ	၁.၁၆	၀.၈၅
၄	ဗီယက်နမ်	လီတာ	၀.၈၉	၀.၇၂

ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် သြဂုတ် ၂၆ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဖြင့် လည်းကောင်းရှိနေပြီး ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဒေါ်လာ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၉ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန်နှင့်ဧည့်မထ ၅ မှတ်ဆန်မှာ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး ဧည့်မထ ၂၅ မှတ်ဆန်နှင့်ပေါင်းဆန်တို့မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၇ ဖြင့် လည်းကောင်းရှိခဲ့ပြီး ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့် လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်မှာဈေး တည်ငြိမ်လျက်ရှိပြီး ပေါင်းဆန်ဈေးနှုန်း မှာ အနည်းငယ်ကျဆင်းခဲ့သည်ကို လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာ ဦးဆောင်သော ထိုင်းအမျိုးသားဆန်စပါးမူဝါဒကော်မတီသည် မိုးခေါင်ခြင်း၊ ဘတ်ငွေမြင့်တက်ခြင်းကြောင့် ဆန်ဈေးမတည်ငြိမ်မှုနှင့် ရင်ဆိုင်နေရသော တောင်သူများအတွက် ဆန်ဈေးတည်ငြိမ်ရေး အမတော်ကြေးငွေ အဖြစ် ဘတ် ၂၁ ဘီလီယံ(အမေရိကန်ဒေါ်လာ ၆၈၂ သန်း) ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာလိုက်သည်ကို သိရှိရသည်။ အစီအစဉ်သစ်အရ အစိုးရသည် ပုံသေဆန်ဈေး တစ်ခုသတ်မှတ်ပြီး ကောက်ပေါ်ချိန်များ၌ ဆန်ဈေးသည်သတ်မှတ်နှုန်းအောက် လျှော့ကျပါက တောင်သူထံမှ ဆန်အတိုင်းအတာ တစ်ခုကို သတ်မှတ်နှုန်းဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံသည် ဆယ်စုနှစ်အတွင်း အဆိုးဆုံးမိုးခေါင်မှုနှင့် ကြုံတွေ့နေရသဖြင့် တောင်သူများ ထိခိုက်နစ်နာကာ ဆန်ရောင်းလိုအား ကျဆင်းလာခဲ့ပြီး နိုင်ငံ၏ဆန်တင်ပို့မှုကို လျှော့နည်းစေခဲ့ကြောင်း၊ ဘတ်ငွေတန်ဖိုး မြင့်တက်ခြင်းနှင့် ကမ္ဘာတစ်ဝန်းတွင် ဆန်ပိုလျှံနေခြင်းကလည်း ပြည်ပသို့ထိုင်းဆန်ရောင်းချမှုကို လျှော့နည်းစေခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်စဉ် လက်ရှိအချိန်အထိ ထိုင်းဆန် တန်ချိန် ၅ ဒသမ ၂၉ သန်း တင်ပို့ထားပြီး ယခင်နှစ် အလားတူ ကာလကထက် ၂၂ ရာခိုင်နှုန်း လျော့ကျလာခဲ့ကြောင်း အစိုးရ ပြောခွင့်ရပုဂ္ဂိုလ် Narumon Pinyosinwat က ရိုက်တာသတင်းဌာနသို့ပြောကြားခဲ့သည်ကို သိရှိရသည်။

စီမံချက်သစ်အရ ဂျပ်စမင်းဆန်ကို သတ်မှတ်ဈေး တစ်တန်လျှင်ဘတ် ၁၅၀၀၀ (၄၈၇ ဒသမ ၄၉ ဒေါ်လာ) ဖြင့် တစ်အိမ်ထောင်လျှင်အများဆုံး ၁၄ တန်အထိလည်းကောင်း၊ မိုးကောင်းသောက် ဒေသမှထွက်ရှိသော ဂျပ်စမင်းဆန်ကို တစ်တန်လျှင်ဘတ် ၁၄၀၀၀ (၄၅၄ ဒသမ ၉၉ ဒေါ်လာ) ဖြင့် တစ်အိမ်ထောင်လျှင် အများဆုံး ၁၆ တန်အထိလည်းကောင်း၊ ပရာသန်သာနီ ဂျပ်စမင်းဆန်ကို တစ်တန်လျှင်ဘတ် ၁၁၀၀၀ (၃၅၇ ဒသမ ၄၉ ဒေါ်လာ) ဖြင့် တစ်အိမ်ထောင်လျှင် အများဆုံး ၂၅ တန် အထိလည်းကောင်း ဝယ်ယူမည်ဖြစ်ပြီး ကောက်ညှင်းဆန် တစ်တန်လျှင်ဘတ် ၁၂၀၀၀ (၃၈၉ ဒသမ ၉၉ ဒေါ်လာ) သတ်မှတ်၍ တစ်အိမ်ထောင်လျှင်၁၆ တန်အထိလည်းကောင်း၊ ကောက်ညှင်း မဟုတ်သော ရိုးရိုးဆန်ကို တစ်တန်လျှင်ဘတ် ၁၀၀၀၀ (၃၂၄ ဒသမ ၉၉ ဒေါ်လာ) သတ်မှတ်၍ တစ်အိမ်ထောင်လျှင်တန် ၃၀ အထိလည်းကောင်း ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

စီမံချက်သစ်တွင် တောင်သူလေးသန်းနီးပါး အကျိုးဝင်လိမ့်မည်ဟု အစိုးရက ခန့်မှန်းထားပြီး ကောက်ရိတ်ခကာမိစေရန် ငွေသားထုတ်ပေးမှုအပါအဝင် ထပ်ဆောင်းစီမံချက်များကိုလည်း မိတ်ဆက်ရန်စီစဉ်ထားကြောင်း၊ ထိုအမတော်ကြေးများကို လာမည့်အပတ်တွင် အစိုးရအဖွဲ့က စဉ်းစားသွားမည်ဟုသိရှိရပြီး ယခုနှစ်တွင် ထိုင်းဘတ်ငွေသည် အာရှတိုက်၏ ဈေးအမာဆုံး ငွေကြေး အဖြစ်ရပ်တည်နေပြီး ဒေါ်လာနှင့် နှိုင်းယှဉ်ချက်အရ ၅ ဒသမ ၅ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုင်းနိုင်ငံ ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ပထမနှစ်ဝက် အတွင်း ဆန်အရောင်းကျဆင်းမှု ကြုံခဲ့ရပြီးနောက် ၂၀၁၉ ခုနှစ် ဆန်တင်ပို့မှု မျှော်မှန်းချက်ကို တန်ချိန် ၉ ဒသမ ၅ သန်းမှ တန်ချိန် ကိုးသန်းသို့ လျှော့ချခဲ့သည်ကို သိရှိရသည်။

ပြည်တွင်းဆန်စပါးဈေးကွက်နှင့် ပတ်သက်သည့် သတင်းများအနေဖြင့် သြဂုတ် ၂၄ ရက်တွင် ရန်ကုန်မြို့ကုန်သည် စက်မှုအသင်းချုပ်တွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်၍ ပြုလုပ်သည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ (၂၉) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စုအစိုးရထံ ပဲခူးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကိုကိုကြီးက မူဆယ်နယ်စပ်တွင် ပျက်စီးစပြုနေသည့် ဆန်ကွဲတန်ချိန် ၅၀၀၀ ခန့်ရှိနေပြီး မြန်မာ-တရုတ် ဆန်ကွဲ Protocol ပြင်ဆင်မှုစာချွန်လွှာ အမြန်ဆုံး ရေးထိုးဆောင်ရွက်ပေးနိုင်ရန် တင်ပြခဲ့သည်ကို သိရှိရသည်။

နှစ်နိုင်ငံအကြား သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ ဆောလျင်စွာညှိနှိုင်း၍ ဆန်ကွဲ Protocol ပြင်ဆင်မှုစာချွန်လွှာ ရေးထိုးပေးနိုင်ပါက လက်ရှိ မူဆယ်နယ်စပ်တွင် သောင်တင်နေသည့် ဆန်ကွဲများကို ရောင်းချနိုင်မည့်အပြင် လက်ရှိ ပြည်တွင်းဈေးကွက်တွင်လည်း ဈေးနှုန်းနိမ့်ကျနေသည့် ဆန်ကွဲများကိုပါ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ အဆိုပါ ဆန်ကွဲများသည် ကုန်လှောင်ရုံထဲတွင် လေးလခန့် ကြာမြင့်လာသည့်အတွက် စတင်ပျက်စီးမည့် အခြေအနေသို့ရောက်ရှိနေပြီး မူဆယ်မှ ပြည်တွင်းသို့ပြန်လည်သယ်ဆောင်ပါကလည်း သယ်ယူစရိတ်မှာ နှစ်ဆခန့်မြင့်တက်သွားမည်ဖြစ်သည့်အတွက် ပြန်သယ်ရန် အခက်ကြုံနေရကြောင်း၊ ဒေသတွင်း ရောင်းချပါကလည်း ဆန်ကွဲစားသုံးမှုနည်းခြင်း၊ စက်မှုကုန်ကြမ်းအသုံးပြုမှု မရှိခြင်းတို့ကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း ဦးကိုကိုကြီးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ဆန်ကွဲများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့လျက်ရှိရာ နှစ်နိုင်ငံအကြား သဘောတူထားသော ဆန်ကွဲ Protocol အရ ဆန်နှင့် ဆန်ကွဲ အယူအဆကွဲလွဲမှုကြောင့် ယခုနှစ် ဧပြီလမှစတင်၍ ဆန်ကွဲတင်ပို့မှု ရပ်ဆိုင်းခဲ့သည့်အတွက် မူဆယ်နယ်စပ်သို့ရောက်ရှိနေသော

စာမျက်နှာ ၁၇ သို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၅	စက်ဘဲပူ	လီတာ	၁.၅၄	၁.၂၇
၆	မလေးရှား	လီတာ	၀.၄၉	၀.၅၂
၇	ဖိလစ်ပိုင်	လီတာ	၀.၉၅	၀.၇၉
၈	ကမ္ဘောဒီးယား	လီတာ	၀.၉၆	၀.၈၅
၉	လာအို	လီတာ	၁.၂၄	၁.၀၀
၁၀	ဘရူနိုင်း	Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။		

၂၀၁၉ ခုနှစ် သြဂုတ် ၂၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၈ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	Cuba	လီတာ	၀.၀၉	ဟောင်ကောင်	လီတာ	၂.၂၀
၂	ဆူဒန်	လီတာ	၀.၁၄	ဘာဘေဒို	လီတာ	၁.၉၁
၃	အယ်ဂျီးရီးယား	လီတာ	၀.၁၅	Monaco	လီတာ	၁.၉၁
၄	ကူဝိတ်	လီတာ	၀.၁၅	နော်ဝေ	လီတာ	၁.၈၇
၅	အီရန်	လီတာ	၀.၁၆	Iceland	လီတာ	၁.၈၆

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	Cuba	လီတာ	၀.၀၈	ဟောင်ကောင်	လီတာ	၁.၈၃
၂	အီရန်	လီတာ	၀.၀၉	Monaco	လီတာ	၁.၈၂
၃	ဆူဒန်	လီတာ	၀.၀၉	Iceland	လီတာ	၁.၇၇
၄	ဆော်ဒီအာရေဗျ	လီတာ	၀.၁၃	နော်ဝေ	လီတာ	၁.၇၂
၅	အယ်ဂျီးရီးယား	လီတာ	၀.၁၉	Walls and Futuna	လီတာ	၁.၇၁

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓာတ်ဆီ	ဒီဇယ်
၁	တရုတ်	လီတာ	၀.၉၇	၀.၈၆
၂	ဂျပန်	လီတာ	၁.၃၁	၁.၁၄
၃	အိန္ဒိယ	လီတာ	၁.၀၄	၀.၉၄

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကေသွယ်(တန့်ဆည်မြေ)

ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ရက်စွဲ	ရေတွက်ပုံ	ဈေးနှုန်း
၁	၂၃.၈.၂၀၁၉	စည်	၅၅.၃၅
၂	၂၆.၈.၂၀၁၉	စည်	၅၃.၆၄
၃	၂၇.၈.၂၀၁၉	စည်	၅၄.၉၃
၄	၂၈.၈.၂၀၁၉	စည်	၅၅.၇၈
၅	၂၉.၈.၂၀၁၉	စည်	၅၆.၇၁

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှ သြဂုတ် ၂၆ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-



စာမျက်နှာ ၁၇ သို့

ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေး မြင့်တက်မှုကြောင့် သြဂုတ် ၂၄ ရက်တွင် ပြည်တွင်းရွှေဈေးကွက်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၃၀၀၀ဖြစ်ပေါ်ခဲ့ရာမှ ဆက်တိုက်မြင့်တက်လာပြီး သြဂုတ် ၂၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၅၆၀၀၀ သို့ ထပ်မံမြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။ အမေရိကန်နိုင်ငံတွင် ရွှေဝယ်ယူစုဆောင်းမှုများနေခြင်း၊ ဟောင်ကောင်ကုန်သည်များ၏ ရွှေဝယ်လိုအား မြင့်တက်လာခြင်းတို့ကြောင့် ကမ္ဘာ့ရွှေဈေးသည် ယခုရက်ပိုင်း၌ ဆက်တိုက်မြင့်တက်လာနေကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားခဲ့သည်ကို သိရှိရသည်။ သြဂုတ် ၂၄ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၂၇ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး သြဂုတ် ၂၈ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၅၄၃ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

ထို့ကြောင့် လက်ထဲတွင် ရွှေရှိမှရောင်းချရန်နှင့် ငွေကိုင်ထားနိုင်မှဝယ်ယူရန် ရွှေရောင်းချသူများ၊ ပွဲစားများကိုသတိပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောကြားခဲ့သည်။ ဈေးကစားမှုမရှိဘဲ ပြည်တွင်းရွှေဈေးကွက်တည်ငြိမ်စေလိုကြောင်း၊ ရန်ကုန်အပါအဝင် မြန်မာနိုင်ငံမှ ရွှေဈေးကွက်တစ်ခုလုံး ထိန်းနိုင်ရန် ပုဂ္ဂလိကအသင်းအဖွဲ့များအနေဖြင့် ဆောင်ရွက်နိုင်မှု မရှိကြောင်း ၎င်းက အတည်ပြုပြောကြားခဲ့သည်။ ပြည်တွင်းရွှေဈေးမတည်ငြိမ်ဘဲ အတက်/အကျများနေ၍ နယ်စပ်မှ အိန္ဒိယသို့ တရားမဝင် ရွှေတင်ပို့မှုများ ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ အိန္ဒိယက ပြည်တွင်းထက် ဈေးပိုများလေ့ရှိသောကြောင့် ယခုကဲ့သို့ ပြည်တွင်းရွှေဈေး မြင့်တက်ချိန်တွင် ထိန်းပေးရန်လိုအပ်ခြင်းဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည်လည်း အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုများကို လျှော့ချနိုင်ရန်အတွက် အရန်ရွှေ အများအပြားကို တိုးမြင့်စုဆောင်းလျက်ရှိကြောင်း သိရှိရသည်။

စာမျက်နှာ ၁၆ သို့

သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၈-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၁၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၂၈-၈-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၁၄ ဒသမ ၃၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

Date	ISA Daily Price	15 Day Average	White Sugar Price Index	
28-Aug-19	12.15 cts/lb	12.29 cts/lb	314.35 $/T	14.26 cts/lb
27-Aug-19	12.03 cts/lb	12.29 cts/lb	311.05 $/T	14.11 cts/lb
23-Aug-19	12.21 cts/lb	12.34 cts/lb	315.20 $/T	14.30 cts/lb
22-Aug-19	12.33 cts/lb	12.38 cts/lb	317.10 $/T	14.38 cts/lb
21-Aug-19	12.17 cts/lb	12.41 cts/lb	312.75 $/T	14.19 cts/lb
20-Aug-19	12.21 cts/lb	12.46 cts/lb	313.95 $/T	14.24 cts/lb
19-Aug-19	12.23 cts/lb	12.50 cts/lb	315.25 $/T	14.30 cts/lb
16-Aug-19	12.39 cts/lb	12.54 cts/lb	318.80 $/T	14.46 cts/lb
15-Aug-19	12.38 cts/lb	12.56 cts/lb	318.40 $/T	14.44 cts/lb
14-Aug-19	12.35 cts/lb	12.58 cts/lb	319.25 $/T	14.48 cts/lb
13-Aug-19	12.47 cts/lb	12.61 cts/lb	321.90 $/T	14.60 cts/lb
12-Aug-19	12.35 cts/lb	12.62 cts/lb	318.90 $/T	14.47 cts/lb
9-Aug-19	12.64 cts/lb	12.62 cts/lb	323.60 $/T	14.68 cts/lb
8-Aug-19	12.23 cts/lb	12.60 cts/lb	315.25 $/T	14.30 cts/lb
7-Aug-19	12.15 cts/lb	12.60 cts/lb	313.10 $/T	14.20 cts/lb
6-Aug-19	12.47 cts/lb	12.63 cts/lb	321.30 $/T	14.57 cts/lb
5-Aug-19	12.56 cts/lb	12.65 cts/lb	322.75 $/T	14.64 cts/lb
2-Aug-19	12.74 cts/lb	12.66 cts/lb	327.95 $/T	14.88 cts/lb
1-Aug-19	12.85 cts/lb	12.68 cts/lb	330.10 $/T	14.97 cts/lb

Source: www.isosugar.org

၂၀၁၉ ခုနှစ် သြဂုတ်နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၆၉ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံ တွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၂၈ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၀-၄၆၂ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၆၆-၅၈၇ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်နိုင်ငံ တွင် သကြားဈေးအနည်းငယ် မြင့်တက်လာခဲ့ပြီး

စာမျက်နှာ ၁၇ သို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကလေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းအဝေးပြုလုပ်

ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၄) ကြိမ်မြောက် (၈/ ၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၂၆ ရက်တွင် ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကလေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းပေးရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက အဖွင့်အမှာစကား ပြောကြားပြီး ကလေးခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးအောင်က ကလေးခရိုင်တွင် (၇/ ၂၀၁၉) အစည်းအဝေးမှ ဆုံးဖြတ်ချက်ချခဲ့မှုအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းပေးရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက နိုဝုံးချုပ်အနေဖြင့် မိမိတို့အနေနှင့် တစ်နိုင်တစ်ပိုင်လုပ်ရန်၊ စားသုံးရန် သင့်၊ မသင့်ကိုစစ်ဆေးရာတွင် စားသုံးသူ ဥပဒေတစ်ခုထဲ မဟုတ်ကြောင်း၊ ကျန်သည့်ဥပဒေများ လဲရှိကြောင်း၊ စစ်ဆေးသည့်အခါ တွေ့ရှိခဲ့လျှင် ပထမအနေဖြင့် သတိပေးမည်။ ဒုတိယအနေဖြင့် ထပ်တွေ့ခဲ့လျှင် ဥပဒေတစ်ခုခုနှင့် အရေးယူမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်နေခြင်းမှာ စားသုံးသူတွေကို ရောဂါများမဖြစ်ပွားအောင် စစ်မှန်သည့် စေတနာထားပြီး ကာကွယ်ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုကိုလည်း မိမိတို့ကြောင့် ဒုက္ခရောက်စေမည်မဟုတ်ကြောင်း၊ ရည်ရွယ်ချက်မှာ ပြည်သူလူထုကောင်းစားရေးအတွက် ပြုလုပ်ခြင်းသာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိရသည်။

ဇင်မိုးဝါ (ကလေးမြို့)

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန. . . မှအဆက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ မော်တော်ယာဉ် အရောင်းစင်တာ ၁၁၅ ခု၊ အရောင်းပြခန်း ၄၅ ခုတို့အား ခွင့်ပြုဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းကို စနစ်တကျ ဆောင်ရွက်ခဲ့ပါကြောင်း၊ မော်တော်ယာဉ် တင်သွင်းခြင်းအတွက် နှစ်စဉ် Model Year ကို သတ်မှတ်ထုတ်ပြန်လျက်ရှိပြီး ၂၀၂၀ ခုနှစ်၌ ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းအတွက် ခွင့်ပြုမည့် Model Year ကို အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ ဆွေးနွေးဆုံးဖြတ်ချက်အရ လည်းကောင်း၊ ကုန်သွယ်မှုလိုင်ငြေပြမှုကို လျော့နည်းစေရန်အတွက် လည်းကောင်း၊ ပြည်တွင်း မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် လည်းကောင်း ရည်ရွယ်ပြီး သက်ဆိုင်ရာဌာနများသို့ သဘောထားမှတ်ချက်များနှင့်အညီ ၂၀၁၉ ခုနှစ်မကုန်မီ ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် အဖွဲ့ဝင်ဌာနများ၏ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ တွေ့ကြုံရသည့်အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်အဆင်ပြေစွာ ဆောင်ရွက်ပေးခြင်းဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်ပြီး အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တက်ရောက်လာကြသူများအနေဖြင့် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းအကြံပြု ဆွေးနွေးပေးကြရန် စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြဆွေးနွေးကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးကာ နိုဝုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

MOC(IR)

စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ရုရှားဗဟိုဘဏ်က ယခုရက်ပိုင်းအတွင်း ထုတ်ပြန်ခဲ့သည့် စာရင်းအချက်အလက်များအရ ရုရှားနိုင်ငံသည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအတွင်း၌ ရွှေတန်ချိန် ၉ တန်ခန့်ဝယ်ယူခဲ့ပြီး အရန်ရွှေပိုင်ဆိုင်မှုပမာဏကို တန်ချိန် ၂၂၁၇ ဒသမ ၆၈ တန်သို့ရောက်အောင် တိုးမြှင့်ခဲ့သည့်အတွက် ရွှေပိုင်ဆိုင်မှုတန်ဖိုး မှာ ကာလတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၉၂၃ ဘီလီယံခန့်ရှိကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလဆန်းမှ ဇူလိုင်လကုန်အထိ ကာလအတွင်း ရုရှားဗဟိုဘဏ်မှ ဝယ်ယူခဲ့သည့် ရွှေတန်ချိန်ပမာဏ မှာ ၁၀၅. ၇၅ တန်ခန့်ရှိကြောင်း၊ ရုရှားဗဟိုဘဏ်သည် ၂၀၁၈ ခုနှစ်၊ တစ်နှစ်တာ ကာလအတွင်း၌လည်း ရွှေတန်ချိန် ၂၇၅ တန်ကို ဝယ်ယူခဲ့ရာ သမိုင်းတစ်လျှောက် တစ်နှစ်အတွင်း အများဆုံး ဝယ်ယူမှုပမာဏပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရုရှားဗဟိုဘဏ်၏ အရန်ရွှေနှင့် နိုင်ငံခြား အရန်ငွေကြေးပိုင်ဆိုင်မှု စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂၈ ဒသမ ၄ ဘီလီယံခန့်ရှိပြီး အဆိုပါပမာဏအနက် ၁၉ ဒသမ ၆ ရာခိုင်နှုန်းမှာ အရန်ရွှေများ၏ ကာလတန်ဖိုးပမာဏဖြစ်ကြောင်း www.rt.com အင်တာနက် website တွင် ဖော်ပြပါရှိသည်ကို လေ့လာ တွေ့ရှိရသည်။

ကမ္ဘာပေါ်၌ အရန်ရွှေပိုင်ဆိုင်မှု အများဆုံးနိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု ၈၁၃၃ ဒသမ ၅ တန်၊ ဂျာမနီ ၃၃၆၆ ဒသမ ၈ တန်၊ အီတလီ ၂၄၅၁ ဒသမ ၈ တန်၊ ပြင်သစ် ၂၄၃၆ ဒသမ ၁ တန်၊ ရုရှား ၂၂၁၇ ဒသမ ၆၈ တန်၊ တရုတ် ၁၉၂၆ ဒသမ ၅ တန်၊ ဆွစ်ဇာလန် ၁၀၄၀ တန် ၊ ဂျပန် ၇၆၅ ဒသမ ၂ တန်၊ အိန္ဒိယ ၆၁၈ ဒသမ ၂ တန်၊ နယ်သာလန် ၆၁၂ ဒသမ ၅ တန်တို့ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် သြဂုတ် ၁ ရက်မှ ၂၈ ရက်အတွင်း ကမ္ဘာ့ရွှေစျေးနှင့် မြန်မာ့ရွှေစျေးအခြေအနေတို့ကို အောက်ပါ အတိုင်း တွေ့ရှိရသည်

စဉ်	နေ့စွဲ	ရွှေစျေးနှုန်း	
		အခေါက်ရွှေ ၁ ကျပ်သားစျေးနှုန်း	(ဒေါ်လာ/ အောင်စ)
၁	၁.၈.၂၀၁၉	၁၁၄၁၅၀၀	၁၄၀၇
၂	၂.၈.၂၀၁၉	၁၁၅၀၅၀၀	၁၄၃၇
၃	၃.၈.၂၀၁၉	၁၁၅၄၅၀၀	၁၄၄၁
၄	၄.၈.၂၀၁၉	၁၁၅၃၅၀၀	၁၄၄၁
၅	၅.၈.၂၀၁၉	၁၁၆၈၀၀၀	၁၄၅၅
၆	၆.၈.၂၀၁၉	၁၁၇၅၀၀၀	၁၄၆၄
၇	၇.၈.၂၀၁၉	၁၂၀၃၀၀၀	၁၄၈၉
၈	၉.၈.၂၀၁၉	၁၂၁၇၀၀၀	၁၅၀၄
၉	၁၀.၈.၂၀၁၉	၁၂၁၂၀၀၀	၁၄၉၇
၁၀	၁၁.၈.၂၀၁၉	၁၂၁၂၀၀၀	၁၄၉၇
၁၁	၁၂.၈.၂၀၁၉	၁၂၁၃၀၀၀	၁၅၀၅
၁၂	၁၃.၈.၂၀၁၉	၁၂၃၇၀၀၀	၁၅၁၁
၁၃	၁၄.၈.၂၀၁၉	၁၂၂၁၀၀၀	၁၅၀၇
၁၄	၁၅.၈.၂၀၁၉	၁၂၄၄၀၀၀	၁၅၂၄
၁၅	၁၆.၈.၂၀၁၉	၁၂၄၄၀၀၀	၁၅၂၄
၁၆	၁၈.၈.၂၀၁၉	၁၂၃၀၀၀၀	၁၅၁၃
၁၇	၁၉.၈.၂၀၁၉	၁၂၂၅၀၀၀	၁၅၀၀
၁၈	၂၀.၈.၂၀၁၉	၁၂၂၉၀၀၀	၁၅၀၄
၁၉	၂၁.၈.၂၀၁၉	၁၂၂၆၀၀၀	၁၅၀၁
၂၀	၂၂.၈.၂၀၁၉	၁၂၂၃၀၀၀	၁၄၉၇
၂၁	၂၄.၈.၂၀၁၉	၁၂၃၃၀၀၀	၁၅၂၇
၂၂	၂၅.၈.၂၀၁၉	၁၂၃၄၀၀၀	၁၅၂၇
၂၃	၂၆.၈.၂၀၁၉	၁၂၃၉၀၀၀	၁၅၃၀
၂၄	၂၇.၈.၂၀၁၉	၁၂၄၄၀၀၀	၁၅၃၀
၂၅	၂၈.၈.၂၀၁၉	၁၂၅၆၀၀၀	၁၅၄၃

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၅၀ရာခိုင်နှုန်း၊ Annual Rate of Inflation ၈ ဒသမ ၀၈ ရာခိုင်နှုန်း၊ Year on Year Inflation ၉ ဒသမ ၅၁ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

ပြည်တွင်း ငွေကြေးစျေးကွက်တည်ငြိမ်စေရန် သြဂုတ် ၂၆ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ တစ်ဒေါ်လာလျှင် ၁၅၁၇ ကျပ်ဖြင့် ဒေါ်လာ ၁၅ သိန်းကို လေလံစျေးဖွင့်၍ ဝယ်ယူပေးခဲ့ကြောင်း သိရှိရသည်။ ယခုလအတွင်း ဗဟိုဘဏ်က ပြည်တွင်း ပုဂ္ဂလိကဘဏ်များထံမှ စုစုပေါင်းဒေါ်လာ ၁၃ သန်း ခန့် ဝယ်ယူခဲ့ကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် သြဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သြဂုတ် ၂၃ ရက်တွင်တစ်ဒေါ်လာလျှင် ၁၅၁၈ ဒသမ ၄၀ ကျပ်ရှိခဲ့ရာမှ သြဂုတ် ၂၉ ရက်တွင်ကျပ် ၁၅၂၁ ဒသမ ၃၀ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန် ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၁၉ ရာခိုင် နှုန်း မြင့်တက်လာခဲ့သည်ကို လေ့လာတွေ့ရှိရ သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သြဂုတ် ၁ ရက်မှ ၂၉ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများကို အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-



ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးစျေးကွက်ကို လေ့လာရာတွင် သြဂုတ် ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၀ ကျပ်၊ သြဂုတ် ၂၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၄ ကျပ်၊ သြဂုတ် ၂၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၆ ကျပ်၊ သြဂုတ် ၂၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၉ ကျပ်နှင့် သြဂုတ် ၂၉ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၅၂၂ ကျပ် အသီးသီးပေါက်စျေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

စဉ်	နိုင်ငံတကာ ငွေကြေးများ		၂၃-စ-၁၉	၂၄-စ-၁၉	၂၇-စ-၁၉	၂၈-စ-၁၉	၂၉-စ-၁၉	တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%)	
၁	Myanmar	kyat	၁၅၁၈.၄	၁၅၁၆.၈	၁၅၁၈.၅	၁၅၂၀.၅	၁၅၂၁.၃	၀.၁၉	↑
၂	Thai Baht	THB	၃၀.၇၂၅	၃၀.၅၉၅	၃၀.၅၇၅	၃၀.၆၃၅	၃၀.၅၉၅	-၀.၄၂	↓
၃	Singapore Dollar	SGD	၁.၃၈၇	၁.၃၈၇	၁.၃၈၉	၁.၃၈၉	၁.၃၈၈	၀.၀၇	↑
၄	Malaysian Ringgit	MYR	၄.၁၉၀	၄.၂၀၃	၄.၂၀၆	၄.၂၁၃	၄.၂၁၇	၀.၆၅	↑
၅	Indonesian Rupiah	IDR	၁၄,၂၁၂	၁၄,၂၄၀	၁၄,၂၅၆	၁၄,၂၆၁	၁၄,၂၃၈	၀.၁၈	↑
၆	Chinese Yuan	CNY	၇.၀၈၀	၇.၁၄၇	၇.၁၆၉	၇.၁၆၅	၇.၁၄၆	၀.၉၃	↑
၇	Indian Rupee	INR	၇၁.၆၂၆	၇၁.၉၃၁	၇၁.၇၄၆	၇၁.၈၁၀	၇၁.၇၅၆	၀.၁၈	↑
၈	Japanese Yen	JPY	၁၀၆.၆၂၂	၁၀၅.၈၉၂	၁၀၅.၇၈၂	၁၀၅.၇၈၉	၁၀၆.၃၁၈	-၀.၂၉	↓
၉	Australian Dollar	AUD	၁.၄၇၉	၁.၄၈၀	၁.၄၈၁	၁.၄၈၃	၁.၄၈၂	၀.၂၂	↑
၁၀	Euro	EUR	၀.၉၀၃	၀.၉၀၀	၀.၉၀၀	၀.၉၀၂	၀.၉၀၃	၀.၀၀	↑
၁၁	Pound Sterling	GBP	၀.၈၁၉	၀.၈၁၇	၀.၈၁၆	၀.၈၂၀	၀.၈၂၀	၀.၁၅	↑

Source– Central Bank of Myanmar

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဆန်ကွဲတန်ချိန် ၅၀၀၀ ကို ဂိုဒေါင်တွင် သိုလှောင်ထားပြီး MoU ပြင်ဆင်မှုကို စောင့်ဆိုင်းနေခဲ့ရကြောင်း သိရှိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် တရုတ်နိုင်ငံ ယွမ်လုံပင်း အဆင့်မြင့်စိုက်ပျိုးရေး နည်းပညာ ဆိုင်ရာ ကုမ္ပဏီတို့ပူးပေါင်း၍ စပ်မျိုးစပါး စိုက်ပျိုးနည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးသင်တန်းပေးမည်ဖြစ်ကြောင်း၊ သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက် အထိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရှိရသည်။

ယင်းသင်တန်းတွင် စပ်မျိုးစပါး ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများဖြစ်သည့် မျိုးရိုးဗီဇအလိုက် ရွေးချယ်သည့် ဇီဝကမ္မဆိုင်ရာ မျိုးကူးစပ်နည်းစနစ်များ၊ စပ်မျိုးစပါးအထွက်တိုးရန်အတွက် စိုက်ပျိုးထုတ်လုပ်ခြင်းနည်းစနစ်များ၊ တရုတ်နိုင်ငံ၏ စပ်မျိုးစပါးထုတ်လုပ်ရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တိုးတက်လာမှုအခြေအနေတို့ကို လက်ဆင့်ကမ်းနိုင်ရေးအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြောကြားခဲ့သည်။

သင်တန်းအတွက် ကုန်ကျစရိတ်များကို တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာနက အကုန်အကျခံမည်ဖြစ်ပြီး ရိုးရိုးစပါးမှာ တင်း ၈၀ ထွက်လျှင် စပ်မျိုးစပါးက တင်း ၁၂၀ အထိထွက်ရှိကြောင်း၊ တောင်သူများအတွက် ပိုမိုတွက်ခြေကိုက်ခြင်းကြောင့် နည်းပညာဆိုင်ရာ သင်တန်းတွင် စပ်မျိုးစပါး စိုက်ပျိုးနည်းပညာနှင့်ပတ်သက်၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး စပ်မျိုးစပါးနည်းပညာ၏ သီအိုရီအပိုင်းနှင့် လက်တွေ့အပိုင်းတို့တွင် အသေးစိတ် လေ့လာ နိုင်မည်ဖြစ်ကာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လက်တွေ့လေ့လာတွေ့ရှိချက်များကို တရုတ်စပ်မျိုးစပါးပညာရှင်များနှင့် အပြန်အလှန် ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် သြဂုတ် ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၆ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန် ၂၅ မှတ် ဆန် တစ်အိတ်လျှင် ၁၉၂၂၄ ကျပ်မှ ၁၉၄၄၀ ကျပ်အထိ ပေါက်ဈေး ရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသ ဖြစ်သော မြဝတီမြို့တွင် သြဂုတ် ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်းပေါက်ဈေးရှိ ကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များ အရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် သြဂုတ် ၂၃ ရက်မှ ၂၉ ရက် အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

စဉ်	အမျိုးအစား	ရာခိုင်နှုန်း	ဈေးနှုန်း				
			၂၃.၈.၂၀၁၉	၂၆.၈.၂၀၁၉	၂၇.၈.၂၀၁၉	၂၈.၈.၂၀၁၉	၂၉.၈.၂၀၁၉
၁	ရက်(၉၀)	90(Raw)	၂၀၇၀၀	၂၀၇၀၀	၂၀၇၀၀	၂၀၇၀၀	၂၀၅၀၀
၂	ရက်(၉၀)	80(Raw)	၂၀၀၀၀	၂၀၀၀၀	၂၀၀၀၀	၂၀၀၀၀	၁၉၈၀၀
၃	သီးထပ်	90(Raw)	၂၀၀၀၀	၂၀၀၀၀	၁၉၈၀၀	၁၉၈၀၀	၁၉၈၀၀
၄	သီးထပ်	80(Raw)	၁၉၂၀၀	၁၉၂၀၀	၁၉၂၀၀	၁၉၂၀၀	၁၉၂၀၀
၅	ဧည့်မထ	70(Raw)	၁၈၇၀၀	၁၈၅၀၀	၁၈၂၀၀	၁၈၂၀၀	၁၈၂၀၀
၆	ဧည့်မထ	65(Raw)	၁၈၃၀၀	၁၈၀၀၀	၁၇၇၀၀	၁၇၇၀၀	၁၇၅၀၀
၇	ကရင်မ	90(Raw)	၁၉၇၀၀	၁၉၅၀၀	၁၉၂၀၀	၁၉၂၀၀	၁၉၂၀၀
၈	ကရင်မ	80(Raw)	၁၉၃၀၀	၁၉၃၀၀	၁၉၀၀၀	၁၉၀၀၀	၁၉၀၀၀

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင်ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး စစ်တွေမြို့ နှင့်မြိတ်မြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင်ကျပ် ၁၁၀၀၊ မော်လမြိုင်မြို့တွင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရ သည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၆ ဒသမ ၃၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် သြဂုတ်လ နောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ် နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်သည်။

စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

တရုတ်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံများတွင် သကြားဈေးနှုန်းအနည်းငယ် ကျဆင်းလာခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၂၂ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် သြဂုတ်လနောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၃၂ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၆၉ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၃၇ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၉ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၂၃ ဝန်းကျင် ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ ပျဉ်းမနား၊ မော်လမြိုင်နှင့် မန္တလေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် သြဂုတ် ၂၉ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ် တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါ လန်လျှင် ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၃၉၇၈ ကျပ်၊ ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၅၀၊ ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၀၀၀နှင့် ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၁၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၄၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် သြဂုတ် ၂၉ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၈၇၅ ကျပ်၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင်ကျပ် ၇၈၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၈၇၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ပြောင်းစိုက်တောင်သူများ အစုအဖွဲ့ ဖွဲ့စည်း

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက သြဂုတ် ၂၆ ရက်တွင် ပြည်တွင်းကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုစေသော အစုအဖွဲ့များ (သို့) အသင်းအဖွဲ့များ တိုးတက်ဖွဲ့စည်းနိုင်ရေး အတွက် ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာအုပ်စုတွင် ပြောင်းစိုက်တောင်သူများ အစုအဖွဲ့ ဖွဲ့စည်းခြင်း ဆောင်ရွက်ခဲ့သည်။

ရေးဦးစွာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြို့ရီက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ဖြင့် ပြောင်းစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ အရည်အသွေးမီပြောင်းများ တင်ပို့နိုင်ရေး စသည့်ရည်ရွယ်ချက်များကို လည်းကောင်း၊ အစုအဖွဲ့(သို့) အသင်းအဖွဲ့များ၏ ဖွဲ့စည်းခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ ၊ ပြည်တွင်းရှိအစုအဖွဲ့(သို့) အသင်းအဖွဲ့များ၏ ဖွဲ့စည်းဆောင်ရွက်နေမှုများနှင့် တိုးတက်အောင်မြင်နေမှုများ၊ ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် သီးနှံအမျိုးအစားလိုက် အစုအဖွဲ့(သို့) အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရန်လိုအပ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်နေခြင်းထက် အစုအဖွဲ့(သို့)အသင်းအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်လေးစားယုံကြည်မှုရှိလာပြီး မိမိတို့ကြုံတွေ့နေရသော အခက်အခဲများကို စုပေါင်းဖြေရှင်းနိုင်မည်ဖြစ်ကြောင်းနှင့် မိမိတို့ဌာနအနေဖြင့် စိုက်ပျိုးတောင်သူအပေါ် ကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ပြောင်းစိုက်တောင်သူများက စိုက်ပျိုးချိန်တွင် အာမခံချက်ရှိသော မျိုးစေ့၊ သွင်းအားစုများရရှိလိုပြီး သီးနှံပေါ်ချိန်တွင် ထွက်ရှိသော သီးနှံများကို ပေါက်ဈေးအတိုင်းပြန်လည်သိမ်းပေး မည်ဆိုလျှင် အဆင်ပြေမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း ကုန်သည်ပွဲစားများ၏ အဆင့်ဆင့် ဈေးနှိမ်ခံရမှုများရှိကြောင်း၊ ကယားပြည်နယ်အတွင်း ကုန်စည်ဒိုင်များ ဖွင့်လှစ်ပေးနိုင်မည်ဆိုလျှင် ပိုမိုကောင်းမွန်ကြောင်း၊ ပြည်တွင်း/ပြည်ပ စိုက်ပျိုးရေး နည်းပညာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများမှ အသိပညာများလည်း ရရှိလိုကြောင်း၊ အဓိကအားဖြင့် ဈေးကွက်သတင်းအချက်အလက်များနှင့် ဈေးကွက်ချိတ်ဆက်မှုများရရှိလိုကြောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ်ရှိ သေးဆူလဲကျေးရွာအုပ်စု ပြောင်းစိုက်တောင်သူများအစုအဖွဲ့ EC/CEC များ ရွေးချယ်မှုပြုလုပ်ကာ ဥက္ကဋ္ဌအဖြစ် သေးဆူလဲကျေးရွာမှ ဦးဘော်ရယ်၊ အတွင်းရေးမှူးအဖြစ် သေးဆူလဲကျေးရွာမှ ဦးစိုးအောင်၊ ဘဏ္ဍာရေးမှူးအဖြစ် သေးဆူလဲကျေးရွာမှ ဦးစောအယ်ဒိုတို့ကို တက်ရောက်လာသူများ၏ သဘောထားဆန္ဒနှင့်အညီ ဖွဲ့စည်းခဲ့သည်။

ဖြိုးဝေအောင် (လွှိုင်ကော်)

သစ်သီးဝလံများ ပြည်ပစျေးကွက် တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနက ကြီးမှူး၍ သစ်သီးဝလံများ ပြည်ပစျေးကွက် တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးပွဲကို သြဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် ကုန်သွယ်ရေးဦးစီးဌာန ရန်ကုန်ရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူး ဦးဖေကြိုင်တို့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးနှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးတို့က ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ မြန်မာ့သစ်သီးဝလံစျေးကွက်အခြေအနေနှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန၏ ပဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကုန်သည်လုပ်ငန်းရှင်များက ၎င်းတို့၏ ထုတ်ကုန်၊ စျေးကွက်နှင့် ပြည်ပတင်ပို့နိုင်မှု အခြေအနေများကို မိတ်ဆက်ဆွေးနွေးကြပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန တာဝန်ခံနှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ သီပေါ၊ တောင်ကုတ်၊ ထားဝယ်၊ သံတောင်ကြီးမြို့များမှ ကုန်သည်လုပ်ငန်းရှင် ၇၀ ခန့်နှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။

MITC

လယ်ယာသုံးစက်ကိရိယာများ တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများအသင်း ဖွဲ့စည်းရန် အစည်းအဝေးကျင်းပ

လယ်ယာသုံး စက်ကိရိယာများ တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများအသင်း ဖွဲ့စည်းရန် အကြိုညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ သြဂုတ် ၂၆ ရက်တွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး လယ်ယာသုံး စက်ကိရိယာများ တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင် ၄၂ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက အသင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များကလည်း အသင်းဖွဲ့စည်းနိုင်ရေးအတွက် အကြံပြုဆွေးနွေးမှုများ တင်ပြပြီး အသင်းဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီအား စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးက ဦးဆောင်၍ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

နှင်းနွယ် (YGN, DOCA)

Shogun
Shogun Company Limited
旭光有限公司
Address : No (16/B), Ground Floor, Anawyahtar Street, 14 Quarter, Yankin Township, Yangon, Myanmar.
Phone : (+95) 9260448881-2, (+95) 92033338, (+95) 9260607752, (+95) 9420050146.
E-mail : info@shogunmyanmar.com
Website : www.shogunmyanmar.com

TTKS
THEIN THAN KYEI SIN Co., Ltd.
Beans & Pulses Trading
No. Nga/4(B), Yaetamar Street, Bayintnaung Pwe Yone Tan, Mayangone Township, Yangon, Union of Myanmar.
✆ 951-3680437, 3686125
Fax : 951-3686124

Course (1) တွင် Basic Electronic ၊ Electronic Engineering Instrumentation များ အသုံးပြုပုံ ၊ လွယ်ကူ ရိုးရှင်းသော equation များ ၊ component များအကြောင်း ရှင်းလင်းချက်၊ C programming language concepts များ နှင့် Arduino Microcontroller Internal Peripherals များကို Equipment စုံလင်စွာဖြင့် project များရေးသားနိုင်စေရန် သင်ကြားပေးပါသည်။

Hot Line Number : +9595406747

Pro biotics
Pre

Innolac

Diarrhoea • Dispepsia • Constipation

Korean "Kimchi" Lac.

ဝမ်းလျော၊ ဝမ်းပျက် အစာမကြေခြင်းအတွက်

Marketed and Distributed by
LIN MIN THU Company Limited

A အာရှ

ဟော်လို နှင့် အိမ်ဆောက်ပစ္စည်း အမျိုးမျိုး ဖြန့်ချိရေး



ရန်ကုန်ဆိုင်(၁) - အဆောင် ၅၆၊ အခန်း(၉၊၁၀)၊ ပတ္တမြားလမ်းနှင့်(၄) လမ်းထောင့်၊
စော်ဘွားကြီးကုန်းဝင်း၊ အင်းစိန်မြို့၊ နယ်၊ ရန်ကုန်မြို့။
- ၀၉-၉၅၁၀၁၂၂၁၁၂၂၊ ၀၉-၄၀၃၉၃၄၇၇၆၊ ၀၉-၇၇၄၂၇၂၄၄
ရန်ကုန်ဆိုင်(၂) - ၀၉-၄၂၀၆၇၀၀၁၂၂ ၊ ၀၉-၇၇၂၀၀၀၇၁၃၊ ၀၉-၂၅၁၄၃၄၃၃
မန္တလေး - ၀၉-၇၉၉၆၇၀၆၅၅၊ ၀၉-၄၅၁၃၉၃၄၉၄၉၊ ၀၉-၄၂၉၆၂၉ဝ၀၊ ၀၉-၇၉၅၁၁၂၂၄၄ခ
မုံရွာ - ၀၉-၄၂၇၁၃၄၀၇၄ ၊ ၀၉-၇၆၅၂၂၄၀၇၄

UBC

UBC CONSTRUCTION LIMITED

U Ba Chit - CEO

Specialist In Building Construction and Re-Decoration

Add : No.29,52 Street, Botataung Township, Yangon, Myanmar.

Ph : 09-5110131, 01-397432

လယ်ယာထွက်ကုန်ပစ္စည်းများအတွက် Measures for Import Tariff Quota Management ဆိုင်ရာ ဥပဒေအပေါ် ပြင်ဆင်ဆောင်ရွက်မည့်အချက်များ တရုတ် ထုတ်ပြန်ကြေညာ

ဒေါက်တာနုနုခိုင်

၂၀၁၉ ခုနှစ် သြဂုတ် ၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လယ်ယာထွက်ကုန်ပစ္စည်းများအတွက် Measures for Import Tariff Quota Management ဆိုင်ရာ ဥပဒေအပေါ်ပြင်ဆင်ဆောင်ရွက်မည့် အချက်အလက်များကို ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါပြင်ဆင်ဆောင်ရွက်မည့် အချက်များအပေါ် အများပြည်သူတို့အနေဖြင့် သဘောထားမှတ်ချက်များကို ၂၀၁၉ ခုနှစ် သြဂုတ် ၂၂ ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါဥပဒေနှင့်စပ်လျဉ်း၍ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ NDRC နှင့်ဆွေးနွေးညှိနှိုင်းအတည်ပြုချက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြင်ဆင်ဆောင်ရွက်မည့် အချက်များကို အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည်-

(က) သွင်းကုန်အခွန် Quota အရ ဆောင်ရွက်မည့်လယ်ယာထွက်ကုန်ပစ္စည်းများမှာ ဂျုံ(ဂျုံမှုန့်၊ ဂျုံစေ့)၊ပြောင်း(ပြောင်းမှုန့်၊ ပြောင်းဖူးစေ့)၊ ဆန် (ဆန်မှုန့်၊ဆန်) သကြား၊ဝါဂွမ်း၊ သိုးမွေး၊ ချည်လုံးချည်မျှင်တို့ဖြစ်ကြောင်း၊ အဆိုပါသွင်းကုန်အခွန် Quota အရ ဆောင်ရွက်မည့်လယ်ယာထွက်ကုန်ပစ္စည်းများ၏သက်ဆိုင်ရာ အခွန်ပစ္စည်းများနှင့်သက်ဆိုင်သော အခွန်နှုန်းတို့အား ထပ်မံထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း။

(ခ) ဂျုံ၊ ပြောင်း၊ ဆန်၊ သကြား၊ ဝါဂွမ်းတို့၏ သွင်းကုန်အခွန် Quota တို့အား နိုင်ငံပိုင်နှင့်နိုင်ငံပိုင်မဟုတ်သည့်ကုန်သွယ်မှု Quota ဟူ၍ခွဲခြားသတ်မှတ်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်ကုန်သွယ်မှုသွင်းကုန် Quota အနေဖြင့် နိုင်ငံပိုင်ကုန်သွယ်မှုကုမ္ပဏီလုပ်ငန်းစုမှတစ်ဆင့် တင်သွင်းရန်နှင့် ကုန်သွယ်မှုပြုလုပ်ရန်အခွင့်အရေးရရှိသည့် နောက်ဆုံးအသုံးပြုသူအနေဖြင့်လည်း ကိုယ်တိုင်တင်သွင်းနိုင်ကြောင်း။

(ဂ) သကြား၊ သိုးမွေး၊ ချည်လုံးချည်မျှင်တို့အတွက် သွင်းကုန်အခွန် Quota အားတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွဲဝေသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း။

(ဃ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် NDRC တို့မှလုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် ပြည်နယ်အဆင့်အဖွဲ့အစည်းတို့မှ လျှောက်လွှာတင်သွင်းသူများက တင်သွင်း လျှောက်ထားလာသည့် လျှောက်လွှာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် NDRC တို့သို့ ပေးပို့ရန်၊ သတင်းအချက်အလက် လက်ခံဆောင်ရွက်သည့်ဌာနအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် NDRC တို့သို့ သတင်းဆက်လက်ပေးပို့တင်ပြရန်၊ သတ်မှတ်ထားသည့် အချက်အလက်များနှင့်မကိုက်ညီသည့် လျှောက်လွှာများအား ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ရန် နှိုးဆော်ပေးရန်နှင့်အတည်ပြုခွင့်ပြုချက်ရရှိသည့် လျှောက် လွှာများအား "တရုတ်ပြည်သူ့သမ္မတနိုင်ငံလယ်ယာထွက်ကုန်ပစ္စည်းသွင်းကုန်အခွန် Quota လက်မှတ်" အားထုတ်ပေးရန်စသည်တို့ကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း နှင့် အာဏာအပ်နှင်းခြင်းခံရသည့်အဖွဲ့အစည်းအား ထပ်မံထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း။

(င) Customs Special Regulatory Area နှင့် Bonded Regulatory Sites တို့သို့ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများအနေဖြင့် "လယ်ယာထွက်ကုန်သွင်းကုန်အခွန် Quota လက်မှတ်" အား ထုတ်ယူခြင်းမှ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း။

(စ) နှစ်စဉ်လယ်ယာထွက်ကုန်သွင်းကုန်အခွန် Quota လျှောက်လွှာတင်သွင်းရမည့်ကာလမှာ နှစ်စဉ်အောက်တိုဘာ ၁၅ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း (အရောင်းအဝယ်စာချုပ် အထောက်အထားဖြင့် ဦးရာလူစနစ် Quota ခွဲဝေသည့်စနစ်မှလွဲ၍) တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် NDRC တို့အနေဖြင့် လျှောက်လွှာတင်သွင်းရမည့် ကာလမတိုင်မီ တစ်လကြိုတင်၍ ၎င်းတို့၏ Websites များတွင် အဆိုပါ လယ်ယာထွက်ကုန်ပစ္စည်း အမယ်တိုင်း၏ လာမည့်နှစ်အတွက် သွင်းကုန်အခွန် Quota စုစုပေါင်းပမာဏ၊ လျှောက်လွှာတင်သွင်းရန် လိုအပ်သည့်အချက်အလက်များနှင့် နိုင်ငံတော်ကောင်စီ၏ Tariff and Tax Commission မှအတည်ပြုထားသည့် ၎င်းနှစ်၏ လယ်ယာထွက်ကုန်သွင်းကုန်အခွန် Quota တို့အတွက် သက်ဆိုင်ရာ အခွန်ပစ္စည်းများနှင့် သက်ဆိုင်သောအခွန်နှုန်းတို့အား ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ သကြား၊ သိုးမွေး၊ ချည်လုံးချည်မျှင်တို့အတွက် တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး၊ ဂျုံ၊ ပြောင်း၊ ဆန်၊ ဝါဂွမ်းတို့အတွက် NDRC မှ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း။

(ဆ) တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းအနေဖြင့် အဆိုပါဒေသအတွင်းရှိသကြား၊ သိုးမွေး၊ ချည်လုံးချည်မျှင်တို့အတွက် သွင်းကုန်အခွန် Quota လျှောက်လွှာတင်သွင်းလာမှုများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် NDRCမှ အာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းအနေဖြင့် အဆိုပါဒေသအတွင်းရှိ ဂျုံ၊ ပြောင်း၊ ဆန်၊ ဝါဂွမ်းတို့အတွက် သွင်းကုန်အခွန် Quota လျှောက်ထားမှုများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

(ဇ) တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းအနေဖြင့် ထုတ်ပြန်ကြေညာထားသည့်သတ်မှတ်ချက်များနှင့်အညီ သကြား၊ သိုးမွေး၊ ချည်လုံးချည်မျှင်တို့အတွက် လျှောက်လွှာ တင်သွင်းမှုများကိုလက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်မတိုင်ခင် လျှောက်လွှာများအား (အရောင်းအဝယ်စာချုပ် အထောက်အထားဖြင့် ဦးရာလူစနစ် Quota ခွဲဝေသည့်စနစ်မှလွဲ၍)တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ထပ်ဆင့်တင်ပြသွားရန်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် NDRC သို့မိတ္တူပေးပို့ရမည်ဖြစ်ကြောင်း၊ ထို့အတူ NDRC မှအာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းအနေဖြင့် ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ ဂျုံ၊ ပြောင်း၊ ဆန်နှင့်ဝါဂွမ်းတို့အတွက် လျှောက်လွှာတင်သွင်းမှုများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး လျှောက်လွှာများကို နိုဝင်ဘာ ၁၅ ရက်မတိုင်ခင် NDRCသို့ ထပ်ဆင့်တင်ပြရန်နှင့် တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ မိတ္တူပေးပို့ရမည်ဖြစ်ကြောင်း။

(စျ) နှစ်စဉ် ဇန်နဝါရီ ၁ ရက် မတိုင်ခင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် NDRC ဌာနတို့အနေဖြင့် ၎င်းတို့ အာဏာအပ်နှင်းထားသည့် အဖွဲ့အစည်းများမှ တစ်ဆင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာထွက်ကုန်သွင်းကုန်အခွန် Quota တံဆိပ်ဝိုင်း (သို့) NDRC လယ်ယာထွက်ကုန်သွင်းကုန်အခွန် Quota တံဆိပ်ဝိုင်းရိုက်နှိပ်ထားသည့် "လယ်ယာထွက်ကုန်သွင်းကုန်အခွန် Quota လက်မှတ်"ကိုထုတ်ပေးမည်ဖြစ်ကြောင်း။

(ည) Processing Trade ပုံစံအရ လယ်ယာထွက်ကုန်သွင်းကုန်အခွန် Quotaတင်သွင်းသူများအနေဖြင့် လျှောက်လွှာတင်သွင်းချိန်၌ ကုန်သွယ်မှုနည်းလမ်းပုံစံနေရာတွင် "Processing Trade" အားရွေးချယ်ပေးရန်နှင့်အဆိုပါ Processing Trade ဖြင့် ကုန်သွယ်မှုပြုလုပ်မည့် ကုမ္ပဏီလုပ်ငန်းစုအနေဖြင့် သတ်မှတ်ထားသည့် အချိန်အတွင်း Processing နှင့်တစ်ဆင့် ပြန်လည်တင်ပို့ခြင်းဆိုင်ရာလုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြုလုပ်နိုင်ခြင်းမရှိပါက အဆိုပါ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ နောက် ၃၀ ရက်အတွင်း အဆိုပါ Processing Trade ဆိုင်ရာ လုပ်ငန်းပယ်ဖျက်မှုလုပ်ထုံးလုပ်နည်းများကို အကောက်ခွန်ဆိုင်ရာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

(ဋ) Customs Special Regulatory Area (သို့)Bonded Regulatory Sitesတို့မှတစ်ဆင့် တင်သွင်းလာသည့် ပြင်ပမှ သွင်းကုန်အခွန် Quota လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် အကောက်ခွန်ဌာနမှလက်ရှိကျင့်သုံး ဆောင်ရွက်နေသည့် လုပ်ထုံးလုပ်နည်းများအရကြီးကြပ်စစ်ဆေးမှုများကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လယ်ယာ ထွက်ကုန်ပစ္စည်းများအတွက် သွင်းကုန်အခွန် Quota Certificate အပေါ် အခြေခံ၍ ကုန်ပစ္စည်းတင်သွင်းမှုစီမံခန့်ခွဲမှုဆိုင်ရာ ဆက်စပ်လုပ်ထုံးလုပ်နည်းများအရ သွင်းကုန် တင်သွင်းမှုအတွက်လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

(ဌ) နောက်ဆုံးအသုံးပြုသူသို့ ခွဲဝေပေးထားသည့် နိုင်ငံပိုင် ကုန်သွယ်မှု၏ လယ်ယာထွက်ကုန်သွင်းကုန်အခွန် Quota ပမာဏသည် အဆိုပါနှစ်၏ သြဂုတ် ၁၅ ရက်မတိုင်ခင်ထိ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းမရှိပါက ၎င်းအနေဖြင့် ကုန်သွယ်မှုပြုလုပ်ရန် အခွင့်အရေးရှိသည့် မည်သည့်ကုမ္ပဏီ လုပ်ငန်းစုမဆို ကိုယ်စားလှယ်လွှဲအပ်၍ တင်သွင်းနိုင်ကြောင်းနှင့် ကုန်သွယ်မှုပြုလုပ်ရန်အခွင့်အရေးရှိသည့် မည်သူမဆို ကိုယ်ပိုင် တင်သွင်းနိုင်ကြောင်း။

(ဍ) လယ်ယာထွက်ကုန်ပစ္စည်းများအတွက် သွင်းကုန်အခွန် Quota ထပ်မံခွဲဝေလျှောက်ထားမှုများအတွက်ကာလမှာနှစ်စဉ်စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အထိဖြစ်ကြောင်း(အရောင်းအဝယ်စာချုပ် အထောက်အထားဖြင့် ဦးရာလူစနစ် Quota ခွဲဝေသည့်စနစ်မှလွဲ၍) လျှောက်လွှာများအား အာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ရာတွင် NDRC ဌာနသို့ မိတ္တူပေးပို့ရန်လည်းကောင်း၊ အလားတူပင် NDRC ဌာနသို့ပေးပို့ရာတွင် စီးပွာရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ မိတ္တူပေးပို့ရန်လိုအပ်မည်ဖြစ်ကြောင်း၊ စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် NDRC ဌာနတို့မှ လျှောက်လွှာတင်သွင်းရမည့် ကာလမတိုင်ခင် တစ်လကြိုတင်၍ လယ်ယာထွက်ကုန်ပစ္စည်းများအတွက် သွင်းကုန်အခွန် Quota ထပ်မံခွဲဝေလျှောက်ထားမှုများအတွက် လိုအပ်သည့် အချက်အလက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ သကြား၊ သိုးမွေး၊ ချည်လုံးချည်မျှင်တို့နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှလည်းကောင်း၊ ဂျုံ၊ ပြောင်း၊ ဆန်နှင့် ဝါဂွမ်းတို့အတွက် NDRC ဌာနတို့မှလည်းကောင်း အသီးသီး ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း။

(ဎ) သွင်းကုန်အခွန် Quota ပမာဏ ထပ်မံလျှောက်ထားမှုများအတွက် နှစ်စဉ်စက်တင်ဘာ ၃၀ ရက်မတိုင်ခင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သကြား၊ သိုးမွေး၊ ချည်လုံးချည်မျှင်တို့၏ သွင်းကုန်အခွန် Quota ပမာဏကို ထပ်မံခွဲဝေပေးသွားမည်ဖြစ်ကြောင်း(အရောင်းအဝယ်စာချုပ်အထောက်အထားဖြင့် ဦးရာလူစနစ် Quota ခွဲဝေသည့်စနစ်မှလွဲ၍) အလားတူပင် NDRC ဌာနမှ ဂျုံ၊ ပြောင်း၊ ဆန်နှင့်ဝါဂွမ်းတို့အတွက် သွင်းကုန်အခွန် Quota ပမာဏ ထပ်မံခွဲဝေပေးသည့်ပမာဏအား ခွဲဝေပေးသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ (၃၂)သို့

ညောင်နှစ်ပင်ဒေသ ကိုရီးယား-မြန်မာစက်မှုဇုန်စီမံကိန်းက

[illegible]

| မောင်လွင်ပြင် |

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ သတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ဒေသတွင် ကိုရီးယား-မြန်မာပူးပေါင်းတည်ထောင်မည့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းတစ်ခု စီစဉ်နေကြောင်း သိရ၏။ စက်မှုဥယျာဉ်မြို့တော်ဆိုသည်မှာ စက်မှုဇုန်နှင့် မြို့ပြအိမ်ရာအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ပူးတွဲတည်ထောင်ခြင်းကို ဆိုလိုသည်။

ညောင်နှစ်ပင် စက်မှုဥယျာဉ်မြို့တော် စီမံကိန်းအကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်မည့်ကုမ္ဗဏီကိုလည်း ဖွဲ့စည်းထားပြီးဖြစ်သည်။ ကိုရီးယား-မြန်မာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကုမ္ဗဏီလီမိတက် (KMIC Development Co.,Ltd) ဟု အမည်ရသည်။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ KlHC (Korean Land and Housing Corporation) တို့ ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ် သည်။ ကိုရီးယားနိုင်ငံက ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် ညောင်နှစ်ပင် စက်မှုဇုန် သို့မဟုတ် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းကို အမေရိကန်ဒေါ်လာ သန်း ၁၂၀ ရင်းနှီးမြှုပ်နှံမည်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနက ဩဂုတ်လအတွင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ လှည်းကူးမြို့နယ် ညောင်နှစ်ပင်သင်တန်းကျောင်းနေရာ မြေဧရိယာ ၅၅၅ ဒသမ ၈၁ ဧကပေါ်တွင် ကိုရီးယား-မြန်မာ ပူးပေါင်းဖွဲ့စည်းထားသည့် KMIC ကုမ္ဗဏီက Industrial Complex စက်မှုဥယျာဉ်မြို့တော်ရပ်ဝန်းတစ်ခု တည်ထောင်မည်ဟု ဖော်ပြထားသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ကိုရီးယား မြေယာနှင့်အိမ်ရာ ကော်ပိုရေးရှင်း (KLHC) တို့ ဖက်စပ်လုပ်ငန်းသဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက်တွင် လက်မှတ်ရေးထိုးပြီးကြပြီဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းစီမံကိန်းနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က "နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တည်ထောင်မှုဟာ ရန်ကုန်တိုင်းဒေသကြီးနဲ့ မြန်မာနိုင်ငံရဲ့ စက်မှုကဏ္ဍ၊ နိုင်ငံခြားပို့ကုန်ကဏ္ဍ၊ လူစွမ်းအားအရင်းအမြစ်ကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ပါလိမ့်မယ်။ နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်း ကြီးမားတဲ့ အထောက်အပံ့ကောင်းတွေ ဖြစ်စေမယ်ဆိုတာ ယုံကြည်မျှော်လင့်ပါတယ်" ဟု ဆိုသည်။ အမှန်တော့ ညောင်နှစ်ပင် ကိုရီးယား-မြန်မာစက်မှုဇုန်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်မည့် မြို့ပြဆိုင်ရာ မီဂါပရောဂျက်ဟုခေါ်သည့် မီဂါပရောဂျက် (MEGA Project) သုံးခုထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြို့ပြဆိုင်ရာ မီဂါပရောဂျက်လေးခုအကောင်အထည်ဖော်မည် စီစဉ်ထားသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် သုံးခု၊ မန္တလေးတိုင်းဒေသကြီးတွင် တစ်ခုတို့ဖြစ်သည်။ မီဂါပရောဂျက်ဆိုသည်မှာ စက်မှုဇုန်နှင့်မြို့ပြအိမ်ရာများ၊ စီးပွားရေးလုပ်ငန်းများပေါင်းစည်းထားသော စက်မှုဥယျာဉ်မြို့တော်စီမံကိန်းမျိုးကို ဆိုလိုပုံရသည်။ မြို့ပြတစ်ခုတည်ဆောက်ခြင်း၊ စက်မှု ကုန်ထုတ်လုပ်မှုစက်ရုံ၊ အလုပ်ရုံများတည်ထောင်ခြင်း၊ စီးပွားရေးရပ်ဝန်းတစ်ခုဖော်ဆောင်ခြင်း၊ ကုန်သွယ်ကူးသန်းရောင်းဝယ်မှုဇုန်တစ်ခု အကောင်အထည်ဖော်ခြင်း စသည်တို့ အကျုံးဝင်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း စီစဉ်ထားသည့် မြို့ပြဆိုင်ရာ မီဂါပရောဂျက်သုံးခုမှာ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန် လမ်းမိုင်တိုင် ၃မိုင် ၁ ဖာလုံနှင့် ၅ မိုင် ၂ ဖာလုံ အကြားရေမြေ ၁၄၅၃ ဧကပေါ်တွင် တည်ဆောက်နေသည့် Eco Green City စီမံကိန်း၊ ယင်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Alliance Star Group of Companies တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းစီမံကိန်းကို အဆင့်လိုက် ဆောင်ရွက်သွားမည်။ ပထမအဆင့် စီမံကိန်းအဖြစ် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်သတ်မှတ်ထားသည်။ ပထမအဆင့် စီမံကိန်းကို ဧရိယာ ၆၆၇ ဒသမ ၆၈ ဧကပေါ်တွင် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများတည်ဆောက်မည်။ အဝေးပြေးယာဉ်ရပ်နားစခန်းပါဝင်မည်။ အဆင့်မြင့်စျေး၊ အုပ်ချုပ်ရေးဆိုင်ရာ စုပေါင်းရုံး၊ မြို့ပြဆိုင်ရာအခြေခံအဆောက်အအုံများဖြစ်သည့် လမ်းကွန်ရက်၊ လျှပ်စစ်မီး၊ ရေပေးဝေရေးစနစ်၊ စည်ပင်သာယာလုပ်ငန်း၊ ဆက်သွယ်ရေး၊ အားကစားကွင်း၊ အပန်းဖြေနေရာ ပန်းခြံစသည်တို့ တည်ဆောက်မည်။ Eco Green City တည်ဆောက်ခြင်းသည် လှည်းကူးအနီးအနားတွင် မြို့သစ်တစ်ခုတည်ခြင်းဟုခန့်မှန်းသည်။ စက်မှုဇုန်တည်ထောင်ခြင်းကို နောက်တစ်ဆင့်တွင် ဆောင်ရွက်မည်ဟုလည်း ခန့်မှန်းမိသည်။ နောက်ထပ် မီဂါပရောဂျက်တစ်ခုက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ တည်ဆောက်နေသည့် Smart District စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းထဲတွင် ဧရာဝဏ်နှင့် ရတနာတန်ဖိုးမျှတ အိမ်ရာတည်ဆောက်ရေးစီမံကိန်းတို့ ပါဝင်သည်။ နောက်ဆုံးတစ်ခု မီဂါပရောဂျက်ကတော့ လှည်းကူးမြို့နယ် ညောင်နှစ်ပင်ဒေသတွင် ဖော်ဆောင်မည့် ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်မြို့တော်စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်း နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး၍ မကြာခင်စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။ လာမည့် ၂၀၂၅ ခုနှစ်အတွင်း စီမံကိန်းပြီးစီးအောင် ဆောင်ရွက်မည်ဟုလည်း သိရသည်။ ယင်းစီမံကိန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိကြောင်းကို ၂၀၁၉ ခုနှစ် ဧပြီလအတွင်းက ပြုလုပ်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့အတွက် တတိယတစ်နှစ်တာ ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လင်း၏ ရှင်းလင်းပြောကြားချက်အရ သိရခြင်းဖြစ်သည်။

ကိုရီးယား-မြန်မာ ညောင်နှစ်ပင် စက်မှုဥယျာဉ်မြို့တော် သို့မဟုတ် စက်မှုဇုန်ရပ်ဝန်းတစ်ခု ပေါ်ပေါက်လာလျှင် ကိုရီးယားနိုင်ငံ၏ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ (SMEs) ဝင်ရောက်လာမည်ဟု ခန့်မှန်းမိသည်။ ကိုရီးယားနှင့် မြန်မာ ကုန်သွယ်မှုသည် လက်ရှိဘဏ္ဍာနှစ်များအတွင်း တိုးတက်မြင့်မားလျက်ရှိသည်ကို တွေ့နေ ရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထုတ်ပြန်ချက်များအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ကိုရီးယားသို့ မြန်မာ့ ပို့ကုန်တင်ပို့မှုဒေါ်လာ ၁၆၄ ဒသမ ၅၄ သန်းဖိုးရှိပြီး ကိုရီးယားမှ မြန်မာသို့ဒေါ်လာ ၁၅၂ ဒသမ ၂၂ သန်းဖိုးတင်သွင်းခဲ့သည်။ စုစုပေါင်းကုန်သွယ်မှုပမာဏဒေါ်လာ ၃၁၆ ဒသမ ၇၆ သန်းဖိုးရှိသည်။ ယခင်ဘဏ္ဍာနှစ်ထက် ၃၅ ဒသမ ၉၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ မြန်မာနိုင်ငံက ကိုရီးယားနိုင်ငံသို့ ချုပ်ပြီး အထည်၊ ဖိနပ်၊ ရော်ဘာစိမ်း၊ ပဲ၊ နှမ်းစသည်တို့ အများဆုံးတင်ပို့ပြီး ကိုရီးယားနိုင်ငံမှ စက်နှင့်စက်ပစ္စည်း၊ သတ္တုနှင့်လျှပ်စစ်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ တင်သွင်းသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ စာရင်းများအရ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံပေါင်း ၄၉ နိုင်ငံရှိရာတွင် ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အဆင့် (၆) တွင်ရပ်တည်နေသည်။ ၂၀၁၉ ခုနှစ်ဧပြီလအထိ ကိုရီးယားနိုင်ငံမှ လုပ်ငန်းပေါင်း ၁၇၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြပြီး ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံဖိုးအထိရှိနေသည်ဟု သိရ၏။ အများဆုံးရင်းနှီးမြှုပ်နှံနေသည့် ကဏ္ဍက ကုန်ထုတ်လုပ်မှုကဏ္ဍဟုလည်း သိရသည်။

၂၀၁၉ ခုနှစ် မေ ၂၂ ရက်မှ ၂၄ ရက်အထိ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် Myanmar Investment Seminar for Korean SMEs ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခမ်းအနားတစ်ခု ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကိုရီးယား SME များလာရောက် ရင်းနှီးမြှုပ်နှံရေးအတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ ကိုရီးယားနိုင်ငံသည် အသစ်ချမှတ်ထားသော "တောင်ပိုင်း မူဝါဒသစ် (New Southern Policy) အရနိုင်ငံတွင်းရှိ SME လုပ်ငန်းများကို အင်ဒိုချိုင်းနားနိုင်ငံများသို့ရွှေ့ပြောင်းရန်စီစဉ်နေသည်။ အထူးသဖြင့် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သို့ ရွှေ့ပြောင်း ရင်းနှီးမြှုပ်နှံကြလိမ့်မည်။ ထို့ကြောင့် ညောင်နှစ်ပင် ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်မြို့တော်စီမံကိန်းကို အဆောတလျင် အကောင်အထည် ဖော်နေခြင်းဖြစ်မည်။ ယင်းစီမံကိန်းပြီးလျှင် ညောင်နှစ်ပင်ဒေသသည် ကိုရီးယားနိုင်ငံအတွက် သီးသန့်စက်မှုဇုန်၊ သီးသန့်ဥယျာဉ်မြို့တော်ဟူ၍ ဖြစ်လာတော့မည်။ မြန်မာနိုင်ငံအတွက်လည်း အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း သောင်းဂဏန်းချီ ပေါ်ပေါက်လာပါတော့မည်ဆိုသည့်အကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့် ကုလားဆီးသီးတို့အား မြန်မာ–တရုတ်နယ်စပ်ဂိတ်လေးခုတွင် ရောဂါပိုးမွှားစစ်ဆေးနိုင်ပြီဖြစ်

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ အပါ အဝင် သစ်သီးဝလံသီးနှံများအား တင်ပို့လျက်ရှိပြီး အဓိကအားဖြင့် ဆန်၊ ပြောင်းအပြင် သရက်သီး၊ ဖရဲသီး၊ နာနတ်သီး၊ တစ်သျှူးငှက်ပျော၊ ချဉ်ပေါင်ဖာလာနှင့်ဝဉ်တို့အား အများဆုံးတင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိသော သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့် ကုလားဆီးသီးစသည့် သစ်သီးလေးမျိုးသည် ကူးစက်တတ်သော ရောဂါပိုးမွှားများပါရှိပြီး ဘေးအန္တရာယ်များပြားသည့် ကုန်ပစ္စည်းများဖြစ်သည့်အတွက် တရုတ်နိုင်ငံအတွင်းသို့တင်ပို့ရာတွင် ကူးစက်ရောဂါပိုးမွှားများ စစ်ဆေးခြင်းကို တရုတ်နိုင်ငံဘက်ရှိ အကောက်ခွန်ရုံးမှ ကြီးကြပ်စီမံခန့်ခွဲရေးသတ်မှတ်ချက်များနှင့်ကိုက်ညီသော သတ်မှတ်နေရာများတွင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆောင်ရွက်လျက်ရှိသော နယ်စပ်ဂိတ်များဖြစ်သည့် ချင်းရွှေဟော်- မိန့်တိန် (Meng Ding)၊ ကန်ပိုက်တီ-ဟိုချောင် (Hou Qiao)နှင့် လွယ်ဂျယ်- ကျန်းဖုန်း (Zhang Feng) ဂိတ်များတွင်လည်းကောင်း၊ ကြူကုတ်-ဝမ်တိန် (Wan Ding) ဂိတ်တွင်လည်းကောင်း၊ တရုတ်နိုင်ငံအတွင်းသို့တင်ပို့သည့် သစ်သီးများအတွက် ကြီးကြပ်စီမံခန့်ခွဲသည့်နေရာများ သတ်မှတ်ထားရှိပြီး အဆိုပါနေရာများတွင် ကူးစက်ရောဂါပိုးမွှားများ စစ်ဆေးနိုင်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) ကပြန်ကြားလာမှုအား သိရှိရသည်။

မေဖြိုးသူ(နှစ်နိုင်ငံ)

ပခုက္ကူခရိုင်အတွင်းရှိ စားသုံးဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချသူလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးသန်းဦး ဦးဆောင်၍ သြဂုတ် ၈ ရက်တွင် ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပခုက္ကူခရိုင်အတွင်းရှိ ဆယ်ရွာကျေးရွာ၊ ရေစကြို၊ ကမ္ဘ၊ မြစ်ခြေ စသည့်နယ်များမှ စားသုံးဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချသူလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ သည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းဆွေ ("SSS" ဆီစက်လုပ်ငန်းရှင်)က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးသန်းဦးကယခုအစည်းအဝေးသည် ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူမြို့မဈေး၊ ရေစကြို၊ ကမ္ဘ၊ မြစ်ခြေ၊ နန်းတော်ရပ်ကျေးရွာ၊ ဆယ်ရွာကျေးရွာ စသည့်ဒေသများမှ ဆီစက်/ဆုံဆီလုပ်ငန်းရှင်များဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတွေ့ကြုံရသော အခက်အခဲများကို တင်ပြစေလိုကြောင်း၊ ယနေ့ဆွေးနွေးပွဲ သည်စားသုံးသူများအနေဖြင့် ဆီနှင့်ပတ်သက်၍ အသိပညာများကို သိသင့်သိထိုက်သည်ဟု ယူဆသောကြောင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ စားသုံးဆီလုပ်ငန်းနှင့် ပတ်သက်၍ အတုအယောင်များ၊ အရောအနှောများကို ထုတ်လုပ်လာသောကြောင့် ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် မြန်မာနိုင်ငံသည်ကမ္ဘာပေါ်တွင် ကင်ဆာအဖြစ်များ ဆုံးနိုင်ငံစာရင်းတွင် ပါဝင်နေသည်ဟု လေ့လာသိရှိရပါကြောင်း၊ စားသုံးသူများသည် အသိပညာများ ရရှိစေမည့် စာအုပ်စာပေများကို ဖတ်ရှုလေ့လာမှုအားနည်းသောကြောင့် ကျန်းမာရေးဗဟုသုတများနည်းပါးနေပါကြောင်း၊ မိမိတို့ဌာနသည် စားသုံးသူများအတွက် အစားအသောက်/သုံးစွဲသည်များနှင့်ပတ်သက်၍ လုံခြုံစိတ်ချမှုရှိစေရန် တာဝန်ယူနေသောဌာနဖြစ်ပါကြောင်း၊ ထို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနဟု ဌာနခေါင်းစဉ် ပြောင်းလဲထားကြောင်း စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များအနေဖြင့် သိလိုသည်များကို မေးမြန်းနိုင်ကြောင်း၊ မိမိတို့ထုတ်လုပ်သော စားသုံးဆီများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်စေလိုကြောင်း အသိပညာပေး ရှင်းလင်း ဆွေးနွေးခဲ့သည်။

သူဇာကျော် (ပခုက္ကူ)

ယခုတစ်ပတ် ရော်ဘာတန်ချိန် ၁၀၀၀ ကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ သြဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၅ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၄၀ တင်ပို့ခဲ့ရာ MSR-10 အမျိုးအစား တန်ချိန် ၁၀၀ နှင့် Rubber Latex 60% DRC အမျိုးအစား တန်ချိန် ၁၄၀ တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ သြဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာတစ်သန်းကျော်တန်ဖိုးရှိ ရော်ဘာ တန်ချိန် ၉၀၀ ကျော် တင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာ ရေကြောင်းမှ တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့တင်ပို့ပြီး တရုတ်နိုင်ငံသို့ Synthetic ရော်ဘာ အမျိုးအစားတန်ချိန် ၄၀၀ ကျော်နှင့် MSR-10 အမျိုးအစား တန်ချိန် ၂၀၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား တန်ချိန် ၂၀၀ ကျော်နှင့် ရော်ဘာ MSR-10 အမျိုးအစား တန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀ ကျော်ပိုမိုတင်ပို့ခဲ့သည်။ ယခုတစ်ပတ်တွင် ရော်ဘာတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

ယဉ်ယဉ်အေး

စစ်ဆေးရေးမှူးများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန်အတွက် စစ်ဆေးရေးအရာရှိသင်တန်းကို သြဂုတ်လမှ စက်တင်ဘာလအတွင်း သင်တန်းသုံးကြိမ်ခွဲ၍ နေပြည်တော်၊ ရုံးအမှတ်(၅၂)၊ စားသုံးသူရေးရာဦးစီးဌာနတွင် သင်တန်းများဖွင့်လှစ်ပို့ချမည်ဖြစ်ရာ အမှတ်စဉ်(၂ / ၂၀၁၉)ကို သြဂုတ် ၂၆ရက်မှ ၃၀ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို အလုပ်ရုံဆွေးနွေးပွဲသဏ္ဌာန် အပြန်အလှန်ဆွေးနွေးခြင်းများဖြင့် ဆောင်ရွက်ခဲ့ရာ စားသုံးသူ ကာကွယ်ရေးဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ စားသုံးသူကာကွယ်ရေးဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ ဆွေးနွေးခြင်း၊ စစ်ဆေးရေးအရာရှိတာဝန်များဆွေးနွေးခြင်း၊ Recall&Ban အကြောင်းဆွေးနွေးခြင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့အကြောင်း သိကောင်းစရာများ၊ စံချိန်စံညွှန်းနှင့် အရည်အသွေးစီမံခန့်ခွဲရေး ဆောင်ရွက်မည့် လုပ်ငန်းရပ်များ ဆွေးနွေးခြင်းများအပြင် အခြားမိတ်ဖက်ဌာနများဖြစ်သော စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများကလည်း လာရောက်ဆွေးနွေးရှင်းလင်းခဲ့သည်။

သင်တန်းသားများသည် စျေးကွက်စောင့်ကြည့်လေ့လာစစ်ဆေးခြင်း Market Surveliance သင်ခန်းစာကို သင်တန်းသားများအဖွဲ့ခုနစ်ဖွဲ့ ခွဲ၍ သြဂုတ် ၂၉ ရက်တွင် နေပြည်တော်မြို့မစျေးသို့ ကွင်းဆင်း၍ စာတွေ့လက်တွေ့ ပေါင်းစပ်ဆောင်ရွက်ခဲ့ခြင်းအပေါ် သင်တန်းဆရာများက လိုအပ်သည်များ ဖြည့်စွက်မှာကြား လမ်းညွှန်ခဲ့သည်။ **သန်းသန်းတင် (မုံရွာ)**

ဂျပန်ညာမောင်းကားလေးများသာ အဝယ်ရှိသည့် ရန်ကုန်ကားစျေးကွက်

သြဂုတ်လနှောင်းပိုင်း၏ ရန်ကုန်ကားစျေးကွက်အခြေအနေမှာ လဆန်းပိုင်းကကဲ့သို့ ကားဟောင်းရောကားသစ်ပါ အရောင်းအဝယ်ဖြစ်ခဲ့သည့် အခြေအနေမှ လကုန်နောက်ဆုံးပတ်များတွင် အခြားကားအုပ်စုများ အရောင်းအဝယ်အေးသွားပြီး ဂျပန် ညာမောင်းလက်ရှိသုံးစွဲပြီး ကားဟောင်းများသာ စျေးကွက်တွင် အဝယ်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ လဆန်းပိုင်းကာလကအရောင်းအဝယ်ကောင်းနေခဲ့သော်လည်း လတ်တလောတွင် ယင်းသို့ဖြစ်ရခြင်းမှာ ပြည်တောင်စုလွှတ်တော်တွင် တင်ပြထားသည့် အခွန်အကောက်ဥပဒေကြမ်းအရ ဝင်ငွေခွန်မဖော်ပြနိုင်သည့် သူများအား အခွန်အကောက်ရာခိုင်နှုန်း ယခင်က သိန်းတစ်ထောင်အထိ ၁၅ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၃ ရာခိုင်နှုန်းထိလျှော့ချပေးမည့် သတင်းကြားသိရသည့်နောက်ပိုင်းမော်တော်ယာဉ်ဝယ်ယူသူများအခွန်နှုန်းထားများ စွာလျှော့ကျသက်သာသွားသဖြင့်အများစုအမည်ပြောင်း ဆောင်ရွက်နိုင်ပြီး ကားအရောင်းအဝယ်လေးများ ပြန်လည်ကောင်းမွန်လာနိုင်သလို ပြည်တွင်းတပ်ဆင် အက်စ်ကေဒီကား များလည်း အခွန်သက်သာခွင့် ရရှိသွားနိုင်သဖြင့် အရောင်းပြခန်းများ၊ ကုမ္ပဏီများ အရောင်းအဝယ်ကောင်းလာနိုင်ကြောင်း ယင်းနှင့် ဆက်စပ်ပြီး စလစ်ကပ်ကားများလည်း အခွန်သက်သာခွင့်ရရှိသဖြင့် အမြင့်ကားအုပ်စုမှာ အရောင်းအဝယ်ပါးလာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက သုံးသပ်ပြသည်။

ယခုလက်ရှိ ကားစျေးကွက်ထဲတွင် ဤသတင်းကြားပြီးနောက်ပိုင်း ဂျပန်ညာမောင်းကားဟောင်းများသာ ထသွားထလာလိုအပ်သူများ ဝယ်ယူတတ်ကြပြီး စျေးတန်းမှာလည်း ကျပ်သိန်း ၂၀၀ ဝန်းကျင်ခန့်သာ သုံးစွဲဝယ်ယူကြသဖြင့် တိုရိုတာပရိုဘောက်စ်၊ ဟွန်ဒါဖစ်၊ မာဇဒါဒီမီယို၊ ဆူဇူကီးဆွဖ်၊ နီဆန်းအေဒီဗန်၊ ဘယ်လ်တာစသည့် ကားလေးများသာရောင်းရတွင်ကျယ်နေပြီး စျေးနှုန်း ကျပ်သိန်း ၃၀၀/၄၀၀ အထက် ဗန်းဂတ်၊ ကလူဂျာ၊ အာလ်ဖတ်စသည့် ကားများမှာ ကြိုက်ရောင်းကြိုက်ဝယ် တစ်စီးတလေသာ အရောင်းအဝယ်ဖြစ်ကြောင်း၊ အောက်ဘက်အရပ်များ ရေကြီးရေလျှံဖြစ်စဉ်ကြောင့် ဝယ်လက်မဆင်းသလို အထက်ပိုင်းများလည်း အဆင်းနည်းကြောင်း၊ အဓိကအားဖြင့် အခွန်အကောက်ဥပဒေကြမ်းအရအခွန်သက်သာခွင့် စောင့်ဆိုင်းနေကြသဖြင့် ယင်းဥပဒေအသက်ဝင်လာမှသာ အရောင်းအဝယ်ပြန်လည် ကောင်းမွန်နိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက ပြောသည်။

SN

ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်စျေးနှုန်းများ

စဉ်	အမျိုးအစား/MDL	အကျရာ	စျေးနှုန်း	မှတ်ချက်
၁။	အာလ်ဖတ် (၂၀၀၃)	I	၃၇၀ သိန်း	၂.၄ ဓာတ်ဆီ၊ ရန်ကုန်
၂။	ကလူဂျာ (၂၀၀၂)	J	၃၉၅ သိန်း	၂.၄ ဓာတ်ဆီ၊ ရန်ကုန်
၃။	ဝင်းရဒ်(နစ်ဆန်း) (၂၀၁၈)	H	၁၉၅ သိန်း	၁.၅ ဓာတ်ဆီ၊ ရန်ကုန်
၄။	ပရီဒီယို (၂၀၀၂)	F	၁၅၅ သိန်း	၁.၈ ဓာတ်ဆီ၊ ရန်ကုန်
၅။	ဂ္ဂရှ် (၂၀၀၃)	J	၂၄၅ သိန်း	၁.၈ ဓာတ်ဆီ၊ ရန်ကုန်
၆။	ဟွန်ဒါ (အဲဝေပ့်)(၂၀၀၈)	G	၁၈၅ သိန်း	၁.၅ ဓာတ်ဆီ၊ မန္တလေး
၇။	ဘယ်လ်တာ(၂၀၀၉)	F	၂၀၅ သိန်း	၁.၃ ဓာတ်ဆီ၊ ရန်ကုန်
၈။	ဆူဇူကီး(ဆွဖ်) (၂၀၁၉)	Q	၂၅၂ သိန်း	၁.၃ ဓာတ်ဆီ၊ ရန်ကုန်
၉။	ဆူဇူကီးပစ်ကပ် (၂၀၀၈)	F	၁၁၅ သိန်း	၀.၆ ဓာတ်ဆီ၊ ရန်ကုန်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ရောဝတီတိုင်းဒေသကြီး ရေတပ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်း

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမ၌ သြဂုတ် ၂၇ ရက်တွင် ရောဝတီတိုင်းဒေသကြီး ရေတပ်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပရာ တိုင်းဦးစီးမှူး ဦးစိုးအောင်၊ ဒုတိယတိုင်းဦးစီးမှူးနှင့် ဌာနခွဲမှူးများ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိန်မောင်မြင့်၊ ရောဝတီကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင် ဖိတ်ကြားထားသူများနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ရေတပ်စိုက်ပျိုးထုတ်လုပ်သူတောင်သူကုန်သည် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာနတိုင်း ဦးစီးမှူး ဦးစိုးအောင်က ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေး စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ကဏ္ဍမှာ အရေးပါသည့်အတွက် အသင်းအဖွဲ့များ ခိုင်ခိုင်မာမာရှိဖို့ လိုအပ်ကြောင်း၊ ပြည်ပစျေးကွက် ကျယ်ပြန့်လာပြီး စျေးကွက်ဝေစုပိုမိုရရှိစေရန် ဒေသအာဏာပိုင်၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ဖို့လိုသလို မိမိတို့ဌာနအနေဖြင့်လည်း လုပ်ငန်းရှင်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် အပိုင်းများကိုလည်း ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က တိုင်းဒေသကြီးအတွင်းလက်ရှိ စီးပွားရေးအသင်းပေါင်း ၄၀ ကျော် ဖွဲ့စည်းထားရှိပြီး ယခုလို တိုင်းဒေသကြီး ရေတပ်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းနိုင်သည့်အတွက် ဝမ်းသာကုဏ်ယူကြောင်း၊ စျေးကွက်ဖွံ့ဖြိုးလာသော ရေတပ်သီးပြည်ပသို့ နှစ်စဉ် တိုးချဲ့တင်ပို့နိုင်ရေး၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး အသင်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိန်မောင်မြင့်က စျေးကွက်ဝင်စီးပွားဖြစ် ရေတပ်စိုက်ပျိုးရာတွင် စီးပွားရေး အခွင့်အလမ်းများ ပိုမိုရရှိစေရန် အထွက်နှုန်းတိုးသော သိပ္ပံနည်းကျ မြန်မာ GAP Guideline ၁၆ ချက်နှင့် GAP ဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းနှင့်ဘေးအန္တရာယ်ကင်းသော သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေး နိုင်ငံတကာစျေးကွက်သို့ အရည်အသွေးမီ တင်ပို့ရောင်းချနိုင်ရေးနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ တောင်သူများဝင်ငွေတိုးပွားလာစေရန်နှင့် တောင်သူများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အသိပညာပေး ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ရေတပ်စိုက်ပျိုးသူတောင်သူ၊ ကုန်သည် လုပ်ငန်းရှင်များ၏ သဘောထားဆန္ဒနှင့်အညီ ဥက္ကဋ္ဌ ဦးဌေးဝင်း (မအူပင်)၊ အတွင်းရေးမှူးဦးအောင်မျိုးသန့် (ဇလွန်)၊ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ တွဲစာရင်းစစ်၊ အလုပ်အမှုဆောင်တို့ကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ရောမြေ (ပုသိမ်)

ရိုးရာယဉ်ကျေးမှုဆိုင်ရာ နေ့ဝက်ခရီးစဉ်သစ် အလားအလာများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့ Royal Airstrip Hotel ၌ သြဂုတ် ၂၃ ရက်တွင် သစ်သီးဝလံစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှုဖွံ့ဖြိုးရေးစီမံကိန်း၏ Implementation Agency ဖြစ်သည့် International Trade Center (ITC) သည် ဟဲဟိုးမြို့ Royal Airstrip Hotel ၌ ညောင်ရွှေမြို့နှင့် ကလောမြို့များအတွက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ နေ့ဝက် ခရီးစဉ်သစ်အလားအလာများ Kick Off Workshop ကျင်းပခဲ့သည်။

ညောင်ရွှေမြို့နှင့် ကလောမြို့များအတွက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ နေ့ဝက်ခရီးစဉ်သစ် အလားအလာများ Kick Off Workshop အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်နှင့် စီမံကိန်း၏ ITC မှ တာဝန်ရှိသူ International Consultant Dr. Nicole Haeusler တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး ITC ကျွမ်းကျင်ပညာရှင် Mr. Martin က Cultural Heritage Tours in Southeast Asia ခေါင်းစဉ်ဖြင့် ရှင်းလင်းပို့ချကာ တက်ရောက်လာသည့် အသင်းအဖွဲ့များမှ လည်း မိမိတို့လက်ရှိနေသည့်ခရီးစဉ်များ၊ Cultural / Heritage Tours နှင့် ဆက်စပ်နေသည့် နေ့ဝက် ခရီးစဉ်အသစ်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကမ္ဘောဇကုန်သွယ်မှု ဗဟိုဌာန တာဝန်ခံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ညောင်ရွှေ၊ ကလော၊ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ အမျိုးသမီးအသင်းအဖွဲ့များဖြစ်သည့် ရှမ်းပြည်နယ်အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ အင်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **စောဝင်းကျော်(ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန)**

Myanmar Treasure Institute ဖွင့်လှစ်

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ စက်တော်ရာလမ်းတွင် Myanmar Treasure Institute ကို သြဂုတ် ၂၅ ရက်တွင် Myanmar Metropolitan Colleage မှ Business Development Consultant ဦးကျော်ဇေယျ၊ ပုသိမ်မြို့ရှိ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ Myanmar Treasure Institute ၏ Founder ဖြစ်သူ ဦးထွန်းဇံဖြိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ရောဝတီတိုင်းဒေသကြီး စီးပွားရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့်မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။

Myanmar Treasure Institute ကို Myanmar Metropolitan Colleage တို့ပူးပေါင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တက်သစ်လူငယ်များ၊ ရာထူးငယ်ဝန်ထမ်းများ၊ မန်နေဂျာများ၊ အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဘာသာစကားဆိုင်ရာ သင်တန်းများနှင့် စီးပွားရေးဆိုင်ရာ သင်တန်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကိုအဆင့်မီ သင်ယူတတ်မြောက်စေရေးအတွက် ရည်ရွယ် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ **နေဝင်းစိုး (ဧရာကုန်သွယ်မှုဗဟိုဌာန)**

ထိုင်းနိုင်ငံ၌ ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲသို့ မြန်မာနိုင်ငံ ပါဝင်ပြသမည်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်ထိ ကျင်းပမည့် "64 th Bangkok Gems & Jewelry Fair 2019"(BGJF 2019) သို့မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာ ကုမ္ပဏီ ၁၅ ခု ပါဝင်ပြသမည် ဖြစ်သည်။

"64th Bangkok Gems & Jewelry Fair 2019"ကို ထိုင်းနိုင်ငံ စီးပွားရေးသံရုံးမှ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ဖိတ်ကြားခြင်းဖြစ်သည်။ ကျောက်မျက်ရတနာပြပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Mung Thong Thani (IMPACT) Exhibition Hall တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြခန်း ၁၀ ခန်း အခမဲ့ပြသခွင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။ **သက်သက်နိုင်(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) **ဖုန်း-**၀၁ ၂၅၄၀၂၄ **ဖက်စ်-** ၀၁ ၂၅၄၀၂၃ **အီးမေးလ်-**itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk **ဖုန်း-** ၀၉ ၄၃၀ ၄၁ ၈၄၇ **အီးမေးလ်-** mmeu.tradehelpdesk@gmail.com

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) ဓမ္မဇေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး အစိုးရရုပ်ကွက်အနော်ရထာလမ်းမကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့မြို့ပတ်လမ်း၊ ရေနေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Ph:081-2121615, Fax:081-2121627,
email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့မြောက်) ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် (၇/၉)လမ်းကြား၊ ကန္တာရတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-2221005,Ph:083-2221005
email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။
Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး သာစည်လမ်း၊ ဒေါနုံ့ခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ခုနစ်ရက် သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၂-၉-၂၀၁၉ မှ ၈-၉-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)

တနင်္ဂနွေသားသမီးများအတွက် နိုင်ငံရပ်ခြားစီးပွားကုန်သွယ်မှုလုပ်ငန်းများတွင် အခက်အခဲများပြဿနာများဖြေရှင်းနေရတတ်သည်။ မိမိအားကိုးရသူ၏ဒုက္ခပေးမှုကို ခံရလိမ့်မည်။ မည်သူ့ကိုမျှမယုံကြည်သင့်သောကာလဖြစ်သည်။ ပညာရေးနည်းပညာသစ်များရရှိလိမ့်မည်။ အချစ်ရေးတွင်စိတ်တိုင်းမကျမှုများရှိနေမည်။ အိမ်ထောင်ရေးသင့်တင့်နေတတ်ပါသည်။ ကျန်းမာရေးတွင် အဖျားကြီးသောရောဂါဖြစ်တတ်သည်။ **ယတြာ။ ။ မိမိအိမ်ရှိဘုရားတွင် ပတ္တမြားတစ်လုံးလျှူပါ။**

တနလာ်သားသမီးများအတွက် လုပ်ငန်းစီးပွားရေးများတိုးချဲ့လုပ်ကိုင်လိမ့်မည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဖြစ်ထွန်းမှုရှိသည်။ ငါး၊ ပုစွန်၊ ကြက်၊ ဝက်မွေးသူများသူဌေးဖြစ်မည့်ကာလဖြစ်နေတတ်ပါသည်။ ဉာဏ်ရည်အားနည်းမှုကြောင့် ပညာရေးအထူးကြိုးစားနေရလိမ့်မည်။ အချစ်ရေးတွင် တစ်ဖက်သတ်ချစ်သူဖြစ်နေမည်။ အိမ်ထောင်ဖက်၏ အလိုလိုက်မှုများနေမည်။ ကျန်းမာရေးအအေးမိသောဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ အပေါင်းအသင်းများကို ဒိန်ချဉ်လျှူဒါန်းတိုက်ကျွေးပါ။**

အင်္ဂါသားသမီးများအတွက် ညီအစ်ကိုမောင်နှမများနှင့်လုပ်ကိုင်ရသောစီးပွားရေးလုပ်ငန်းများတွင် အခက်အခဲပြဿနာများဖြေရှင်းရတတ်သည်။ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းတို့တွင် အရှုံး၊ အမြတ်တူညီနေမည်။ ဉာဏ်ရည်ဖွံ့ဖြိုးမှုရှိသည့်အတွက် ပညာရေးကောင်းနေမည်။ ကျန်းမာရေးဂရုစိုက်ပါ။ ရင်ကြပ်၊ ချောင်းဆိုးဝေဒနာ ခံစားရတတ်ပါသည်။ **ယတြာ။ ဆေးလျှူဒါန်းပါ။**

ဗုဒ္ဓဟူးသားသမီးများအတွက် လုပ်ငန်းများတွင်အတက်အကျ၊ အပြောင်းအလဲများနေတတ်သည်။ ရည်ရွယ်သောစိတ်ကူးစီးပွားရေးအကောင်အထည်ဖော်ဖြစ်လိမ့်မည်။ ပြည်ပနှင့် ဆက်သွယ်ထားသော စီးပွားရေးအောင်မြင်မည်။ ပညာဉာဏ်ထက်မြက်မှုရှိနေမည်။ အချစ်ရေးတည်ငြိမ်နေမည်။ အိမ်ထောင်ရေးသာယာခိုင်မြဲမှုရှိမည်။ ကျန်းမာရေးတွင် အရေပြားယားယံခြင်း၊ အဖုအပိန့်ထွက်ခြင်းဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ မုန့်လုံးရေပေါ်သက်စေ့ဆွမ်းကပ်ပါ။**

ကြာသပတေးသားသမီးများအတွက် စက်ရုံ၊ အလုပ်ရုံများနှင့် ပတ်သက်ပြီး တိုးတက်မှုအားကောင်းနေလိမ့်မည်။ တပည့်လက်အောက်ငယ်သားများ၏အကျိုးခံစားနေရတတ်သည်။ ဉာဏ်ရည်ဖွံ့ဖြိုးမှုအားကောင်းသဖြင့် ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် စိတ်တူကိုယ်တူသဘောရှိ၍ ပျော်ရွှင်နေရတတ်ပါသည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးတွင် နှလုံး၊ သွေးကြောဆိုင်ရာရောဂါဝေဒနာများခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ နှင်းသီးဘုရားလျှူပါ။**



သောကြာသားသမီးများအတွက် စီးပွားရေးအဓိကလုပ်ငန်းများလုပ်ကိုင်ရာတွင် အလူမီနီယံပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများရောင်းဝယ်ခြင်းလုပ်ငန်း၊ အဆောက်အဦးတည်ဆောက်ခြင်းလုပ်ငန်းများအကျိုးဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ပညာရေးကောင်းသည်။ အချစ်ရေးတွင် ချစ်သူဟောင်းနှင့်ကြုံရတတ်သည်။ အိမ်ထောင်ရေးသာယာဖြောင့်ဖြူးမှုရှိနေမည်။ ကျန်းမာရေးတွင် ဆီး၊ ကျောက်ကပ်ဝေဒနာခံစားရတတ်သည်။ **ယတြာ။ အုန်းသီးကျောက်ကျောလျှူပါ။**

စနေသားသမီးများအတွက် စက်ရုံ၊ အလုပ်ရုံအကျိုးပေးမှုအားကောင်းနေမည်။ မည်သည့်လုပ်ငန်းမဆိုတွင်ကျယ်မှုရှိနေမည်။ အခက်အခဲများကိုဖြေရှင်းနိုင်သူဖြစ်နေမည်။ လုပ်ငန်းအုပ်ချုပ်မှုဆိုင်ရာအားကောင်းနေမည်။ ပညာရေးသင့်တင့်မှုရှိနေမည်။ အချစ်ရေးကိုဦးစားမပေးနိုင်၊ စီးပွားရေးသာအဓိကဖြစ်နေမည်။ အိမ်ထောင်ရေးသာယာမည်။ ကျန်းမာရေးလှုပ်ရှားမှုအားကောင်းနေမည်။

ယတြာ။ ဘုရားတွင်နာနတ်သီးလျှူပါ။

နယ်စပ် ကုန်သွယ်ရေးရပ်ဆိုင်းမှုအား ဖြေရှင်းနိုင်ရန် ညှိနှိုင်းနေ

လက်ရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် မူဆယ်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများ၌ နေ့စဉ် အမေရိကန်ဒေါ်လာ ခုနစ်သိန်းကျော်တန်ဖိုးရှိ ကုန်သွယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်းကို အမြန်ဆုံးဖြေရှင်းနိုင်ရန် အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းတို့အကြား ညှိနှိုင်းလျက်ရှိကြောင်း နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောသည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တွင် သြဂုတ် ၂၄ ရက်က ကျင်းပ ပြုလုပ်သည့် နိုင်ငံတော် ဒုတိယသမ္မတ ဦးဆောင်သော ပဋ္ဌလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ (၂၉) ကြိမ်မြောက်တွင် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"မြောက်ပိုင်းမှာ ကုန်သွယ်ရေး တံတား ဖျက်ဆီးခံရတာနဲ့ ပတ်သက်ပြီး နယ်စပ်ကုန်သွယ်ရေးကို ထိုက်သင့်သလောက် ထိခိုက်နစ်နာတဲ့ အနေအထားတွေ ရှိပါတယ်။ ယာယီတံတားကို ငါးရက်အတွင်း တည်ဆောက်ပြီးစီးပြီဖြစ်ပေမယ့် ခံနိုင်ဝန်အားက ခါတိုင်းလို ကုန်ကားကြီးတွေ တက်နိုင်တဲ့ အနေအထားမရှိပါဘူး။ စီးပွားရေး၊ စီမံကိန်း၊ သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့တွေနဲ့ ပေါင်းစပ်ညှိနှိုင်းသလို တစ်ဖက်ကမနှောင့်ယှက်အောင် ညှိနှိုင်းပြောဆိုပြီးမှ လမ်းကြောင်းတွေ ဖွင့်အောင် တတ်နိုင်သလောက် ကြိုးစားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်းက တတ်နိုင်သမျှ ပိုင်းဝန်း ဖြေရှင်းပေးနိုင်တာတွေကို ကြိုးစားပေးသွားမှာ ဖြစ်ပါတယ်။ တချို့ကိစ္စရပ်တွေကို မပြောနိုင်တာက ညှိနှိုင်းတဲ့ကာလမှာ အဆင်ပြေတာမပြေတာ မပြောနိုင်သေးပါဘူး။ ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး အဆင်ပြေအောင် ညှိနှိုင်းနေပါ တယ်" ဟု ဒုတိယသမ္မတက ပြောသည်။

တိုက်ပွဲများ မဖြစ်ပွားမီ ကာလအတွင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုပမာဏမှာ တစ်ရက်လျှင် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ခြောက်သန်းရှိခဲ့ရာမှ တိုက်ပွဲစတင်ဖြစ်ပွားသည့် သြဂုတ် ၁၅ ရက်နောက်ပိုင်းမှ စတင်၍ လက်ရှိအချိန်ထိ ကုန်သွယ်မှု ပမာဏမှာ တစ်ရက်လျှင် ပျမ်းမျှအားဖြင့် အမေရိကန် ဒေါ်လာ ခုနစ်သိန်း၀နီးကျင်သာ ကုန်သွယ်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။

"အခု ရှမ်းပြည်နယ် မြောက်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ ဆက်သွယ်ရေးလမ်းကြောင်းပြတ်တောက်မှုဟာဆိုရင် နယ်ခြား ဒေသဂိတ်တွေထဲမှာ မူဆယ်ဟာ အကြီးဆုံးဖြစ်ပါတယ်။ အဲဒီဒေသရဲ့ ထိခိုက်နစ်နာမှုဟာဆိုရင် ပို့ကုန်၊ သွင်းကုန်တန်ဖိုး တင်မကပါဘူး။ အခြေခံအဆောက်အအုံပိုင်းဖြစ်တဲ့ လမ်းတံတားပျက်စီးမှု၊ လူတွေ ထိခိုက်နစ်နာမှုရှိသလို တစ်ဖက်ကလည်း ကုန်သွယ်မှုနဲ့ ဆက်စပ်နေတဲ့ သယ်ယူပို့ဆောင်ရေးအပိုင်း၊ အထူးသဖြင့် ကုန်ကားသမားတွေ၊ ကားပိုင်ရှင်တွေ၊ ဒါနဲ့ပတ်သက်ပြီး ကုန်တင်ကုန်ချလုပ်ကိုင်နေတဲ့ လုပ်ငန်းတွေ ရပ်တန့်သွားတဲ့အတွက် အားလုံး ထိခိုက်နစ်နာမှုတွေ ရှိပါတယ်" ဟု ဒေါက်တာသန်းမြင့်က ပြောသည်။

ယင်းကဲ့သို့ ကုန်သွယ်မှု ပြတ်တောက်ခြင်းကြောင့် လက်ရှိတွင် CMP အထည်ချုပ် လုပ်ငန်းများအတွက် အထည်လိပ်ကုန်ကြမ်း ပြတ်တောက်ခြင်း၊ လူမှုရေးကိစ္စရပ်များ ပြတ်တောက်ခြင်းတို့ဖြစ်ပေါ် လျက်ရှိသည်ဟု ဆိုသည်။ အဆိုပါ တိုက်ပွဲများကြောင့် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့တွင် ကုန်သွယ်မှုပြတ်တောက်ခဲ့ပြီး ချင်းရွှေဟော် ကုန်သွယ်ရေးလုပ်ငန်းများမှာ သြဂုတ် ၁၇ ရက်မှစ၍ ယနေ့အချိန်အထိ ရပ်ဆိုင်းထားရကြောင်း သိရသည်။

ပန်းဆု

ရန်ကုန်တိုင်းဒေသကြီးရှိ MSME လုပ်ငန်း ၁၀၀ ကို ချေးငွေ ထပ်မံထုတ်ပေးမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလားအလာ ရှိသော အသေးစား၊ အလတ်စားနှင့် အငယ်စားလုပ်ငန်း (MSME) လုပ်ငန်းရှင် ၁၀၀ ကို ချေးငွေများ ထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောသည်။

သြဂုတ် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံးဌ ပြုလုပ်သည့် သတင်းမီဒီယာ တွေ့ဆုံပွဲတွင် ယင်းသို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင် ၁၀၀ ကို ရွေးထုတ်၍ ချေးငွေများ ထုတ်ချေးရာတွင် ခရီးသွားလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်းနှင့် အိမ်တွင်းလက်မှုလုပ်ငန်းများကို ဦးစားပေး ထုတ်ချေးရန် စီစဉ်နေသည်ဟု ဆိုသည်။

"ဦးစားပေးလုပ်ငန်းကတော့ ချက်ချင်းကိုပဲ အသေးစားကနေပြီးတော့ မြန်မြန်ချမ်းသာစေချင်တဲ့ လုပ်ငန်းတွေကို ရွေးလိုက်ပါဆိုပြီး ဝန်ကြီးချုပ်က လမ်းညွှန်ပါတယ်။ တချို့ လုပ်ငန်းတွေကလည်း တကယ့် အသေးစားအလတ်စား စက်မှု၊ လက်မှု လုပ်ငန်းတွေ ရှိတယ်။ လက်မှုလုပ်ငန်း၊ ပန်းပု၊ ယွန်းထည်လုပ်ငန်း၊ အထူးသဖြင့်တော့ ခရီးသွားလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်းတွေ၊ အိမ်တွင်းလက်မှု လုပ်ငန်းတွေ ပါတယ်" ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြောသည်။

အဆိုပါ MSME လုပ်ငန်းများ ချေးငွေရရှိရန် တိုင်းအစိုးရက ထောက်ခံပေးမည်ဖြစ်ပြီး ပြည်တွင်းဘဏ်များက ထုတ်ချေးပေးမည်ဖြစ်ကာ ယင်းလုပ်ငန်းရှင်များအနေဖြင့် ပေါင်နှံပစ္စည်း မပေးနိုင်ပါက အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး သိန်း ၅၀၀ အထိသာ ရရှိနိုင်မည်ဖြစ်ပြီး ပေါင်နှံပစ္စည်းပေးနိုင်ပါက အပေါင်ပစ္စည်းပေါ် မူတည်၍ အနည်းဆုံး ကျပ်သိန်း ၂၀၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀၀ အထိ ချေးငွေရရှိနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

ပြည်တွင်းဘဏ်များ၏ မူဝါဒအရ ချေးငွေများ ထုတ်ချေးရာတွင် ငွေချေးသူ၏ ပြန်ဆပ်နိုင်မည့် အင်အားပြသောစာရင်းဇယားများ၊ အထောက်အထားများ၊ ၎င်းလုပ်ငန်း၏ အောင်မြင်နိုင်မှု အခြေနေပေါ်မူတည်၍သာ ထုတ်ချေးပေးခြင်းဖြစ်သည်။ ထို စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကို ငွေစာရင်းသုံးစွဲမှုများ၊ စာရင်းဇယားများနှင့် ပတ်သက်၍ စနစ်တကျ ဖြစ်စေရန်အတွက် အသိပညာ ပေးမှုများကိုလည်း များစွာ လုပ်ဆောင်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

"ဘာကြောင့်လဲဆို မိသားစုစီးပွားရေးလိုမျိုး လုပ်တာဖြစ်တဲ့အတွက် စာရင်းအင်းတွေကို ပြုစုဆောင်ရွက်တဲ့နေရာမှာ ချေးငွေတောင်းခံဖို့ ဆောင်ရွက်တဲ့ စာရင်းအင်းမျိုးအထိ မဖြစ်လာဖို့ ရှိပါတယ်။ ဒါမျိုးတွေကို စနစ်တကျ ဖြစ်လာဖို့ အတွက် ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

ပထမအဆင့်အနေဖြင့် အလားအလာရှိသော အသေးစား၊ အလတ်စားလုပ်ငန်း ၁၀၀ ကို ရွေးချယ်၍ ချေးငွေရရှိရေးဆောင်ရွက်ပေးခဲ့ရာ လက်ရှိတွင် လုပ်ငန်း ၄၀ ကျော်မှာ ချေးငွေရရှိပြီးဖြစ်ကာ ကျန် ၆၀ ခန့်မှာလည်း ချေးငွေ စိစစ်ရေး ကော်မတီက အတည်ပြုထားပြီဖြစ်သဖြင့် သက်ဆိုင်ရာဘဏ်များနှင့် ချေးငွေရရှိရေးကို စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဝန်ကြီးချုပ်က ပြောသည်။

ဆက်လက်၍ ဒုတိယအဆင့်အနေဖြင့် အသေးစား အလတ်စားလုပ်ငန်း ၁၀၀ ကို ထပ်မံ ချေးပေးရန် လုပ်ဆောင်နေပြီး ယင်းတို့ကို အမြန်ဆုံး ထုတ်ချေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပန်းဆု

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မြစ်ကြီးနား၌ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စားသုံးသူကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက ကြီးမျူးပြီး ဝန်ဆောင်မှုလုပ်ငန်းများနှင့် စားသုံးသူကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို သြဂုတ် ၂၃ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးဖေသန်းဝင်းက ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်မှာ ပိုမိုကောင်းမွန်သော စားသုံး သူကာကွယ်ရေးဥပဒေအသစ်ကို ပြန်လည်ထုတ်ပြန်ခဲ့ပြီး ဥပဒေသစ်မှ ပြစ်မှု/ပြစ်ဒဏ်များကို ထိထိရောက်ရောက် ထုတ်ပြန်ထားကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ အာမခံပေးချက်အပေါ် အပြည့်အဝ တာဝန်ယူမှုရှိရမှာဖြစ်သလို အာမခံချက်ပေးပျက်ကွက်ခဲ့ပါက ဥပဒေအရအပြစ်ပေးအရေးယူမှုတွေ ဖြစ်လာနိုင်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ခြင်းဖြင့် ဝန်ဆောင်မှုကိုလုပ်ငန်းများအနေဖြင့် ဘေးအန္တရာယ်ကင်းပြီး အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများ ဖော်ဆောင် လာနိုင်မည်ဖြစ်ကြောင်း အဖွင့်အမှာ စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲ ဒုတိယပိုင်းကို အစီအစဉ်အတိုင်းပြုလုပ်ခဲ့ရာ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးအောင်မောင်းက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ခိုင်မာ၍နည်းစနစ်ကျသော လုပ်ရည်ကိုင်ရည် ရှိစေရန်အချက်များ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးစန်းလွင်ဦးက ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အာမခံချက်နှင့် ကတိကဝတ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မေတ္တာလူမှုဖွံ့ဖြိုးရေး အသင်းမှ တာဝန်ခံဆရာမ ဒေါ်တုံဖန်က ဝန်ဆောင်မှုပေးခြင်းအပေါ် စားသုံးသူ၏အမြင်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူ ရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်မြင့်က လုပ်ငန်းရှင်၏ တာဝန်နှင့်ကျင့်ဝတ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်း၊ ပုဂ္ဂလိကပိုင်ယာဉ်လုပ်ငန်း ကြီးကြပ်ရေးကော်မတီအသင်း၊ ပုဂ္ဂလိကပိုင်ဆေးရုံများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့မှပုဂ္ဂိုလ်များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ခွာညို (မနောမြေ)

ဒီးမော့ဆိုဌ် စားသုံးသူကာကွယ်ရေးနှင့် လယ်ယာသုံး စက်ကိရိယာများနှင့်စပ်လျဉ်း၍ အသိပညာပေး

ကယားပြည်နယ် လွိုင်ကော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနက သြဂုတ် ၂၆ ရက်တွင် ဒီးမော့ဆိုမြို့နယ် သေးဆူလဲ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၌ ကျောင်းသား/သူစုစုပေါင်း ၂၅၀ တို့အား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဝန်ထမ်းများက စားသုံးသူပြည်သူများ မိမိတို့၏ အခွင့်အရေးကို အပြည့်အဝနားလည်ပြီး တောင်းဆိုရယူတတ်စေရန်အတွက် စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ ကုန်ပစ္စည်း ဝယ်ယူသုံးစွဲခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ မိမိတို့နေ့စဉ်ဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်းများအပေါ် ပေးထားသော ဝန်ဆောင်မှုများ အပြည့်အဝရရှိရေးကိုလည်းကောင်း၊ TV များတွင် ကလေးများ အတုယူမမှားသင့်သော အလွန်အကြူး ချဲ့ကား ကြော်ငြာနေသော ကြော်ငြာများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာအုပ်စုရှိတောင်သူ ၁၃ ဦးအား လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက်များနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးရာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြို့ရီက စက်မှုလယ်ယာဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ညှိနှိုင်းသဘောတူညီချက်များအနက် တောင်သူများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များ အပါအဝင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရာတွင် သက်ဆိုင်ရာ ဌာန/အသင်းအဖွဲ့များ၏ အကြံဉာဏ်များကို ရယူပြီး လေ့လာရွေးချယ်ဝယ်ယူ အသုံးပြုကြရန်နှင့် လယ်ယာသုံးစက်ကိရိယာများ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် လက်မှတ်မရေးထိုးမီ စာချုပ်ပါအချက်များမှာ နှစ်ဦးနှစ်ဖက်ညီညွတ်မှုတ လက်ခံနိုင်မည့် အနေအထားရှိ/မရှိ၊ ရောင်းသူဘက်က တစ်ဖက်သတ် ထည့်သွင်းရေးသွင်းထားသည့် အချက်အလက်များ ပါဝင်မှုရှိ/မရှိ၊ ရောင်းသူဘက်က ဝယ်ယူသူတောင်သူများသို့ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုနှင့်အပိုပစ္စည်းများရရှိနိုင်မှု အာမခံချက်များမှာ ကျိုးကြောင်းဆီလျော်မှုရှိ/မရှိနှင့် အတိုးနှုန်းသင့်တင့်မျှတမှု ရှိ/မရှိတို့အား သက်ဆိုင်ရာဥပဒေပညာရှင်များထံ အကြံဉာဏ်များရယူပြီးမှသာ စာချုပ်ချုပ်ဆိုကြရန်၊ ကုန်ပစ္စည်း(သို့)ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများရှိပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကျော်မိုး (စားသုံးသူ၊ ကယား)

ဝက်လက်မြို့နယ်ရှိ ပင်းဇင်း အလက နှင့် မကျီးတုံအလက(ခွဲ) ကျောင်းများသို့ စားသုံးသူကာကွယ်ရေး အသိပညာပေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဦးစီးမှူးရုံး ဝက်လက်မြို့နယ် တာဝန်ခံဦးမျိုးအောင်သည် သြဂုတ် ၂၄ ရက်တွင် ဝက်လက်မြို့နယ် ပင်းဇင်းကျေးရွာနှင့် မကျီးတုံကျေးရွာရှိ အ. လ. က နှင့် အ. လ. က(ခွဲ)ကျောင်းများသို့ ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများ၊ ကျောင်းဈေးသည်များအား ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်ပါစားသုံးသူ၏အဓိပ္ပာယ်၊ စားသုံးသူများ၏အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်နှင့် ဝတ္တရားများ၊ ကုန်အညွှန်းအမှတ်အသားများ၊ ပြဋ္ဌာန်းသတ်မှတ်ချက်များအား ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်း ဟောပြောဆွေးနွေး ဆောင်ရွက်ခဲ့သည်။

ထို့နောက် အဆိုပါကျောင်းများသို့ ကျောင်းစားသုံးသူရေးရာအဖွဲ့ဝင်များ ဖွဲ့စည်းဆောင်ရွက်ပေးခြင်း၊ စားသုံးသူများ အရေးဆိုတိုင်တန်းနိုင်ရေးအတွက် စားသုံးသူတိုင်ကြားမှုလက်ခံစာတိုက်ပုံးများထားရှိ ဆောင်ရွက်ခဲ့ပြီး ကျောင်းစားသုံးသူရေးရာ အဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းများသို့ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်မည့် စားသောက်ကုန်များ၊ တားမြစ်စားသောက်ကုန်များ ရောင်းချမှုရှိ/မရှိ စိစစ်ပညာပေးဆောင်ရွက်ရာမှ စားသုံးသူများအတွက် အာမခံချက်နှင့် လုံခြုံစိတ်ချရမှုမရှိသော ကုန်အမှတ်တံဆိပ်မပါ၍ ဓာတုဆိုးဆေးများပါဝင်သည်ဟု ယူဆရသော စားသောက်ကုန်များအား ဈေးကွက်အတွင်းဆက်လက်ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

မျိုးအောင်

စားသုံးသူရေးရာ ဦးစီးဌာန ရှမ်းပြည်နယ် လုပ်ငန်းရှင်များအား အသိပညာပေး ကွင်းဆင်း ဆောင်ရွက်

၂၀၁၉ ခုနှစ် သြဂုတ်လအတွင်း စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ အရာရှိများ ဦးဆောင်သောဝန်ထမ်းများနှင့် မိတ်ဖက်ဌာနများ ပါဝင်သောအဖွဲ့သည် တောင်ကြီးမြို့ပေါ်ရှိ ဆီလုပ်ငန်းရှင်များ၊ အေးသာယာနှင့် အောင်သပြေရှိ လယ်ယာသုံးစက်ပစ္စည်း အရောင်းဆိုင်များသို့ သွားရောက်၍ စားသုံးသူရေးရာဥပဒေတွင်ပါရှိသော စီးပွားရေးလုပ်ငန်းရှင် များ၏ တာဝန်နှင့် တားမြစ်ချက်များအကြောင်းကို ကွင်းဆင်းအသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။

လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအား လယ်ယာသုံးစက်ပစ္စည်းများကို ရောင်းချရာတွင် ဝယ်ယူသည့်တောင်သူများကို အာမခံပေးထားသည့်အပိုင်းများနှင့် စပ်လျဉ်း၍ အာမခံပေးထားသည့်အတိုင်း မှန်မှန်ကန်ကန်ဆောင်ရွက်ပေးရန်၊ ကုန်စည်နှင့် ပတ်သက်သော အချက်အလက်များကို တိကျမှန်ကန်စွာဖော်ပြပေးရန်၊ စက်ပစ္စည်း အပိုရရှိမှု လွယ်ကူအောင်ဆောင်ရွက်ပေးရန်နှင့် စားသုံးသူရေးရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း၊ ဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ကုန်အညွှန်းအမှတ်အသားများပြည့်စုံစွာဖော်ပြပေးရန်၊ စားသုံးသူများအား ထင်ယောင်ထင်မှားမဖြစ်စေရန် ရှင်းလင်းတိကျသော သတင်းအချက်အလက်များ ပေးရန်၊ သက်ဆိုင်ရာဌာနများ၏ထောက်ခံချက်များရရှိအောင် ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်စည်းကမ်းချက်များ၊ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရန်နှင့် စားသုံးသူရေးရာဥပဒေတွင်ပါရှိသော လုပ်ငန်းရှင်များ၏ တာဝန်များနှင့် တားမြစ်ချက်များကိုသိရှိစေရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထူး (တောင်ကြီး)

ဟင်္သာတ ကွန်ပျူတာ တက္ကသိုလ်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ကရင်ကျောင်းလမ်းရှိ ကွန်ပျူတာတက္ကသိုလ်တွင် သြဂုတ် ၂၉ ရက်က စားသုံးသူရေးရာဦးစီးဌာန ဟင်္သာတခရိုင်ဦးစီးမှူး ဦးကြည်ဟန် ဦးဆောင်သောအဖွဲ့က ကျောင်းသူ၊ ကျောင်းသားနှင့် ဆရာ၊ ဆရာမ စုစုပေါင်း ၁၂၃ ဦးအား စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောခဲ့သည်။ ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က စားသုံးသူကာကွယ်ရေးဥပဒေမှ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကြော်ငြာများနှင့်ပတ်သက်၍ သတိပြုစရာများ၊ စားသုံးသူများ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လာပါက တိုင် ကြားနိုင်မှုပုံစံများ၊ စားသုံးသူနစ်နာမှုတိုင်ကြားခြင်းကို www.doca.gov.mm website ၌လည်း တိုင်ကြားနိုင်ကြောင်းနှင့် DOCA Myanmar application အား Google play store မှ Download ဆွဲယူ၍ အဆိုပါ application ကလည်း တိုင်ကြားနိုင်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

မောင်မောင်မြတ်ခိုင်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ တစ်ဘီလီယံကျော်ခွင့်ပြု

ယခုနှစ် ဇွန်နှင့် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာတစ်ဘီလီယံကျော် ခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၆၆၀ ဒသမ ၃၂၈ သန်းကို ခွင့်ပြုပေးခဲ့ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃၀၈၅ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင်လအတွင်း ခွင့်ပြုပေးခဲ့သော လုပ်ငန်းများမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍတို့ဖြစ်ကြောင်း သိရသည်။

ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၆၆ ဒသမ ၄၇၄ သန်းကို ခွင့်ပြုပေးခဲ့ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၆၆၈၃ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင်လအတွင်း ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် လယ်ယာကဏ္ဍတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ဇွန်လတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၉၂ ဘီလီယံကျော်ကို ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၈၇၃ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ဇူလိုင်လတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၂၈ ဘီလီယံကျော်ကို ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၈၆၈ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

သန်းထိုက်အောင်

အင်္ဂလန်ပရီးမီးယားလီဂ် ဘောလုံးပွဲစဉ်များ ကြည့်ရှုနိုင်မည့်အစီအစဉ် MPT မိတ်ဆက်

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း (MPT) နှင့် Sky Net တို့ ပူးပေါင်း၍ ၂၀၁၉-၂၀၂၀ အင်္ဂလန်ပရီးမီးယားလီဂ်ပွဲစဉ်များ အားလုံးကို မိုဘိုင်းဖုန်းပေါ်မှ တိုက်ရိုက် ကြည့်ရှုနိုင်မည့်အစီအစဉ်ကို သြဂုတ် ၂၉ ရက်က ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်တွင် ပြုလုပ်သော Premium Video Content Services Press Conference အခမ်းအနားတွင် စတင် မိတ်ဆက်ခဲ့သည်။

ယခုပူးပေါင်းဆောင်ရွက်မှုအရ MPT သုံးစွဲသူများသည် အင်္ဂလန်ပရီးမီးယားလီဂ်ပွဲစဉ်အားလုံးကို MPT မိုဘိုင်းကွန်ရက်မှတစ်ဆင့် MPT Ballone အက်ပလီကေးရှင်းတွင် ကြည့်ရှုနိုင်မည်ဖြစ်ပြီး SkyNet Sport-6 သီးသန့်ရုပ်သံလိုင်းကို ၂၄ နာရီ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ သုံးစွဲသူတွေအနေနဲ့ ပထမဆုံးအကြိမ်အဖြစ် MPT Ballone App ကတစ်ဆင့် EPL ပွဲစဉ်အားလုံးကို စတင်ကြည့်ရှုနိုင်ပြီဖြစ်ပါတယ်။ MPT ရဲ့ မိုဘိုင်းကွန်ရက်ကတစ်ဆင့် ပွဲစဉ်တွေကို ဝန်ဆောင်ခပေးဖို့မလိုဘဲ တိုက်ရိုက်ကြည့်ရှုနိုင်ဖို့အတွက်လည်း တစ်မူထူးခြားတဲ့ ဝန်ဆောင်မှုအသစ်ကို ပေးအပ်ခဲ့တာကြောင့် သုံးစွဲသူတွေရဲ့ စိတ်ကျေနပ်မှုကို ဖြည့်ဆည်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု MPT-KSGM Joint Operations ၏စီးပွားရေးဌာနကြီး အရာရှိချုပ် Mr.Reizo Umeda က ပြောသည်။

MPT Ballone APP ကို Google Play တွင် MPT Ballone စကားလုံးကို ရိုက်နှိပ်ရှာဖွေခြင်း (သို့) *2020# ကို ဖုန်းခေါ်ဆိုကာ Links ရယူနိုင်ပြီး ကြည့်ရှုလိုသောပွဲစဉ်ကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

အမျိုးအစား(၂) ဆီးချိုသွေးချိုလူနာများအတွက် ဆီးချိုထိန်းဆေးအသစ် ပြည်တွင်း၌ စတင်မိတ်ဆက်

အမျိုးအစား(၂) ဆီးချိုသွေးချိုလူနာများအတွက် ဆီးချိုထိန်းဆေးအသစ် မိတ်ဆက်ပွဲကို သြဂုတ် ၂၅ ရက်တွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသစ်မိတ်ဆက်လိုက်သည့် Dapazin Dapagliflozin Inn ဆေးသစ်မှာ စားလိုက်သည့် အစာများထဲမှ ဂလူးကို့စ်အချိုဓာတ်ကို ဆီးကနေ စွန့်ထုတ်ပစ်စေသည့် အစွမ်းသတ္တိရှိပြီး ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သောက်သုံးနိုင်ကြောင်း သိရသည်။

"ဒီနေ့ပွဲက ဆရာဝန်တွေအတွက် အရေးပါတဲ့ ဆီးချိုသွေးချိုရောဂါကို ကုသရာမှာ အသစ်အဆန်းဖြစ်တဲ့ ဆေးတစ်ခု တင်သွင်းတာကို မိတ်ဆက်တာပါ။ အဲဒီလိုလုပ်ရတာကလည်း ဆီချိုသွေးချိုက အမြတမ်းပြောင်းလဲနေသလို ဆေးဝါးအသစ်သစ်တွေလဲ ပေါ်နေတယ်။ အခုဆို သွေးချိုကိုထိန်းရုံမကဘူး တခြားနှလုံးနဲ့ကျောက်ကပ်ကဲ့သို့ရောဂါတွေကိုလည် လျှော့ချတဲ့ဆေးတွေ ပေါ်လာပါပြီ။ ဒီနေ့ပြောမယ့် Dapazin Dapagliflozin Inn ဆေးက ဆေးဝါးအသစ်ဖြစ်ပြီး မြန်မာမှာ အခုမှပထမဆုံး စရမှာပါ။ အဲဒါကြောင့် သတိထား ရမယ့် အကြောင်းတွေ၊ သိသင့်တာတွေ၊ သိပ်နည်းကျ လေ့လာချက် တွေကို ဆရာဝန်တွေ ဂယနဏသိပြီး အတွင်းကျကျကုသနိုင်အောင် အကြံဉာဏ်ပေးမှာပါ။ အသိပညာ မျှဝေမှာပါ"ဟု မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း၏ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ တင့်ဆွေလတ်ကပြောသည်။

အဆိုပါ ဆီးချိုထိန်းဆေးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တင်သွင်းခြင်းဖြစ်ပြီး အမျိုးအစား (၂) ဆီးချိုသွေးချိုကို ကုသပေးနိုင်သော ဆေးဖြစ်ကြောင်း၊ အဆိုပါပွဲတွင် Zar & Zar ကုမ္ပဏီလီမိတက်နှင့် MMDA (Myanmar Diabetes Association) တို့ ပူးပေါင်း၍ ဟောပြောပွဲတစ်ခု လုပ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းမှ ဆရာဝန်ကြီးများဖြစ်သည့် ပါမောက္ခဒေါက်တာသိန်းမြင့်နှင့် ဒေါက်တာတင်ထွန်းချစ်တို့က သိပ်ပွနည်းကျ အခြေခံကျသည့် အကြောင်းများနှင့် ဆေးဝါးနှင့်ပတ်သက်သည့် ဆောင်ရန် ရှောင်ရန်များကို ပြောပြပေးခဲ့ကြောင်း သိရသည်။ **ချောစု**

ဘဏ်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဟောပြောပွဲ ရန်ကုန်မြို့၌ ပြုလုပ်မည်

Myanmar Institute of Business က စီစဉ်သော Investment Banking ဟောပြောပွဲကို ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲကို ဘဏ်လုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်နေသူများ၊ ငွေကြေးကဏ္ဍတွင် အခြေခံရှိပြီးသူများအတွက် အသိပညာများဖြန့်ဝေပေးရန် ရည်ရွယ်ပြီး အခမဲ့ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် ရိုးမဘဏ်၏ Head of Digital Credit ဖြစ်သူ Mr. Jason Loughnane (Chartered Financial Analyst-CFA)က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး တက်ရောက်နိုင်မည့်လူဦးရေ ကန့်သတ်ထားခြင်းကြောင့် အမြန်ဆုံးဆက်သွယ်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း- ၀၉- ၄၅၃၃ ၀၀၈၀၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ထို့ပြင် ဟောပြောပွဲတက်ရောက်သူများအတွက် အထူးအစီအစဉ်အနေဖြင့် နိုဝင်ဘာလတွင်ဖွင့်လှစ်မည့် University of Alcala ၏ Master of Science in Finance Batch (4) အတွက် Scholarship ၁၅ ရာခိုင်နှုန်း (ယူရို ၁၀၀၀ ခန့်) ကို လက်ငင်းရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Myanmar Institute of Business ကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဘဏ္ဍာရေးကဏ္ဍ၊ စွန့်ဦးတီ ထွင်လုပ်ငန်းများကဏ္ဍ၊ ဦးဆောင်မှုကဏ္ဍနှင့် စာရင်းအင်းပညာများကို သင်ကြားပေးနေကြောင်း သိရသည်။ **သန်းထိုက်အောင်**

အနုံ့အသက်ဆိုးနှင့် ပတ်ဝန်းကျင် ထိခိုက်မှုများကြောင့် ကြက်၊ ဘဲစျေး ပြောင်းရွှေ့ရန် အလားအလာရှိနေ

အနုံ့အသက်ဆိုးနှင့် ပတ်ဝန်းကျင် ထိခိုက်မှုများ ရှိလာပါက ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ ကြက်၊ ဘဲ စျေးကို ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

ထိုကဲသို့ ပြောင်းရွှေ့မည်ဆိုရာတွင် ကြက်၊ ဘဲစျေးမှ အနုံ့အသက်များကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများ တိုင်တန်းလာပါကလည်း ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက သြဂုတ်လ တတိယပတ်တွင် ကျင်းပသည့် ပုံမှန် စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သူမက "ကြက်၊ ဘဲစျေးက ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်တယ်ဆိုရင်တော့ အနှောင့်အယှက်ဖြစ်တဲ့အတွက် ပြောင်းဖို့အလားအလာရှိတယ်လို့ပဲဖြေရမယ်။ အနုံ့အသက်တွေ မကောင်းဘူးလို့ လူတွေက တိုင်တန်းလာတယ်ဆိုရင်လည်း ပြောင်းရွှေ့ဖို့ စီစဉ်မှာဖြစ်တယ်"ဟု ပြောကြားခဲ့သည်။

တိုင်ကြားမှုများအတွက် စျေးကြီးအား ပြောင်းရွှေ့ပေးမည်ဆိုရာတွင် မြေနေရာအတိအကျ သတ်မှတ်ထားခြင်းများ မရှိသေးကြောင်း၊ လေ့လာဆန်းစစ်မှုများကို ကနဦး လုပ်ဆောင်မှုများရှိသည့်အတွက် လတ်တလောတွင် မဖြေကြားနိုင်သေးကြောင်း ဒေါ်လှိုင်မော်ဦးက ပြောကြားခဲ့သည်။

အဆိုပါ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ ကြက်ဘဲလက်လီလက်ကားစျေးကို ၁၉၈၉ ခုနှစ် မေ ၁ ရက်က စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကြက်၊ ဘဲ လက်လီ လက်ကားစျေးကြီးကို ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (French Development Agency-AFD)နှင့် ပူးပေါင်း၍ လေ့လာဆန်းစစ်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

ချောစု

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

အခြေခံဈေးနှုန်းရရှိရန် အရည်အသွေးမီ စပါးများဖြစ်ရန် လိုအပ်

ဒေါက်ဆန်း(စိုက်ပျိုးရေး)

တောင်သူလယ်သမားကြီးတွေဟာ စပါးစိုက်ပျိုးထုတ်လုပ်ကြတဲ့ နေရာမှာ မျိုးစေ့ချနှုန်းမြင့်မားမှု၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစေ့ချနှုန်းတွေ အဆမတန်တက်နေမှု၊ လယ်ယာလုပ်ငန်းသားခမျာ စေ့ချနှုန်းကြီးမြင့်မှု၊ လယ်ယာလုပ်သားရှားပါးမှုကြောင့် စပါးတစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားမှုကို ခံစားနေကြရပါတယ်။ ဒီအခြေအနေမျိုးမှာ စပါးတင်းတစ်ရာ စေ့ချနှုန်းက ကျဆင်းနေမယ်ဆိုရင် တောင်သူလယ်သမားကြီးဘက်က အရှုံးခံပြီး မရောင်းနိုင်ကြဘူး၊ ဘဝနဲ့ရင်းပြီး အနစ်နာမခံနိုင်ကြဘူး၊ တောင်သူလယ်သမားကြီးများဟာ သီးနှံတစ်နှစ်ရှုံးပြီဆိုရင် ဘဝသေသွားပြီ နလန်ပြန်လည်မထူနိုင်ကြတော့ဘူးဖြစ်သွားကြတယ်။ ဒါ့ကြောင့် တောင်သူလယ်သမားကြီးများရဲ့ဘဝမြင့်မားနေစေဖို့အတွက် စပါးတင်းတစ်ရာအခြေခံစေ့ချနှုန်းကို သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

ဒီလိုစပါးတင်းတစ်ရာ အခြေခံစေ့ချနှုန်းကျပ် ငါးသိန်းသတ်မှတ်ပေးခဲ့တဲ့နေရာမှာ ကုန်သည်ကြီးများလည်းအကျိုးရှိ၊ တောင်သူလယ်သမားကြီးများလည်း တွက်ခြေကိုက် ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာဖြစ်အောင် စပါးတစ်တင်း ၄၆ ပေါင်ကိုက်ပြီး စပါးအရည်အသွေးအဆင့်အတန်းမီ စပါးဖြစ်ရမယ်လို့ သတ်မှတ်ပေးခဲ့ပါတယ်။ ဒီအချက်ကို တောင်သူလယ်သမားကြီးများဘက်ကလည်း နားလည် သဘောပေါက်ဖို့လိုမှာဖြစ်ပါတယ်။

ဒီလိုစပါးတင်းတစ်ရာအခြေခံစေ့ချနှုန်းကျပ် ငါးသိန်းသတ်မှတ်ပြဋ္ဌာန်းပြီးနောက်မှာ ကွင်းတကယ့်လက်တွေ့ရောင်းဝယ်ဖောက်ကားကြရင်း ကုန်သည်ကြီးများနဲ့ တောင်သူလယ်သမားကြီးများရဲ့ကြားမှာ ဝိရောဓိများဖြစ်ပေါ်နေတာတွေ့ရပါတယ်။ အားနည်းချက်၊ အားသာချက်များသို့လောသို့လောဖြစ်လာကြတာတွေ့ရပါတယ်။ အချို့ဒေသတွေမှာ နိုင်ငံတော်ကသတ်မှတ်ပေးလိုက်တဲ့ စပါတင်းတစ်ရာ ကျပ်ငါးသိန်းမရလို့ဆိုပြီး ဆန္ဒပြသံတွေ၊ စောဒကတက်သံတွေဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီလိုဆန္ဒပြစောဒကတက်တဲ့ဒေသတွေကို မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ အုပ်စုခွဲပြီး ကွင်းဆင်းလေ့လာစေ့စပ်ညှိနှိုင်းဖြေရှင်းမှုပြုလုပ်ခဲ့ရပါတယ်။ ဒီလိုထိတွေ့ဖြေရှင်းတဲ့အခါမှာ ကုန်သည်ကြီးများဘက်က အားနည်းချက်၊ တောင်သူလယ်သမားကြီးများဘက်က အားနည်းချက်ဆိုပြီး တွေ့ရပါတယ်။ ကုန်သည်ကြီးများဘက်ကအားနည်းချက်တော့ ပြဋ္ဌာန်းသတ်မှတ်ထားသော အခြေခံစပါးတင်းတစ်ရာ ကျပ်ငါးသိန်းနဲ့ ဝယ်ယူမယ့်စပါးရဲ့ အရည်အသွေးသတ်မှတ်ချက်၊ တောင်သူလယ်သမားများရဲ့ ကွင်းစေ့း၊ ရွာ စေ့းလား၊ ဒါမှမဟုတ် အဓိကကတ္တရာလမ်းမအရောက်စေ့းလားဆိုတာ ပြတ်ပြတ်သားသား ကြိုတင်ပြောဆိုညှိနှိုင်းခဲ့မှုမရှိခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အခြေခံစေ့ချနှုန်း ကျပ်ငါးသိန်းစေ့းပေးဝယ်မယ်လို့ပဲ ကြိုတင်စေ့းစကားပြောခဲ့ကြတဲ့ သဘောတွေ့ရပါတယ်။

ကုန်သည်များ ကွင်းထဲဆင်းပြီးလယ်သမားများနဲ့ ထိတွေ့၍ လက်တွေ့ဝယ်ယူကြတဲ့အခါမှာ ဝိဝါဒတွေ ကွဲပြားကြပြီး အချင်းများကြရတဲ့ ပြဿနာတွေ စပေါ်လာတော့တာပါပဲ။ တောင်သူလယ်သမားကြီးများဘက်ကလည်း စပါးတင်းတစ်ရာအခြေခံစေ့ချနှုန်း ကျပ်ငါးသိန်းဆိုတာ စပါးအရည်အသွေးအဆင့်အတန်းမီရမယ်။ စပါးတစ်တင်းအလေးချိန်စံသတ်မှတ်ချက် ၄၆ ပေါင်နဲ့ ဝယ်မယ်ဆိုတာ ကြို့တင်လေ့လာသိရှိထားမှုမရှိဘဲ၊ တို့အရင်ရောင်းခဲ့သလို မိရိုးဖလာ အတိုင်းရောင်းလိုက်မယ်ဆိုပြီး တွေးထင်ထားကြတာ တွေ့ရပါတယ်။

ပထမစပြီး နဖူးတွေ့ဒူးတွေ့တွေ့ရတဲ့ ပြဿနာကတော့ ရွာစေ့းလား၊ ကွင်းစေ့းလား၊ ကတ္တရာလမ်းပေါ် ထိအရောက်စေ့းလား၊ ကိစ္စဖြစ်ပါတယ်။ ရွာစေ့း၊ ကွင်းစေ့းဆိုရင် ကုန်သည်များဘက်ကကတ္တရာလမ်းပေါ် ထိသယ်ယူပို့ဆောင်စရိတ်တက်မှာကို မခံနိုင်တော့ အခြေခံစေ့ချနှုန်းကျပ်ငါးသိန်းမပေးနိုင်ဘူးဆိုပြီး စဖြစ်ပါတယ်။ လယ်သမားကလည်း မလျှော့နိုင်ဘူး အစိုးရသတ်မှတ်ပေးတာ ကျပ်ငါးသိန်းပဲဆိုပြီး တင်းခံနေတော့တာပါပဲ။ နောက်တော့ မိုးလေးကလည်း အုံ့လာ၊ သိုလှောင်စရာကလည်း မရှိ၊ ပေးဆရာဆပ်စရာ အကြွေးကလည်း ပူပြီး အရင်လိုနေတော့ အိုက်တင်ကြောကြာမခံနိုင်တော့ဘဲ ကုန်သည်ပေးတဲ့စေ့းနဲ့ပဲ ထိုးအပ်လိုက်ကြရတာ တွေ့ရပါတယ်။ ပြီးတော့ တောင်သူလယ်သမားကြီးဘက်က အစိုးရသတ်မှတ်တဲ့ အခြေခံ စေ့ချနှုန်း ကျပ်ငါးသိန်း မရပါဘူး၊ ကုန်သည်တွေလှည့်တာ ခံနေရတာ ပါပဲလို့ အသံထွက်လာတယ်။

နောက်တစ်ချက် ဝိရောဓိဖြစ်တဲ့ ပြဿနာကတော့ စပါးအရည်အသွေးအဆင့်အတန်းမမီခြင်း ၄၆ ပေါင်ကိုက်နဲ့ မဝယ်ခြင်းဘဲဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ ဘယ်လိုစပါးအရည်အသွေးကို မှ ၄၆ ပေါင်ကိုက် အခြေခံစေ့ချနှုန်းကျပ်ငါးသိန်းစေ့းရရှိနိုင်မယ်ဆိုတာ ဂယနဏ သိရှိမထားခြင်းဖြစ်ပါတယ်။ အခြေခံကျတဲ့ စပါးအရည်အသွေးအဆင့်အတန်းကတော့ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိရမယ်။ ဖုံ၊ ခဲ၊ သလဲ၊ အမှိုက်ကင်းစင်ရမယ်။ မျိုးကွဲစပါးစေ့ကင်းစင်ရမယ်ဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။ လယ်သမားကစပါးရောင်းတော့ အစိုဓာတ်က ၂၀ ရာခိုင်နှုန်းကျော်ရှိနေတဲ့စပါး၊ ဖုန်၊ ခဲ၊ သလဲ၊ အဖျင်းအမှော်အမှိုက်ကလည်းပါနေတယ်။ မျိုးကွဲစပါးစေ့တွေကလည်းရောနေတယ်။ ဝယ်မဲ့ကုန်သည်က အသေးစိတ်စစ်ကြည့်တော့ သတ်မှတ်တဲ့ စံထက်ကျော်လွန်နေတော့ ဒီစပါးကို ဝယ်လိုက်ရင် သူ့လက်ထဲမှာ စပါးတင်း ၁၀၀ မှာ ၁၀-၁၅ တင်းလောက်အသာလေးလျှော့သွားမယ်ဆိုတာ သူသိနေပါတယ်။ ဒီတော့ဝယ်မဲ့စေ့းကို အခြေခံစေ့ချနှုန်းကျပ်ငါးသိန်းထက်လျှော့ပေးတယ်။ ဒါမှမဟုတ်ရင် စပါးတစ်တင်း ၄၆ ပေါင် မဟုတ်ဘဲ ၅၂ ပေါင်တို့၊ ၅၄ ပေါင်တို့နဲ့ဝယ်တယ်။ သူ့အတွက် လျှော့သွားမယ့် အလျှော့တွက်ကို တွက်ချက်ပြီး တွက်စေ့းကိုက်အောင် ဝယ်တဲ့သဘောပါပဲ။ စပါးစေ့းကတော့ အခြေခံစေ့ချနှုန်းငါးသိန်းပေးတာပါပဲ။ ဒါပေမဲ့ တောင်သူလယ်သမားက ပေါင်ပိုပေးလိုက်ရတော့ သူ့ရတဲ့စေ့းက အခြေခံစေ့ချနှုန်းကျပ်ငါးသိန်းထက်လျှော့ရသွားတော့တာပါပဲ၊ အဲဒီတော့ တောင်သူလယ်သမားက အခြေခံစေ့ချနှုန်း ကျပ်ငါးသိန်းမရဘူးဆိုပြီး ဖြစ်ပြန်တာပါပဲ။

တောင်သူလယ်သမားကြီးများ သိစေချင်တာကတော့ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ စပါးတင်းတစ်ရာအခြေခံစေ့ချနှုန်းကျပ်ငါးသိန်းတင်းတင်းရင်းရင်းရချင်ရင်တော့ မိမိရောင်းမယ့်စပါးကိုလည်း အရည်အသွေးအဆင့်အတန်း စံချိန်မီအောင် အချိန်ပေးပြီး စီမံဖို့လိုမယ်လို့ပြောချင်ပါတယ်။

တောင်သူလယ်သမားကြီးများ သိရှိထားနိုင်ရန် စပါးရဲ့အရည်အသွေးအဆင့်အတန်းစံချိန်စံညွှန်းကို အကျဉ်းမျှဖော်ပြမျှဝေလိုက်ပါတယ်။ စပါးရဲ့ အရည်အသွေးအဆင့်အတန်းမှာ အရည်အသွေးစံသက်မှတ်ချက် ရှစ်ချက်ရှိပါတယ်။ အစိုဓာတ်ပါဝင်မှု၊ သန့်စင်မှု၊ မျိုးကွဲပါဝင်မှု၊ လုံးပိန်လုံးညှပ်ပါဝင်မှု၊ ဆစ်ကျိုးပါဝင်မှု၊ ဆန်ဝါရောင်ပျက်ပါဝင်မှု၊ ဆန်နီပါဝင်မှု၊ မြေဖြူရောင် ဆန်ပါဝင်မှုလို့ ဖြစ်ပါတယ်။

စပါးအစိုဓာတ်ပါဝင်မှုရဲ့ အကျိုးသက်ရောက်မှုဟာ ဝယ်သူအတွက် ထုထည်ပမာဏ လျှော့ကျမှုရော၊ မှိုတက်အရောင်ပျက်သွားသဖြင့် အရည်အသွေးကျဆင်းမှုရော ခံစားရမှာဖြစ်ပါတယ်။ စပါးရဲ့ အစိုဓာတ်ကို ၁၄ ရာခိုင်နှုန်းသတ်မှတ်ပါတယ်။ စပါးတစ်တင်း ၄၆ ပေါင်မှာ ၂၀ ဒသမ ၈၇ ကီလိုဂရမ်ရှိပါတယ်။ တစ်ကီလိုဂရမ်မှာ ၂ ဒသမ ၂ ပေါင်ရှိပါတယ်။ စပါး ၂ ဒသမ ၂ ပေါင်မှာ အစိုဓာတ် ၁၆ရာခိုင်နှုန်းရှိနေမယ်ဆိုရင် ဝယ်သူ၏ လက်ထဲတွင် သုည ဒသမ ၀၅၁ ပေါင်လျှော့သွားမှာ ဖြစ်ပါတယ်။ စပါးတင်းတစ်ရာမှာ ၁၀ ဒသမ ၇ တင်းခန့် လျှော့သွားမှာဖြစ်ပါတယ်။ အစိုဓာတ် ၁၄ ရာခိုင်နှုန်းနှင့်အထက် တစ်ရာခိုင်နှုန်းများသွားတိုင်း စပါးတင်းတစ်ရာမှာ ငါးတင်းခွဲခန့်လျှော့သွားမှာဖြစ်ပါတယ်။ ဒီအလျှော့တွက်အတွက် စပါးဝယ်ယူသူက ပေါင်ပိုယူထားခြင်းဖြစ်ပါတယ်။

စပါးသန့်စင်မှုတွင် အဖျင်းအမှော်၊ ဖုန်၊ ခဲ၊ သလဲ၊ အမှိုက်များပါဝင်ပါတယ်။ စပါးတစ်တင်း ၄၆ ပေါင်မှာ အဖျင်း၊ ဖုန်၊ ခဲ၊ သလဲ အမှိုက်ပါဝင်မှု သုည ဒသမ ၅ ပေါင် ပါဝင်ခွင့်ပြုထားပါတယ်။ ရာခိုင်နှုန်းအားဖြင့် တစ်ရာခိုင်နှုန်းပါဝင်ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ စပါးတင်းတစ်ရာတွင် အဖျင်းအမှော် အမှိုက်၊ ဖုန်၊ ခဲ၊ သလဲ တစ်တင်းခန့်ပါဝင် ခွင့်ပြုထားပါတယ်။ အကယ်၍ အဖျင်းအမှော်၊ ဖုန်၊ ခဲ၊ သလဲ၊ အမှိုက် ၁ ရာခိုင်နှုန်း ပိုပါလာတိုင်း ဝယ်ယူသူက စပါးတစ်တင်းလျှော့သွားတာ ခံရမှာဖြစ်ပါတယ်။ ဒါကြောင့် ဖုန်၊ ခဲ၊ သလဲ၊ အမှိုက် အဖျင်းအမှော်ပါရင် အလျှော့တွက် ကိုက်အောင် ဝယ်ယူသူက ပေါင်ပိုတွက်ချက်ယူခြင်း ဖြစ်ပါတယ်။

အခြားသောစပါးအရည်အသွေးအဆင့်အတန်း စံချိန်စံညွှန်းအချက်များတွင်လည်း အချက်တစ်ခုချင်းအလိုက် ပါဝင်ခွင့်ရှိသည့် ရာခိုင်နှုန်းသတ်မှတ်ချက်များရှိပါတယ်။ အဲဒီသတ်မှတ်ချက်တွေထက် ပိုမိုပါရှိလာပါက ဝယ်ယူသူက တွက်ချက်၍ ကျသင့်ပေါင်ကို ထပ်ဆောင်း၍ ပေါင်ပိုယူမှာ ဖြစ်ပါတယ်။

■

မကွေးကုန်စည်ဒိုင်တွင် နှမ်းစျေးနှုန်းများ ထပ်မံကျဆင်း

လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)

မကွေးတိုင်းဒေသကြီးအတွင်း ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံ အရောင်းအဝယ်ဖြစ်လျက် ရှိသည်။ မိုးနှမ်းများ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းစျေးကျသွားပြီးအရောင်း အဝယ်ဖြစ်မှုမှာ အနည်းငယ်ကျဆင်းသွားသည်။ မကွေးကုန်စည်ဒိုင်တွင် ယခင်တစ်ပတ်က နှမ်းနက်(စမုံ) ၄၅ ပိဿာသုံးတင်းဝင် တစ်အိတ်လျှင် အလတ်စ ကျပ် ၇၀၀၀၀၊ ၀ွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင်အလတ်စ ကျပ် ၁၉၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၆၂၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် အောက်စ ကျပ် ၁၅၅၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင်ထိပ်စ ကျပ် ၁၅၅၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ (၃)တင်းဝင် တစ်အိတ်လျှင်ထိပ်စ ကျပ် အောက်စ ကျပ် ၁၅၃၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ နှမ်းညိုကြား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀ စေ့းတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်တွင် မိုးနှမ်းများ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းစျေးများ ထပ်မံကျဆင်းသွားရာ နှမ်းနက်(စမုံ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင်အလတ်စ ကျပ် ၂၆၃၀၀၀၊ ၀ွနက်/ ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အလတ်စ ကျပ် ၁၈၅၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ (၃)တင်းဝင် တစ်အိတ်လျှင်ထိပ်စ ကျပ် ၁၅၂၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာသုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၅၀၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင်ထိပ်စ ကျပ် ၁၅၁၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၅၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၊ နှမ်းညိုကြား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ စေ့းတို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်တွင် မိုးနှမ်းများ ဝင်ရောက်မှုများပြားလာပြီး အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းစျေးများ ကျဆင်းသွားရာ ယခင်တစ်ပတ်စျေးထက်နှမ်းနက်(စမုံ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင်အလတ်စ ကျပ် ၇၀၀၀၊ ၀ွနက်/ ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အလတ်စ ကျပ် ၅၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင်ထိပ်စ ကျပ် ၁၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၅၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၄၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၄၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၅၀၀၀၊ နှမ်းညိုကြား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀ စီ စေ့းကျပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက် ချက်ပြုတ်ပြင်ဆင်ရေး အသိပညာပေးသင်တန်း ဟင်္သာတတွင်ပြုလုပ်

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးမှူးရုံး အစည်းအဝေးခန်းမတွင် သြဂုတ် ၂၃ ရက်က ဟင်္သာတမြို့ပေါ်ရှိ လမ်းဘေးစျေးဆိုင်ရောင်းချသူများအား ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ချက်ပြုတ်ပြင်ဆင်ရေး အသိပညာပေး သင်တန်း ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာပြည့်ဖြိုးက အဖွင့်အမှာစကားပြောရာတွင် ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ၄၁သန်းသည် မကူးစက်နိုင်သော ရောဂါဖြင့် သေဆုံးလျက်ရှိပြီး အသက် (၃၀ နှင့် ၆၉) နှစ်ကြား သေဆုံးမှုမှာ ၁၅သန်းခန့်ရှိရာ မကူးစက်နိုင်သောရောဂါသည် အစားအစာကြောင့် အဓိကဖြစ်ပွားလျက်ရှိသည့်အတွက် ယခုကဲ့သို့ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဟင်္သာတခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာညီညီလွင်က အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မကူးစက်နိုင်သော ရောဂါများခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဟင်္သာတခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာစိန်စိန်ကြီးက ဘေးအန္တရာယ်ကင်းရှင်းသော အသား၊ ငါး၊ ဥ များအား ရောင်းချနိုင်ရန် နည်းလမ်းများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းက လမ်းဘေးစျေးသည်များအပေါ် ချမှတ်ထားသော စည်ပင်သာယာရေး အဖွဲ့၏ စည်းကမ်းချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဟင်္သာတမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမင်းလွင်ဦးက အသီးအရွက်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဟင်္သာတခရိုင် FDA မှ ဒေါက်တာတိုးဝေအောင်က လမ်းဘေးစျေးသည်များ ရောင်းချသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပို့ချခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးကြပြီး ဟင်္သာတမြို့ပေါ်ရှိ လမ်းဘေးစျေးရောင်းချသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

မောင်မောင်မြတ်ခိုင် (ဟင်္သာတခရိုင်)

မြန်မာ့ကြက်ဥ၊ ဘဲဥများ ပြောင်းပြန်သွားနေ

ယခုရက်ပိုင်းအတွင်းမြန်မာ့ကြက်ဥနှင့်ဘဲဥများအား ပဲခူး၊ မော်လမြိုင်နှင့် ဘားအံမြို့များမှ နယ်စပ်မြို့ မြဝတီသို့ တင်ပို့ရောင်းချမှုများသည်။ ပုံမှန်မဟုတ်သည့် ပြောင်းပြန်စီးဆင်းမှုများဖြစ်ကြောင်း ကရင်ပြည်နယ်မွေးမြူရေး လုပ်ငန်းရှင်များထံမှ သိရှိရသည်။ ၁၉၉၉ ခုနှစ်ခန့်အထိ ဘားအံနှင့် မော်လမြိုင်မှ ကြက်ဥ၊ ဘဲဥများကို မြဝတီဘက်သို့ တင်ပို့ရောင်းချခဲ့ကြရပြီး ၂၀၀၁ ခုနှစ်နောက်ပိုင်း ထိုင်းနိုင်ငံမှ ကြက်ဥ၊ ဘဲဥများအား မြဝတီမှတစ်ဆင့် ဘားအံ၊ မော်လမြိုင်ဒေသများကို တင်သွင်းလာခဲ့ကြပြီးသည်မှာ ပြီးခဲ့သော ဇူလိုင်လခန့်ထိဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်က ပြောသည်။

ယခုနှစ် ဧပြီလတွင်ဘဲဥတစ်လုံး လက်လီ စျေးကျပ် ၁၆၀၊ ကြက်ဥတစ်လုံး ကျပ် ၁၃၀ ရှိခဲ့ရာ မှ ယနေ့ဘဲဥတစ်လုံးလက်လီစျေး ကျပ် ၂၀၀၊ ကြက်ဥတစ်လုံး လက်လီစျေးကျပ် ၁၅၀ဖြစ်ပေါ် လျက်ရှိလာသည့်အတွက် အနည်းငယ်စျေးတက်လာကြောင်း တွေ့ရှိရသည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ ကြက်ဥ၊ ဘဲဥများအား ဒေသတွင်းသုံးစွဲမှု ပိုလျှံလာသည့်အခါ ပဲခူး၊ ထားဝယ်ဒေသများကို ဖြန့်ဖြူးပြီး လိုအပ်လာလျှင် မြဝတီ၊ ပဲခူးတို့မှ တင်သွင်းရောင်းချကြသည်။ သို့ဖြစ်၍ ယခုပြောင်းပြန်စီးဆင်းမှုကို မြန်မာမွေးမြူရေး လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းဖြစ်လာမည်လားဆိုသည်ကို လေ့လာစောင့်ကြည့်နေကြသည်။

မြန်မာ- ထိုင်း ငွေလဲလှယ်နှုန်းထားများအရ ၂၀၁၉ ခုနှစ် ဧပြီလက ထိုင်းတစ်ဘတ် မြန်မာငွေ ၄၆ ကျပ်နှုန်းရှိရာမှ ယနေ့တွင် တစ်ဘတ်လျှင် မြန်မာငွေ ၄၉ ကျပ်နှုန်းဖြစ်လာသဖြင့် ထိုင်းဘတ် ငွေစျေးအနည်းငယ်တက်လာကြောင်း၊ ယင်း အချက်ကတစ်ဖက် ကြက်ဥ၊ ဘဲဥများ မြန်မာဘက်မှ ဝယ်ယူရာတွင် စျေးကြီးသွားခြင်းကြောင့် ဖြစ်နိုင်ကြောင်း မည်သို့ဖြစ်စေ မိမိတို့ဒေသထွက် ပြည်တွင်းမွေးမြူရေးထွက်ကုန်များအတွက် လာခြင်းကောင်းသော စျေးကွက်ရရှိလာခြင်းဖြစ်လာမလား စောင့်ကြည့်ရမည်ဖြစ်သည်။ **နန်းခင်ဇာဖြူ (ကရင်ပြည်နယ်)**

ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အကြိမ် (၃၀) မြောက် (၇/၂၀၁၉)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၂၈ ရက်တွင် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီ ဒု-ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒု-ခရိုင် ဦးစီးမှူး ဦးဟန်ဝင်းအောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူးဦးသန်းပိုက (၂၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် သြဂုတ်လအတွင်း စာသင်ကျောင်းများ၊ ကျေးရွာများသို့ စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးခြင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့သည်။

ထို့နောက် ထီးချိုင့်မြို့ လယ်ထွန်စက်သိမ်းယူသည့်ကိစ္စအား နှစ်ဦးနှစ်ဖက်ပြေလည်စေရန်အတွက် စက်တင်ဘာလအတွင်း ညှိနှိုင်းဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစားအသောက်များတွင်လည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော အစားအသောက်များကို သာထုတ်လုပ် ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်း၊ ယခု ကာလတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော အမည်၊ တံဆိပ်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပါဝင်ပစ္စည်း၊ သုံးစွဲပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်၊ ဥပမာ- အစားအသောက်နှင့် ဆေးဝါးပစ္စည်းများဆိုလျှင် FDA ၏ ထောက်ခံချက် မပါရှိသော အစားအသောက်များ၊ စိုက်ပျိုးရေးသုံး ပစ္စည်းများဆိုလျှင် စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက် မပါရှိသော ကုန်စည်များအား ဝယ်ယူအသုံးပြုမိပါက စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိခဲ့လျှင် တိုင်တန်း၍ မရသ ဖြင့် စားသုံးသူများ နစ်နာကြောင်း၊ ထိုကဲ့သို့ မဖြစ်ပေါ်စေရေးအတွက် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ကျောင်းများ၊ စျေးများ၊ ကျေးရွာများသို့ ကွင်းဆင်း၍ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်လျက်ရှိကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး စက်တင်ဘာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်သုံးရပ်အား ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

လှလှခိုင် (ကသာ)

အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်းတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူးကျင်းပသော အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်းခန်းမ၌ သြဂုတ် ၂၇ ရက်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်း ဒုတိယကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး တင်ထွန်းဝေက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးအသိ ပညာပေးဟောပြောပွဲကို အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်းသို့ လာရောက်ကျင်းပ ဆောင်ရွက်ပေးသည့်အတွက် အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်းမိသားစုမှ အထူးပင် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။ ခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသော်တာထက်က စားသုံးသူများမှာ Supply Chain Safety ဆိုသည့် စိုက်ပျိုးသည်မှ ပန်းကန်ထဲရောက်သည်အထိ အရေးကြီးကြောင်း၊ အမျိုးသား အစားအသောက်ကာကွယ်ရေး ဥပဒေပြဋ္ဌာန်းထားကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်၊ ဇီဝအန္တရာယ်၊ ဓာတုအန္တရာယ်များ အကြောင်းနှင့် ဘေးကင်းစိတ်ချလုံခြုံတဲ့ အစားအသောက်များ စစ်ဆေးစားသောက်ကြရန် ပြောကြားသည်။

ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်က စားသုံးသူရေးရာ ဦးစီးဌာနကို ၂၀၁၆ ခုနှစ် ဧပြီလမှစတင်၍ ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ စားသုံးသူရဲ့ အခွင့်အရေးများ သိရှိနိုင်ရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုကို သုံးစွဲရာမှ ရွေးချယ်တတ်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကိုသိရှိပြီး လိုက်နာဆောင်ရွက်သွားရန်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကိုလည်း တိုင်းဒေသကြီးနှင့် ခရိုင်ရုံးများတွင် CICC ရုံးများ ဖွဲ့စည်းထားရှိပြီး စားသုံးသူများတိုင်ကြားနိုင်ရန်အတွက် ဖွင့်လှစ်ထားရှိကြောင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်မှာပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ်(၉) နှင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ စီးပွားရေးလုပ်ငန်းရှင်တာဝန်၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူမှု၊ ကုန်စည်နှင့် ဝန်ဆောင်မှုစပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များ၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း၊ စားသုံးသူ နစ်နာဆုံးရှုံးမှုရှိပါက CICC ရုံးသို့ တိုင်ကြားနိုင်ကြောင်း၊ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ယဉ်အောင် (DOCA ၊ စစ်ကိုင်း)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ရွှေတောင်ခ္ဍ လျှော်ဖြူစိုက်ပျိုးထွက်ရှိမှုနှင့် စျေးကွက်အခြေအနေ ဆွေးနွေးပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ စားသုံးသူရေးရာ ဦးစီးဌာနတွင် လျှော်ဖြူ (ခ) ဆေးကုလားမ စိုက်ပျိုးထွက်ရှိမှုစျေးကွက်၊ စျေးနှုန်း အခြေအနေ ကွင်းဆင်းလေ့လာ ဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင် ဦးစီးမှူး ဦးစိုးဗြိမ်းက လျှော်ဖြူစိုက်ပျိုး ထွက်ရှိမှုနှင့် စျေးကွက်အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးပြီး လျှော်ဖြူစိုက်တောင်သူများအနေဖြင့် လျှော်ဖြူတန်းကြားများတွင် ရာသီသီးနှံများဖြစ်သည့် ငရုတ်၊ ဝဉများ၊ ပန်းစသည့် ဒေသစျေးကွက်ဝင်သီးနှံများ စိုက်ပျိုးကြရန်လည်း အကြံပြုဆွေးနွေးခဲ့သည်။

ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ဆွေးနွေးခြင်း၊ ပဲခူးတိုင်းဒေသကြီး လျှော်ဖြူအသင်း ဥက္ကဋ္ဌ ဦးမောင်နိုင်ကတိုင်းဒေသကြီးအတွင်း လျှော်ဖြူစိုက်ပျိုးထွက်ရှိမှုများအား ရှင်းလင်း ဆွေးနွေးခြင်း၊ ပြည်မြို့နယ်လျှော်ဖြူအသင်း ဥက္ကဋ္ဌဦးကျော်ကျော်လွင်က လျှော်ဖြူစိုက်ပျိုးမှုအခြေအနေများ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ရွှေတောင်မြို့နယ် လျှော်ဖြူအသင်းပြန်လည် ဖွဲ့စည်းခြင်းနှင့် အထွေထွေဆွေးနွေးခြင်းအား ဆောင်ရွက်ခဲ့ကြရာ အမှုဆောင် ၁၉ ဦး ရွေးချယ်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးသိန်းစိုး၊ ဒုတိယ ဥက္ကဋ္ဌအဖြစ် ဦးမောင်နိုင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးလင်းလင်း၊ တွဲဖက် အတွင်းရေးမှူးအဖြစ် ဦးဇော်လင်းအောင်တို့အား ရွေးချယ် တင်မြှောက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားအပြီးတွင် ရွှေတောင်မြို့နယ်ရှိ လျှော်ဖြူစိုက်ခင်းများသို့ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ခင်ဆွေဝင်း (ပြည်)**

မကွေးမြို့အမှတ်(၃)နှင့် အမှတ်(၄)အထက်တန်းကျောင်းတို့ရှိ ကျောင်းမုန့်စျေးတန်းများအား ကွင်းဆင်းစစ်ဆေး

တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဩဂုတ် ၂၂ ရက်တွင် မကွေးမြို့ပေါ်ရှိ အမှတ်(၃)နှင့် အမှတ်(၄) အထက်တန်းကျောင်းဝင်းအတွင်းနှင့် ကျောင်းဝင်းပြင်ပတို့တွင် ရောင်းချနေသော ကျောင်းမုန့်စျေးတန်းများအား FDA နှင့် ပူးပေါင်း၍ Mobile Lab ဖြင့် စစ်ဆေးခဲ့ပြီး ခွင့်မပြုဆိုးဆေးနှင့် တာရှည်ခံဆေးများ သုံးစွဲထားသည့်မုန့်များကို ရောင်းချခြင်းမပြုစေရန် တားမြစ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ FDA မှ တိုင်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး၊ အ. ထ. က(၃) နှင့် အ. ထ. က(၄)တို့မှ ကျောင်းအုပ်ဆရာကြီးများ၊ မြို့နယ်စည်ပင်သာယာရေးမှ ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဓာတ်ခွဲစစ်ဆေးမှုနှင့်အတူ စားသုံးသူရေးရာဦးစီးဌာနကလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်တားမြစ်ထားသည့် စားသုံးရန်မသင့်စားသောက်ကုန်များ ရောင်းချမှုရှိ/မရှိနှင့် သက်တမ်းလွန် ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိ၊ သတင်းအချက်အလက် ပြည့်စုံစွာ ဖော်ပြထားခြင်း မရှိသည့် ကုန်စည်များ ရောင်းချမှု ရှိ/မရှိတို့အား စျေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး တားမြစ်ထားသည့် အသားတုများဖြင့် ပြုလုပ်ထားသည့်အကင်များ၊ အကြော်များအား ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့ပြီး သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများနှင့် ကျောင်းမုန့်စျေးတန်း ရောင်းချသူများအား ဥပဒေစာအုပ်များနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **ညွှန်ညွှန့်စိန်(မကွေး)**

ပြည်ခရိုင်အတွင်း စားသုံးသူအသိပညာပေးခြင်းနှင့် စျေးကွက်စောင့်ကြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ မြို့နယ်အားလုံးတွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို မိတ်ဖက်ဌာန အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကာ စားသုံးသူပြည်သူများ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဩဂုတ်လ နောက်ဆုံးပတ် ၂၂ ရက်မှ ၃၁ ရက်အတွင်းရှိမြို့နယ်ခြောက်မြို့နယ်တို့တွင် ရပ်ကွက်/ကျေးရွာ၊ စာသင်ကျောင်းနှင့် ကျောင်းမုန့်စျေးတန်း စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၂ ရက်တွင် အ. ထ. က(ပေါင်းတည်)နှင့် အလိမ္မာ ကိုယ်ပိုင်အထက်တန်းကျောင်းပေါင်းတည်မြို့နယ်တို့တွင် လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် သဲကုန်းမြို့တောင်ကြို့ကုန်းရွာ၊ ပန်းတောင်းမြို့ အ. မ. က(ဖောင်းကန်)နှင့် မူလွန် (စည်သာ)ကျောင်းတို့တွင်လည်းကောင်း၊ ရွှေတောင်မြို့ အ. မ. က(နှုပ်တန်း)နှင့် အ. မ. က(မင်းတဲ)ကျောင်းတို့တွင် လည်းကောင်း၊ ပြည်မြို့ ပြန်/ဆက်ရုံးတွင် ခေတ္တရာရပ်ကွက်နေ ပြည်သူများသို့လည်းကောင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ပြီး ကျောင်းမုန့်စျေးတန်းများသို့ စျေးကွက်စောင့်ကြည့်ခြင်းလုပ်ငန်းများ လည်း ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲများတွင် စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉)ပါ ပြဋ္ဌာန်းချက်များနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်များအကြောင်း၊ ဘေးဥပဒေ အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရယူ သုံးစွဲနိုင်ရေးအတွက် သတိပြုဝယ်ယူရမည့်အချက်များအကြောင်း၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် တားမြစ်ချက်များ၊ နစ်နာဆုံးရှုံးမှုရှိလာပါက သတင်းပို့တိုင်ကြားနိုင်ရန် CICC စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဥပဒေ၏ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် အရေးယူချမှတ်နိုင်သည့် စီမံခန့်ခွဲရေး ပြစ်မှုပြစ်ဒဏ်များအကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းမုန့်စျေးတန်းများတွင် ထောက်ခံချက်မရှိသောမုန့်များ၊ စားသုံးရန်မသင့်သောမုန့်များ၊ သက်တမ်းလွန်မုန့်များ ရောင်းချမှုမရှိစေရေးနှင့် အသုပ်ဆိုင်များ သန့်ရှင်းသပ်ရပ်စွာ ရောင်းချမှုရှိစေရေး စျေးသည်များအား အသိပညာပေး ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝင်းလဲ့ဝါ (ပြည်)

ကလေးမြို့ရှိ ဓာတ်မြေသြဇာဆိုင်များ ကွင်းဆင်းစစ်ဆေး

ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာနမှ ပူးပေါင်းပြီး စိုက်ပျိုးရေးသုံးဆေးပစ္စည်း အရောင်းဆိုင် ၁၁ ဆိုင်သို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြန်မာနိုင်ငံတွင်း သုံးစွဲရန် တားမြစ်ပိတ်ပင်ထားသည့် ပိုးသတ်ဆေးများ စျေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်း ရှိ၊ မရှိနှင့် သက်တမ်းလွန်နေသော ဆေးဝါးများ၊ မြန်မာဘာသာဖြင့် ဖော်ပြထားသော ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာများကိုသာ ရောင်းချရန် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးရောင်းချခွင့်လိုင်စင်များ၊ စည်ပင်လိုင်စင်များ၏ သက်တမ်းများကို စစ်ဆေးခဲ့ကြသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာများရောင်းချရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ သတိပြုရမည့်အချက်များအပြင် ဝယ်ယူသုံးစွဲမည့် Customer များအား နားလည်သဘောပေါက်အောင် ရှင်းပြပေးရန်လိုအပ်ကြောင်း၊ ပိုးသတ်ဆေး ထားသိုရောင်းချရမည့်ပုံစံများ၊ စည်းမျဉ်းစည်းကမ်းများပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ခရိုင်ဦးစီးမှူးကလည်း ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအား ပညာပေးပြောကြားခဲ့ကြောင်း သိရှိရသည်။ **သိမ့်သိမ့်(ကလေး)**

ကရင်ပြည်နယ်တွင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးနိုင်တော့မည်

ကရင်ပြည်နယ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ လူနေမှု အဆင့်အတန်းတိုးတက်လာစေရန်အတွက် ဩဂုတ် ၂၈ ရက်တွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ၏ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် မြဝတီမြို့တွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအား အတည်ပြုမိန့်ထုတ်ပေးရန် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၆/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကိုကရင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝန်တိုး၊ ပြည်နယ်အဆင့် ကော်မတီဝင်များနှင့် ရင်းနှီးမြှုပ်နှံမည့် ရွှေရည်လင်းပွင့် ကုမ္ပဏီမှ တာဝန်ရှိသူများတက်ရောက်ခဲ့ရာမြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမည့် ရွှေရည်လင်းပွင့်ကုမ္ပဏီသည် ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၅) ရပ်ကွက်၊ ကွင်းအမှတ် (၅) ရွှေမြင်းဝန်ဦးပိုင်အမှတ်(၁/၈၊ ၇၊၃/ ၃)မြေ သုည ဒသမ ၂၉၄ ဧကတွင် ဟိုတယ်တည်ဆောက်ခြင်း လုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုရန် တင်ပြလာခြင်း အခြေအနေများအား ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝန်တိုးက တက်ရောက်လာသော ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များအား တင်ပြခဲ့သည်။

အဆိုပါ လုပ်ငန်းသည် ဒေသခံပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အိအိခိုင်(ကရင်ပြည်နယ်)**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

အသင်းဖော်များကြောင့် အကောင်းဆုံးဆုရခြင်းဟု ဗန်ဒက်ဖွင့်ဟ

၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ မဲခွဲမှုကို ဩဂုတ် ၂၉ ရက် ညပိုင်းက ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် ပြုလုပ်ခဲ့သည်။ ယင်းအုပ်စုပွဲစဉ်များ မဲခွဲမှုအပြီးတွင် ယူအီးအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံး ဘောလုံးကစားသမားဆုကို ရွေးချယ်ပေးအပ်ခဲ့ရာ လီဗာပူးအသင်းမှ နယ်သာလန် နောက်ခံကစားသမား ဗန်ဒက်က မက်ဆီနှင့် စီရိုနယ်ဒိုတို့ကိုကျော်ဖြတ်ပြီး အကောင်းဆုံးဆုကို ရရှိခဲ့သည်။

ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးကစားသမားဆုကို ရရှိခဲ့သည့် ဗန်ဒက်က 'ကျွန်တော် ဒီဆုကိုရတာ ကျွန်တော့်ရဲ့ တစ်ဦးကောင်း တစ်ယောက်ကောင်းကြောင့် ရတာမဟုတ်ပါဘူး။ အသင်းဖော်တွေကြောင့် ရတာဆိုရင် ပိုမှန်ပါလိမ့်မယ်။ ကျွန်တော်ဟာ ပြီးခဲ့တဲ့ရာသီက လီဗာပူးအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သလို နိုင်ငံအသင်းဖြစ်တဲ့ နယ်သာလန်အတွက်လည်း တတ်အားသလောက် ကြိုးပမ်းခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် အရာရာတိုင်းအတွက် ကျွန်တော်နဲ့ အတူ လက်တွဲကစားခဲ့တဲ့ အသင်းဖော်တွေကို ကျေးဇူးတင်ရမှာပါ'ဟု ပြောခဲ့သည်။

ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ပြီးခဲ့သည့်ရာသီ ချန်ပီယံလိဂ် အုပ်စုအဆင့် ရောက် ၃၂ သင်းမှ နည်းပြများ၊ ယူရိုပါလိဂ် အုပ်စုအဆင့် ရောက် ၄၈ သင်းမှ နည်းပြများနှင့် ယူအီးအက်ဖ်အေ အဖွဲ့ဝင် တစ်နိုင်ငံချင်းစီမှ ဂျာနယ်လစ် ၅၅ ဦးတို့ ပါဝင်သည့် ဂျူရီအဖွဲ့က မဲပေးရွေးချယ်ခဲ့ ခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးကစားသမားဆုကို မဲပေးရွေးချယ်ရာတွင် မဲရရှိမှု အနေအထားမှာ ဗန်ဒက်(လီဗာပူး)- ၃၀၅ မှတ်၊ မက်ဆီ(ဘာစီလိုနာ)- ၂၀၇ မှတ်၊ စီရိုနယ်ဒို(ဂျူဗင်တပ်)- ၇၄ မှတ်၊ အလစ်ဆန် (လီဗာပူး)- ၅၇ မှတ်၊ မာနေး (လီဗာပူး)- ၅၁ မှတ်၊ ဆာလက်ချ်(လီဗာပူး)- ၄၉ မှတ်၊ ဟာဇတ် (ချယ်လ်ဆီး/ရီးရဲလ်မက်ဒရစ်)- ၃၈ မှတ်၊ ဒီလိုက်(အေဂျက်/ဂျူဗင်တပ်)- ၂၇ မှတ်၊ ဒီဂျောင် (အေဂျက်/ဘာစီလိုနာ)- ၂၇ မှတ်၊ စတာလင်း(မန်စီးတီး)- ၁၂ မှတ် စသည်ဖြင့် မဲအသီးသီး ရရှိခဲ့ကြသည်။

ချန်ပီယံလိဂ်အုပ်စု မဲခွဲမှုတွင် မန်စီးတီးအသင်း အုပ်စုချောင်နေ

၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ မဲခွဲမှုကို ဩဂုတ် ၂၉ ရက် ညပိုင်းက ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် ပြုလုပ်ခဲ့ရာ အင်္ဂလန် ပရီးမီးယားလီဂ်အသင်းများဖြစ်သည့် စပါး၊ လီဗာပူးနှင့် ချယ်လ်ဆီးအသင်းတို့မှာ အုပ်စုကျပ်ထဲ ကျရောက်နေသော်လည်း မန်စီးတီးအသင်းမှာ အုပ်စု အချောင်ဆုံးအနေအထားသို့ ရောက်ရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ မဲခွဲရာတွင် အုပ်စု(A)တွင် ပီအက်စ်ဂျီ(ပြင်သစ်)၊ ရီးရဲလ်မက်ဒရစ် (စပိန်)၊ ကလပ်ဘရူဂျက် (ဘယ်လ်ဂျီယံ)နှင့် ဂါလာတာစာရေး (တူရကီ)၊ အုပ်စု(B)တွင် ဘိုင်ယန်မြူးနစ် (ဂျာမနီ)၊ စပါး(အင်္ဂလန်)၊ အိုလံပီယာ ကိုစ်(ဂရိ)နှင့် ရက်စတားဘဲလ်ဂရိတ် (ဆားဘီးယား)၊ အုပ်စု(C)တွင် မန်စီးတီး (အင်္ဂလန်)၊ ရှက်တာဒိုးနက် (ယူကရိန်း)၊ ဒိုင်နမိုဇာဂရက် (ခရိုအေးရှား) နှင့် အတ္တလန္တာ(အီတလီ)၊ အုပ်စု(D) တွင် ဂျူဗင်တပ်(အီတလီ)၊ အက်သလက်တီကို(စပိန်)၊ လေဗာကူဆင် (ဂျာမနီ)နှင့် လိုကိုမိုးတစ်မော်စ ကို (ရုရှား)၊ အုပ်စု(E)တွင် လီဗာပူး (အင်္ဂလန်)၊ နာပိုလီ(အီတလီ)၊ ရက်ဘူး ဆဲလ်ဘတ်ချ် (ဩစတြီးယား)နှင့် ဂျန့်(ဘယ်လ်ဂျီယံ)၊ အုပ်စု(F)တွင် ဘာစီလိုနာ(စပိန်)၊ ဒေါ့မွန်(ဂျာမနီ)၊ အင်တာမီလန်(အီတလီ)နှင့် ဆလားဗီးယားပရပ်(ချက်)၊ အုပ်စု(G)တွင် ဇင်းနစ်(ရုရှား)၊ ဘင်ဖိကာ(ပေါ်တူဂီ)၊ လိုင်ယွန်(ပြင်သစ်)နှင့် လိုက်ဇစ်(ဂျာမနီ)၊ အုပ်စု(H)တွင် ချယ်လ်ဆီး(အင်္ဂလန်)၊ အေဂျက်(နယ်သာလန်)၊ ဗလန်စီယာ(စပိန်)နှင့် လိုင်လီ(ပြင်သစ်) စသည်ဖြင့် အသီးသီး အုပ်စုပွဲစဉ်များ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၇ ရက်တွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားမှုကို ကြည့်မည်ဆိုလျှင် မန်စီးတီးအသင်းက သုံးလေး-တစ်လေး၊ ဘာစီလိုနာအသင်းက ငါးလေး-တစ်လေး၊ လီဗာပူးအသင်းက ၁၃လေး-နှစ်လေး၊ ရီးရဲလ်မက်ဒရစ်အသင်းက ရှစ်လေး-တစ်လေး၊ ဂျူဗင်တပ်အသင်းက ၁၀ လေး-တစ်လေး၊ ပီအက်စ်ဂျီအသင်းက ၁၀လေး-တစ်လေး၊ ဘိုင်ယန်မြူးနစ်အသင်းက ၁၂လေး-တစ်လေး၊ အက်သလက်တီကိုအသင်းက ၂၀လေး-တစ်လေး၊ စပါးအသင်းက ၂၂လေး-တစ်လေးနှင့် ချယ်လ်ဆီးအသင်းက ၃၀လေး-တစ်လေး ဗိုလ်စွဲရန် အသီးသီး ရေပန်းစားနေသည်။

နေမာကို ခေါ်ယူရန် ဘာစီလိုနာအသင်း သဘောတူညီမှုရရှိ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ၎င်းတို့၏ ကစားသမားဟောင်း နေမာကို ပီအက်စ်ဂျီအသင်းထံမှ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းမှုမှာ အောင်မြင်ခဲ့ပြီဖြစ်ကြောင်း စပိန် မာကာသတင်းစာက ရေးသားဖော်ပြထားသည်။

ဘာစီလိုနာအသင်းသည် နေမာကို ခေါ်ယူနိုင်ရေးအတွက် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အပြိုင် ကြိုးပမ်းခဲ့ရပြီး နှစ်ကြိမ်တိတိ ပီအက်စ်ဂျီအသင်း၏ပယ်ချမှုကို ခံခဲ့ရသည်။ ယခု နောက်ဆုံးအကြိမ်တွင် ဘာစီလိုနာအသင်းသည် နေမာကို ခေါ်ယူနိုင်ရေးအတွက် ယူရိုသန်း ၂၀၀(ပေါင် ၁၈၂သန်း)အပြင် နောက်ခံကစားသမား တိုဒီဘို၊ ကွင်းလယ်ကစားသမား ရာကီတစ်နှင့် တောင်ပံကစားသမား ဒမ်ဘီလီတို့ကို အလိုက်ပေးရ၍ ကမ်းလှမ်းခဲ့ခြင်းဖြစ်ရာ နှစ်ဖက်အသင်းမှ တာဝန်ရှိသူများသည် နာရီပေါင်းများစွာကြာအောင် ဆွေးနွေးညှိနှိုင်းပြီးမှ အပြောင်းအရွှေ့ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် နေမာကို ယူရိုသန်း ၂၀၀(ပေါင် ၁၈၂သန်း)အပြင် ကစားသမားသုံးဦး အလိုက်ပေးရ၍ ခေါ်ယူခဲ့သည်ဟု ဆိုသော်လည်း တိုဒီဘိုနှင့် ရာကီတစ်တို့ကို အပြီးပြတ် ပေးလိုက်ခြင်းဖြစ်ပြီး တောင်ပံတိုက်စစ်မှူး ဒမ်ဘီလီကိုမူ အငှားချထားခြင်းဖြစ်ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်း နည်းပြ တူချယ်လက 'အခုတော့ နေမာရဲ့ အပြောင်းအရွှေ့က နှစ်ဦးနှစ်ဖက် အဆင်ပြေခဲ့ပါပြီ။ ကျွန်တော်တို့ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာခဲ့တဲ့အတွက် အားလုံးကို ကျေးဇူးတင်ရပါတယ်။ ကစားသမားရော အသင်းအတွက်ပါ အကောင်းဆုံး ဖြစ်ခဲ့တာပါ'ဟု ပြောခဲ့သည်။

အဆိုပါ ဘာရာဇီးတိုက်စစ်မှူး နေမာသည် ၂၀၁၇ ခုနှစ်က ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ယူရို ၂၂၂ သန်း(ပေါင်သန်း ၂၀၀)ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

ကာရာဘာအိုဖလား တတိယအဆင့်တွင် ပရီးမီးယားလိဂ်အသင်းကြီးများ ပါဝင်လာ

အင်္ဂလန် ပြည်တွင်းဖလား ပြိုင်ပွဲတစ်ခုဖြစ်သည့် ကာရာဘာအိုဖလား (လိဂ်ဖလား)ပြိုင်ပွဲ၏ တတိယအဆင့် ပွဲစဉ်များကို ဩဂုတ် ၂၉ ရက်က မဲခွဲရွေးချယ် ထုတ်ပြန်လိုက်ပြီဖြစ်သည်။ အဆိုပါ တတိယအဆင့် ပြိုင်ပွဲတွင် ပရီးမီးယားလိဂ် အသင်းကြီးများလည်း စတင်ပါဝင်လာခဲ့ပြီဖြစ်သည်။

ကာရာဘာအိုဖလားပြိုင်ပွဲ၏ တတိယအဆင့်တွင် ဝုလ်ဗာဟမ်တန်နှင့် ရီးဒင်း၊ အောက်စ်फို့ဒ်ယူနိုက်တက်နှင့် ဝက်စ်ဟမ်း၊ ဝက်ဖို့ဒ်နှင့် ဆွမ်ဆီး၊ ဘရိုက်တန်နှင့် အက်စ်တွန်ဗီလာ၊ ရှက်ဖီးယူနိုက်တက်နှင့် ဆန်းဒါးလန်း၊ ကိုချက်စတာယူနိုက်တက်နှင့် စပါး၊ ပို့စ်မောက်နှင့် ဆောက်သမ်တန်၊ ဘာတန်နှင့် ဘုန်းမောက်၊ ပရီစတွန်နှင့် မန်စီးတီး၊ အမ်ကေဒွန်းနှင့် လီဗာပူး၊ မန်ယူနှင့် ရော့ချ်ဒေး၊ လူတန်တောင်းနှင့် လက်စတာ၊ ချယ်လ်ဆီးနှင့် ဂရမ်စဘီတောင်း၊ မတ္တလစ်ဖီးလ်၊ ရှက်ဖီးဝင့်နက်စ်ဒေးနှင့် အဲဗာတန်၊ အာဆင်နယ်နှင့် နော်တင်ဟမ်၊ ခရော်လေနှင့် စတုတ်စီးတီး စသည်ဖြင့် အသီးသီး ဆုံတွေ့ကြမည်ဖြစ်သည်။ ကာရာဘာအိုဖလားပြိုင်ပွဲ၏ တတိယအဆင့် ပွဲစဉ်များကို စက်တင်ဘာ ၂၃ ရက်တွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်ကစပြီး ပြိုင်ပွဲအမည်အမျိုးမျိုးဖြင့် ယှဉ်ပြိုင်လာခဲ့သည့် လိဂ်ဖလားပြိုင်ပွဲတွင် အသင်းပေါင်း ၉၂ သင်း ပါဝင်ယှဉ်ပြိုင် ကြခြင်းဖြစ်သည်။ လက်ရှိ ချန်ပီယံအသင်းမှာ မန်စီးတီးအသင်းဖြစ်ပြီး ပြိုင်ပွဲသက်တမ်းတစ်လျှောက်တွင် လီဗာပူးအသင်းက ရှစ်ကြိမ် ဗိုလ်စွဲထားသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကောက်ညှင်းဆန်စျေးကစားသူများကို ထိုင်းအစိုးရကိုင်တွယ်မည်

ထိုင်းနိုင်ငံတွင် ကောက်ညှင်းဆန်စျေးနှုန်းများ မြင့်တက်နေမှုကို ကိုင်တွယ်ရန် အစိုးရအနေဖြင့် ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်များ၊ ပြည်ပတင်ပို့သူများအနေဖြင့် ၎င်းတို့၏စတော့လက်ကျန်စာရင်းကို တင်ပြရန် အမိန့်ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ဆန်စက်ပိုင်ရှင်များ၊ ဆန်စပါး ထုတ်လုပ်သူအားလုံးနှင့် သြဂုတ် ၂၇ ရက်တွင် တွေ့ဆုံကာ ကောက်ညှင်းဆန်အတွက် အထူးစျေးနှုန်းကိစ္စ ဆွေးနွေးရန် အစည်းအဝေးခေါ်ယူထားကြောင်း သိရှိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး Mr. Jurin Laksanawisit (အပေါ်ယာပုံ)က ၎င်းအနေဖြင့် တစ်နိုင်ငံလုံးရှိကောက်ညှင်းဆန်အများအပြား ဝယ်ယူ သိုလှောင်ထားကြသူများနှင့် စျေးနှုန်းကစားသူများကို ဖော်ထုတ်စစ်ဆေးရန် အမိန့်ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်များ၊ ပြည်ပဆန်တင်ပို့သူများအနေဖြင့် ၎င်းတို့၏လက်ကျန်ဆန်အရေအတွက်ကို တင်ပြရန်ငြင်းဆိုခြင်း (သို့မဟုတ်) လက်ကျန်စာရင်းအားမမှန်မကန်တင်ပြခြင်းများ ဆောင်ရွက်ပါက ထောင်ဒဏ် ငါးနှစ်ချမှတ်ခြင်းခံရမည်(သို့မဟုတ်) ဘတ်ငွေ ၅၀၀၀ ထက်မပိုသော ဒဏ်ကြေးပေးဆောင်ရမည် (သို့မဟုတ်)အဆိုပါ ထောင်ဒဏ်နှင့် ငွေဒဏ် နှစ်ရပ်စလုံး ချမှတ်ခြင်းခံရမည် ဖြစ်သည်။

ကောက်ညှင်းဆန် စပါးအများအပြား ဝယ်ယူသိုလှောင်ထားသူများနှင့် စျေးကစားသူများအနေဖြင့် ထောင်ဒဏ်ခုနစ်နှစ် (သို့မဟုတ်) ဒဏ်ငွေ ဘတ် ၁ ဒသမ ၄ သိန်း (သို့မဟုတ်) အဆိုပါ ထောင်ဒဏ်နှင့်ငွေဒဏ် နှစ်ရပ်စလုံး ချမှတ်ခြင်းခံရမည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Whichai phochanakij က နောက်လဆန်း၌ စျေးကွက်ထဲတွင်တစ်ကီလိုလျှင် ဘတ် ၅၀ လျှော့စျေးနှုန်းဖြင့် ဖြစ်လာနိုင်စရာရှိကြောင်း ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ၏ ပြည်တွင်း ကောက်ညှင်းဆန် စျေးနှုန်းမှာပြီးခဲ့သည့်လက တစ်ကီလိုလျှင် ၃၅ ဘတ်မှ ၅၀ ဘတ်အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် ပုံမှန်အားဖြင့် ပျမ်းမျှ ဆန်တန်ချိန် (၃ ဒသမ ၅- ၃ ဒသမ ၆)သန်းခန့် ကြိတ်ခွဲ ထုတ်လုပ်ပြီး ဆန်တန်ချိန်(၃ ဒသမ ၃-၃ ဒသမ ၄) သန်းမှာ ပြည်တွင်း စားသုံးခြင်းဖြစ်သည်။ အဓိက ပြည်ပတင်ပို့သည့် စျေးကွက်များမှာ တရုတ်၊ အမေရိကန်၊ မလေးရှားနှင့် ဂျပန်တို့ဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်က ကောက်ညှင်းဆန်ကွဲတန်ချိန်နှစ်သိန်း မပါဝင်သေးဘဲ ကောက်ညှင်းဆန် တန်ချိန်၁ ဒသမ ၈ သိန်းပြည်ပ သို့တင်ပို့ခဲ့သည်။

Mr. Chookiat က မိမိတို့အနေဖြင့် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြချက်တစ်ခုမှာ အိမ်နီးချင်းနိုင်ငံများမှ မှောင်ခိုဝင်ရောက်လာသော ကောက်ညှင်းဆန်များ ကိစ္စဖြစ်ကြောင်း ပြောကြား ခဲ့သည်။

အချို့နိုင်ငံများရှိဝယ်လက်များက ၎င်းတို့၏ DNA စစ်ဆေးချက်အရ ထိုင်းနိုင်ငံ၏ ကောက်ညှင်းဆန် တင်ပို့မှုများတွင် ဗီယက်နမ်ဆန်များ ပါဝင်နေသည်ဟု တိုင်ကြားခဲ့ကြောင်း၊ ဗီယက်နမ် ကောက်ညှင်းဆန်၏ Free-on-Board (FOB)စျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၀၀ ခန့် စျေးရှိပြီး ထိုင်းကောက်ညှင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ ရှိကြောင်း၊ ၎င်းမှာ ထိုင်းဟုမ်မလီဆန် (hom mali rice) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ ထက် စျေးပိုများကြောင်း၊ မှောင်ခိုဆန်များ ဝင်ရောက်မှုကို တားဆီးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ဗန်ကောက်မြို့

အီရတ်သို့ ဆန်ပြန်လည်တင်ပို့နိုင်ရန် ထိုင်းနိုင်ငံ မျှော်မှန်း

ထိုင်းနိုင်ငံ ပြည်ပဆန်တင်ပို့သူများအနေဖြင့် ၂၀၁၆ ခုနှစ်၌ဆန်အရည်အသွေးဆိုင်ရာ နိမ့်ကျမှုကြောင့် ပြည်ပ ဆန်တင်ပို့မှု ရပ်ဆိုင်းခဲ့ရသည့် အီရတ်နိုင်ငံသို့ ဆန်ပြန်လည်တင်ပို့နိုင်ရေးအတွက် အစိုးရခြင်း Government to Government (G 2 G) ဆောင်ရွက်ပေးရန် တိုက်တွန်းခဲ့ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ ပြည်ပဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ Charoen Laothammatas က အစိုးရအနေဖြင့် အီရတ်နိုင်ငံမှထိုင်းဆန်အပေါ်ယုံ ကြည်မှု ပြန်လည်ရရှိစေရေး အရှိန်အဟုန်မြင့် ဆောင်ရွက်သင့်ကြောင်း၊ အီရတ်အစိုးရအနေဖြင့် အီရတ်ဆန် ဝယ်ယူတင်သွင်းသူများကို ပြန်လည်ဝယ်ယူရန် လမ်းဖွင့်ပေးရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်နိုင်ငံအနေဖြင့် ထိုင်းဆန်ကို ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သာဝယ်ယူခဲ့ကြောင်း သိရသည်။ အီရတ်နိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ မည်သည့်ထိုင်းဆန်ကိုမျှ မဝယ်ယူတော့ကြောင်း၊ ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝတ်ထရာ အစိုးရလက်ထက်တွင် ထိုင်းနိုင်ငံမှ တင်ပို့သော ၁၀၀ ရာခိုင်နှုန်း ဆန်ဖြူ (၁၀၀% White Rice)များမှာ အရည်အသွေးနိမ့်ကျသည့်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ်တွင် အီရတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၊ သီးနှံဘုတ်အဖွဲ့မှ ဆန်တန်ချိန် ၇၃၅၅၁၆ ကို အဓိကအားဖြင့် ဗီယက်နမ်၊ ဥရုဂွေး၊ အမေရိကန်၊ အာဂျင်တီးနားနှင့် ပါရာဂွေးတို့မှ တင်သွင်းခဲ့ကြောင်း သိရှိရသည်။ အီရတ်နိုင်ငံအနေဖြင့် ယမန်နှစ်က ဗီယက်နမ်နိုင်ငံမှ ဆန်တန်ချိန် ၃၂၀၂၃၅ ဝယ်ယူခဲ့ပြီး ဥရုဂွေးနိုင်ငံမှ ဆန်တန်ချိန် ၁၈၅၇၀၇၊ အမေရိကန်နိုင်ငံမှ ဆန်တန်ချိန် ၁၂၆၁၃၁၊ အာဂျင် တီးနားနိုင်ငံမှ ဆန်တန်ချိန် ၆၃၀၈၁၁၊ ပါရာဂွေးနိုင်ငံမှ ဆန်တန်ချိန် ၃၀၃၆၂ တို့အား ဝယ်ယူတင်သွင်းခဲ့ကြောင်းသိရှိရသည်။

Mr.Charoen က အစိုးရအနေဖြင့် အရည်အသွေးဆိုင်ရာ ဖော်ပြချက်နှင့် တကွ G 2 G ဖြင့် အီရတ်နိုင်ငံ၏ ယုံကြည်မှုကို ပြန်လည်ရယူနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကပိုင်းအနေဖြင့် နောက်ပိုင်းတွင် အဝယ်အမှာစာများ ပြန်လည်လက်ခံရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အစိုးရအနေဖြင့် တိုင်းပြည်၏ ယှဉ်ပြိုင်စွမ်းအားမြင့်မား တိုးတက်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးတို့အတွက် ဆန် စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအာရုံစိုက်သင့်ကြောင်း ပြောကြားခဲ့သည်။

အသင်းအနေဖြင့် ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှုအားတန်ချိန်ကိုးသန်း တင်ပို့နိုင်ရန်ခန့်မှန်းထားပြီး ပြည်ပသင်္ဘောတင်ပို့မှုများမှာ ဇန်နဝါရီလတွင် စတင်ကျဆင်းခဲ့ကြောင်း၊ ပြည်ပဆန်တင်ပို့မှုအတွက်အကောင်းဆုံး ဆောင်ရွက်နိုင်မှုအဖြစ် ဆန်တန်ချိန်ကိုးသန်းတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရည်မှန်းချက်မှာ ၂၀၁၈ ခုနှစ်က တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၁၁ ဒသမ ၂ သန်းထက် ၂၀ ရာခိုင်နှုန်းလျှော့နည်းခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ဗန်ကောက်မြို့

အိန္ဒိယအစိုးရက ကုန်သွယ်မှု မူဝါဒအသစ်တစ်ရပ်ချမှတ်ရန်ရှိ

အိန္ဒိယအစိုးရသည် လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော နိုင်ငံခြားကုန်သွယ်မှုမူဝါဒကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်ပြီး ၂၀၂၀- ၂၀၁၅ ငါးနှစ်တာဘဏ္ဍာရေးကာလအတွက် ပို့ကုန်မြှင့်တင်ရန် အခွင့်အလမ်းများနှင့် လုပ်ငန်းလမ်းညွှန်မှုများကို အထောက်အပံ့ပြုမည့် ကုန်သွယ်မှုမူဝါဒ အသစ်တစ်ရပ်ကို ချမှတ်ရန်ရှိကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာရှိတစ်ဦး၏ ပြောဆိုချက်ကို ကိုးကားလျက် Economic Times သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယ၏ လက်ရှိပြည်ပကုန်သွယ်ရေး မူဝါဒအရ ပြည်တွင်းရှိလုပ်ငန်းရှင်များ၏ ကုန်စည် နှင့် ဝန်ဆောင်မှုများ တင်ပို့မှုကို မြှင့်တင်ရန်အတွက် ကုန်စည်တင်ပို့မှုဆိုင်ရာ အခွန်သက်သာမှု အခွင့်အရေးပေးအပ်သည့် အစီအစဉ် (MEIS) နှင့် ဝန်ဆောင်မှုပို့ကုန်ဆိုင်ရာ အခွန်သက်သာခွင့် အစီအစဉ် (SEIS) တို့ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် အဆိုပါ ဆောင်ရွက်ချက်များသည် နိုင်ငံတကာ ကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လျော်ညီမှုမရှိကြောင်းဖြင့် အမေရိကန်နိုင်ငံ အပါအဝင် အခြားကုန်သွယ်ဖက်နိုင်ငံများ၏ ဝေဖန်ထောက်ပြမှုကိုခံနေရပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) တွင်လည်း ကုန်သွယ်ရေးအငြင်းပွားမှု အမှုကိစ္စများစွာကို ရင်ဆိုင်နေရလျက်ရှိသည်။

အဆိုပါအစီအစဉ်သည် လက်ရှိဆောင်ရွက်နေသည့် MEIS အထောက်အပံ့၏နေရာတွင် အစားထိုးမည်ဖြစ်သည်။ လက်ရှိကာလတွင် သယ်ယူပို့ဆောင်ရေး၊ ကိုယ်ပိုင်သုံးလျှပ်စစ်စွမ်းအား ထုတ်လုပ်ရေးနှင့် လယ်ယာလုပ်ငန်းကဏ္ဍများတွင် သုံးစွဲသည့် လောင်စာဆီအပေါ်ကျသင့်သော အထူးကုန်စည်ခွန်နှင့် တန်ဖိုးမြှင့်အခွန်၊ လယ်ယာထွက်ကုန်များ ရောင်းဝယ်ဖောက်ကားမှုအပေါ် ကောက်ခံသည့် Mandi Tax အခွန်၊ လျှပ်စစ်ဓာတ်အား၊ ပို့ကုန်ဆိုင်ရာစာရွက်စာတမ်းအပေါ် ကောက်ခံသောတံဆိပ်ခေါင်းခွန်၊ မှတ်ပုံတင်ထားခြင်းမရှိသော ကုန်စည်ဖြန့်ချိသူများထံမှ ဝယ်ယူမှုများအတွက် ကောက်ခံသည့်အခွန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ကျောက်မီးသွေးအသုံးပြုမှုအပေါ် ကောက်ခံသော ထပ်ဆောင်း အခွန်စသည်တို့မှာ ဗဟိုနှင့်ပြည်နယ်အစိုးရများက ကောက်ခံလျက်ရှိသည့် ပြန်လည်ခုနှိမ်သက်သာ ခွင့်ပြုထားခြင်း မရှိသော အခွန်အခများဖြစ်ကြသည်။

ပြည်တွင်းရှိ ပို့ကုန်လုပ်ငန်းရှင်များက မူဝါဒ အသစ်ချမှတ်ရာတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုး တက်မှု ဆောင်ရွက်ချက်များအပေါ် အခြေပြုသည့် ပို့ကုန်မြှင့်တင်ရေးဆွဲဆောင်မှု အစီအစဉ်များနှင့် ကုန်စည်အစုအဖွဲ့အလိုက် သီးခြားသတ်မှတ် ဆောင်ရွက်မှုများ ပါဝင်ထည့်သွင်းရန် တောင်းဆိုလျက်ရှိသည်။ စက်မောင်းဆီ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် Mandi Tax ကဲ့သို့လယ်ယာထွက် ကုန်ရောင်းဝယ်မှုအပေါ် ကောက်ခံသည့်သွယ် ဝိုက်အခွန်အခများအား သက်သာခွင့်ပြုရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖြစ်ထွန်းစေသည့် လုပ်ငန်းများ၌ သက်သာခွင့်များရရှိရေး ၎င်းတို့က လိုလားလျက်ရှိကြသည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိပြည်ပကုန်သွယ်ရေး မူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလမှာ ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက်အထိဖြစ်ပြီး မူဝါဒအသစ် ရေးဆွဲပြုစုခြင်းကို ကူးသန်း ရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီး ဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လာမည့် စက်တင်ဘာလ ကုန် သို့မဟုတ် အောက်တိုဘာလဆန်းပိုင်းတွင် ထုတ်ပြန်နိုင်ဖွယ်ရှိကြောင်း သိရှိရသည်။

နေအေးလွင်၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ နယူးဒေလီမြို့။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ထိုင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ဆန်စပါးအာမခံစျေးနှုန်းအား အဆိုပြုတင်ပြ

ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Jurin Kaksanawisit က လယ်သမားများ၏ သီးနှံစျေးနှုန်းနိမ့်ကျနေမှုအပေါ် ကူညီရန်အတွက် ဆန်စပါးအမျိုးအစားငါးခုအတွက်စျေးနှုန်း အာမခံချက်ကို အဆိုပြုခဲ့ကြောင်း သိရှိရသည်။

Mr.Jurinက အဆိုပြုလွှာအား လယ်သမားများ၏ကိုယ်စားလှယ်များ၊ ဆန်စပါးကုန်သည်အသင်းများ၊ အစိုးရအရာရှိများနှင့် မကြာခင်က ကျင်းပခဲ့သည့် အစည်းအဝေးမှ ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ အဆိုပြုခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းဆွေးနွေးချက်များမှ စပါးအစို ဓာတ်နှုန်း ၁၅ ရာခိုင်နှုန်းဖြင့် အများဆုံးပမာဏ ၁၄ တန်မှ တန် ၃၀ အပေါ် စပါးစျေးအာမခံမှု ဆိုင်ရာ အချက်အလက်များကိုချမှတ်ရန် သဘောတူခဲ့ကြောင်း၊ သို့ရာတွင်ဆန်စပါးအာမခံစျေးနှုန်းအစီအစဉ်မှာ သက်တမ်းတိုစပါး သို့မဟုတ် စိုက်ပျိုးချိန်ရက်ပေါင်း ၁၀၀ ထက်နည်းသော ဆန်စပါးများအတွက် မပါဝင်ကြောင်း သိရှိရသည်။

အဆိုပါ အာမခံစျေးနှုန်းကြေညာချက်ကြောင့် ၃ ဒသမ ၉သန်းပမာဏရှိသော လယ်သမားများ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ ယခုဆန်စပါးအာမခံစျေးနှုန်းမူဝါဒမှာ အသစ်မဟုတ်ကြောင်း ၂၀၁၀-၂၀၁၃ခုနှစ်အတွင်း ဒီမိုကရက်ပါတီဦးဆောင်သော အစိုးရလက်ထက်တွင် သီးနှံစျေးနှုန်း အာမခံစနစ်နှင့် အာမခံမှုတို့ကို အကောင်အထည်ဖော်ခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဆန်စပါးစျေးနှုန်းအာမခံအစီအစဉ်တွင် အကယ်၍ စျေးကွက်ထဲရှိ စျေးနှုန်းသည်သတ်မှတ်ထားသော စျေးနှုန်းအောက် ရောက်ရှိခဲ့ပါက အလျော်အစားပေးမည့် အစီအစဉ်များပါဝင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ယခုနှစ်အတွက် စပါးအမျိုးအစားငါးမျိုးအား အဆိုပါအစီအစဉ်အတွက် ရွေးချယ်ခဲ့ကြောင်းသိရှိရသည်။ ၎င်းတို့မှာ Khao Chao၊ Chao hom Mali(Jasmine rice) ၊ Khao hom Changwat ၊ Chao hom Pathum Thani ၊ Chao niao(Sticky rice) တို့ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါအစီအစဉ်တွင် လယ်သမားများအနေဖြင့် Khao Chao စပါးအတွက်အာမခံစျေးနှုန်းအား တစ်တန်လျှင် ဘတ် ၁၀၀၀၀ ဖြစ်ကြောင်း၊ သို့ရာတွင် အသိအမှတ်ပြုထားသော တန် ၃၀ ထက်ကျော်လွန်ခွင့်မရှိကြောင်း သိရှိရသည်။

Chao hom Mali(Jasmine rice) စပါးအတွက်အများဆုံး ၁၄ တန်အထိ တစ်တန်လျှင် ဘတ် ၁၅၀၀၀ ဖြင့် အာမခံစျေးသတ်မှတ်ပေးထားကြောင်း၊Khao hom Changwat စပါးအတွက် အများဆုံး ၁၆ တန်အထိ တစ်တန်လျှင် ဘတ် ၁၄၀၀၀ ဖြင့် အာမခံစျေးသတ်မှတ်ပေးထားကြောင်း၊ Chao hom Pathum Thani စပါးအတွက် အများဆုံး ၂၅ တန် အထိ တစ်တန်လျှင် ဘတ် ၁၁၀၀၀ ဖြင့် အာမခံစျေးသတ်မှတ်ပေးထားကြောင်း၊ Chaoniao(Stickyrice)စပါးအတွက် အများဆုံး၁၆ တန်အထိတစ်တန်လျှင်ဘတ် ၁၂၀၀၀ ဖြင့် အာမခံစျေး သတ်မှတ်ပေးထားကြောင်း သိရှိရသည်။

အဆိုပါစပါးအာမခံစျေးနှုန်းကို အမျိုးသားဆန်စပါးမူဝါဒကော်မတီမှ အတည်ပြုပေးလိမ့်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ပြီးနောက်ဆုံး အတည်ပြုအမိန့်ရရှိစေရန် အစိုးရအဖွဲ့သို့ ကြေညာချက်မထုတ်ပြန်မီ အတည်ပြုမိန့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားသော ထုတ်လုပ်မှုကုန်ကျစရိတ်လျော့ချရေးနှင့် အုပ်ကုန်ကျစရိတ်များလျော့ချရေးအစီအမံများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

Pathum Thaniမှလယ်သမားတစ်ဦးဖြစ်သော Sonpit Aimthong ကအဆိုပါ စပါးစျေးနှုန်း အာမခံအစီအစဉ်အားကြိုဆိုကြောင်း၊ ၎င်းတို့အနေဖြင့် အစိုဓာတ်နှုန်း ၂၅ ရာခိုင်နှုန်းဖြင့် စပါးတစ်တန်လျှင် ဘတ်ငွေ ၆၅၀၀ မှ ၇၀၀၀ အထိသာ ရရှိခဲ့ကြောင်း၊ အကယ်၍ အစိုးရအနေဖြင့် စပါး တစ်တန်လျှင်အာမခံစျေးနှုန်း ဘတ် ၁၀၀၀၀ သတ်မှတ်မည်ဆိုပါက လယ်သမားများအနေဖြင့် ဆက်လက်အသက်ရှင်ရပ်တည်နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ ပန်ကောက်မြို့။

စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှု ဆက်လက်ကျဆင်းနေ

Enterprise Singapore က သြဂုတ် ၁၆ ရက် တွင် ထုတ်ပြန်သည့်စာရင်းအရ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း စင်ကာပူနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပို့ကုန်ပိုင်းတွင် ၅ ဒသမ ၈ ရာခိုင်နှုန်းနှင့်သွင်းကုန်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိ ရသည်။

ဇူလိုင်လတွင် စင်ကာပူ၏ စက်သုံးဆီ မဟုတ်သောပို့ကုန် (လျှပ်စစ်ပစ္စည်းနှင့် လျှပ်စစ် ပစ္စည်းမဟုတ်သောအခြားပစ္စည်းများ) သည် အမေရိကန်နိုင်ငံမှလွဲ၍ အခြားအဓိကပို့ကုန်စျေး ကွက်များသို့ လျော့နည်းတင်ပို့နိုင်ခဲ့သည့်အတွက် ၁၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ လျှပ်စစ် ပစ္စည်းပို့ကုန်တွင် အဓိကကျဆင်းခဲ့သည့် ပစ္စည်းအမျိုးအစားများမှာ ICs (- ၂၄ ဒသမ ၂ ရာခိုင်နှုန်း)၊ PCs (- ၃၅ ဒသမ ၅ ရာခိုင်နှုန်း) နှင့် Disk Media Products (- ၂၅ ဒသမ ၃ ရာခိုင်နှုန်း) များဖြစ်ပြီး လျှပ်စစ်ပစ္စည်းမဟုတ်သော အခြားပစ္စည်းများ တင်ပို့မှုတွင် ဆေးဝါးများ (- ၃၂ ဒသမ ၇ ရာခိုင်နှုန်း)၊ အထူးထုတ်စက်ပစ္စည်းများ (- ၃၁ ဒသမ ၃ ရာခိုင် နှုန်း)နှင့် ဓာတုပစ္စည်း (- ၃၀ ဒသမ ၉ ရာခိုင်နှုန်း) အမျိုးအစားများက အဓိက ကျဆင်းခဲ့သည်။ ထို့ပြင် စက်သုံးဆီမဟုတ်သောပစ္စည်းများ၏ Re-export သည် သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အလားတူ စင်ကာပူ၏ စက်သုံးဆီပို့ကုန်သည် ဇူလိုင်လတွင် ၇ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အဓိကအားဖြင့် အင်ဒိုနီးရှား (- ၂၇ ဒသမ ၆ ရာခိုင်နှုန်း)၊ မလေးရှား (- ၂၀ ဒသမ ၅ ရာခိုင်နှုန်း)နှင့် ဟောင်ကောင် (- ၂၇ ဒသမ ၄ ရာခိုင်နှုန်း) နိုင်ငံများသို့ တင်ပို့မှုကျဆင်းခဲ့သည်။

သတင်းရင်းမြစ် ။ ။ Enterprise Singapore, Media Release
မြတ်နိုး၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ စင်ကာပူမြို့။

စင်ကာပူနိုင်ငံတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ရန် လက်ကိုင်ဖုန်း အက်ပလီကေးရှင်းဖြင့် လျှောက်ထားနိုင်

ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လိုသည့် လုပ်ငန်းများသည် "Ipos Go" ဟု အမည်ပေးထားသော လက်ကိုင်ဖုန်းအက်ပလီကေးရှင်း အသစ်ကို အသုံးပြု၍ စင်ကာပူ မူပိုင်ခွင့်ရုံး (Intellectual Property Office of Singapore – Ipos) သို့ တိုက်ရိုက် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ လက်ကိုင်ဖုန်းအက်ပလီကေးရှင်းသည် မှတ်ပုံတင်လျှောက်ထားမှု လုပ်ငန်းစဉ်ကို မြန်ဆန်စေမည်ဖြစ်ကြောင်း၊ ယခင်ကမှတ်ပုံတင်လျှောက်ထားရာတွင် ပျမ်းမျှကြာချိန် တစ်နာရီမှ ၄၅ မိနစ်အတွင်းရှိရာမှ ယခုအက်ပလီကေးရှင်းကို အသုံးပြု၍ လျှောက်ထားလျှင် ၁၀ မိနစ်ခန့်ကြာမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများအနေဖြင့် ယခင် ဝန်ဆောင်မှုပေးနေသည့် စင်ကာပူမူပိုင်ခွင့်ရုံး၏ e-service ဝက်ဆိုက်နှင့် အခြားဝန်ဆောင်မှု အေဂျင်စီများမှတစ်ဆင့်လည်း ဆက်လက်လျှောက်ထားနိုင်ကြောင်း၊ စင်ကာပူတွင် လွန်ခဲ့သည့် ငါးနှစ်တာကာလ အတွင်း ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားမှုသည် ၃၀ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ကြောင်း၊ ကုန်အမှတ်တံဆိပ်များပြားသည့် စင်ကာပူစျေးကွက်အတွင်း မိမိ၏ကုန်အမှတ်တံဆိပ်နာမည်ရရှိရေး ကြိုးပမ်းနေကြသည့် လုပ်ငန်းများအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ "Ipos Go" အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သက်တမ်းတိုးရန်နှင့် မှတ်ပုံတင်လျှောက်ထားမှုသည် မည်သည့်အဆင့်တွင် ရောက်ရှိနေပြီဖြစ်ကြောင်းတို့ကို သိရှိနိုင်မည်ဖြစ်ကြောင်း စင်ကာပူမူပိုင်ခွင့်ရုံးက သြဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

ကုန်အမှတ်တံဆိပ်တစ်ခု မှတ်ပုံတင် လျှောက်ထားမှုအတွက် စင်ကာပူဒေါ်လာ ၂၄၀ ပေးသွင်းရန် လိုအပ်ပြီး မှတ်ပုံတင်သက်တမ်းသည် ၁၀ နှစ်ဖြစ်သည်။ "Ipos Go" အက်ပလီကေးရှင်းသည် မှတ်ဉာဏ်တု (Artificial Intelligence-AI) ကို အသုံးပြုနိုင်သည့်အတွက် မိမိတို့၏ ကုန်အမှတ်တံဆိပ်နှင့် ဆင်တူသည့် မှတ်ပုံတင်ထားပြီးသော အခြားကုန်အမှတ်တံဆိပ်များကို ရှာဖွေနိုင်ကြောင်းနှင့် လွန်စွာဆင်တူမှုရှိသည့် ကုန်အမှတ်တံဆိပ်လျှောက်ထားမှုများကို အက်ပလီကေးရှင်းက လက်ခံသွားမည်မဟုတ်ကြောင်း သိရသည်။ ယခုအခါ နိုင်ငံတကာတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားမှုများ၏ ၄၀ ရာခိုင်နှုန်းကျော်သည် ပုံများ ထည့်သွင်းအသုံးပြုလာကြသည့်အတွက် "Ipos Go" အက်ပလီကေးရှင်း၏ စနစ်သည် လွန်စွာအသုံးဝင်ကြောင်း ဖော်ပြထားသည်။

သတင်းရင်းမြစ်။ ။ The Straits Times
မြတ်နိုး၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ စင်ကာပူမြို့

စာမျက်နှာ (၂၀) လယ်ယာထွက်ကုန်ပစ္စည်းများအတွက် Measures for Import Tariff Quota Management . . . မှအဆက်

(ဏ) "တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာထွက်ကုန် ပစ္စည်းသွင်း ကုန်အခွန် Quota လက်မှတ်"အား အတုပြုလုပ်ခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း (သို့) အဆိုပါ Certificate အား အရောင်း အဝယ်ပြုလုပ်ခြင်းများအတွက် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းဥပဒေများအတိုင်း စုံစမ်းစစ်ဆေးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် NDRC ဌာနတို့မှ အာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းအနေဖြင့် နှစ်နှစ်အတွင်း လယ်ယာထွက်ကုန်သွင်းကုန် အခွန် Quota အတွက် လျှောက်လွှာတင်သွင်းလျှောက်ထားမှုကို လက်ခံဆောင်ရွက်ပေးမည် မဟုတ်ကြောင်း။

(တ) နောက်ဆုံးအသုံးပြုသူအနေဖြင့် နှစ်နှစ်ဆက်တိုက် အဆိုပါခွဲဝေသတ်မှတ်ပေးထားသည့် လယ်ယာထွက်ကုန်သွင်းကုန် Quota အရ တင်သွင်းရမည့် သွင်းကုန် Quota ပမာဏအား ပြီးဆုံးအောင်အသုံးမပြုနိုင်ပါက အဆိုပါ နှစ်နှစ်အတွင်း နှစ်စဉ် စက်တင်ဘာ ၁၅ ရက်မတိုင်ခင် ၎င်းနှစ်၏အသုံးမပြုနိုင်သည့် သွင်းကုန်အခွန် Quota ပမာဏအား ယခင်သွင်းကုန်အခွန် Quota လက်မှတ်ထုတ်ပေးခဲ့သည့် မူလအဖွဲ့အစည်းသို့ ပြန်လည်ပေးအပ်ရမည်ဖြစ်ကြောင်းနှင့် နောက် လာမည့်နှစ်အတွက် ခွဲဝေပေးသည့်သွင်းကုန်အခွန် Quota ပမာဏအား လတ်တလောပြီးခဲ့သည့်နှစ် မတင်သွင်းနိုင်ခဲ့သည့် အချိုးနှင့်အညီ ခုနှိမ်နှုတ်ယူသွားမည်ဖြစ်ကြောင်း။

(ထ) လယ်ယာထွက်ကုန်သွင်းကုန်အခွန် Quota ခွဲဝေသတ်မှတ်မှုနှင့် Quota ထပ်မံခွဲဝေပေးမှုဆိုင်ရာ ဆက်စပ်သတင်းအချက်အလက်များကို သိရှိလိုပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ NDRC တို့သို့လည်းကောင်း (သို့) အာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းတို့သို့ စာဖြင့် တရားဝင်ရေးသားပေးပို့နိုင်ကြောင်းနှင့် ၁၀ ရက်အတွင်း ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ **Source: http://www.chinalaw.gov.cn**

တရုတ်နိုင်ငံ၏ ဆိုရှယ်လစ်လမ်းစဉ်အတွက် အဓိကစမ်းသပ်ဇုန်ဖြစ်လာမည့် ရှန်းကျန့်မြို့

တရုတ်နိုင်ငံသည် ဟောင်ကောင်နှင့်ကပ်လျက်တွင်တည်ရှိသော ရှန်းကျန့်အား တရုတ်၏ ဝိသေသလက္ခဏာများနှင့် ဆိုရှယ်လစ်စနစ်အတွက် သရုပ်ဖော်ပြသည့် စမ်းသပ်ဇုန်တည် ဆောက်ရာတွင် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ဩဂုတ် ၁၈ ရက်တွင် ထုတ်ပြန်လိုက်သော လမ်းညွှန်ချက်အရ သိရသည်။

ထိုသို့ပံ့ပိုးပေးခြင်းဖြင့် ဘက်စုံနည်းလမ်းဖြင့် ကြီးမားခေတ်မီသော ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ရာတွင် လမ်းအသစ်ကို ရှာဖွေရန် ကောင်းမွန်သောနည်းလမ်း ဖြစ်လာနိုင်ပြီး၊ တရုတ်နိုင်ငံ၏ အိပ်မက်ဖြစ်သော ကြီးမားသည့် အမျိုးသားအဆင့် ပြုပြင်ပြောင်းလဲရေး အကောင်အထည်ပေါ်လာရေးအတွက် ခိုင်မာသည့် ပံ့ပိုးမှုကို ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။ ဤပံ့ပိုးမှုမှာ ကွမ်တုန်း-ဟောင်ကောင်-မကာအို ပိုမိုကြီးမားသော ပင်လယ်ကွေ့နယ်မြေအား ပိုမိုဖွံ့ဖြိုးလာစေရန် ကူညီပေးနိုင်မည်ဖြစ်ပြီး 'နိုင်ငံတစ်နိုင်ငံ၊ စနစ်နှစ်ခု' အခြေခံမူအားကျင့်သုံးရာတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။

ရှန်းကျန့်သည် သုတေသနနှင့် ဖွံ့ဖြိုးရေးကိုဦးစားပေးသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာ့အဆင့်မီ စက်မှုဆိုင်ရာ တီထွင်ဆန်းသစ်မှု စွမ်းဆောင်ရည်များဖြင့် စီးပွားရေးခိုင်မာ အားကောင်းမှုနှင့် အရည်အသွေးမီ ဖွံ့ဖြိုးရေးတို့ဖြင့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်း နိုင်ငံများအကြား နေရာရလာစေရမည်ဟု လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။

ရှန်းကျန့်အား ခေတ်မီသော နိုင်ငံတကာအဆင့်ဖြစ်ပြီး တီထွင်ဆန်းသစ်သော မြို့တော်အဖြစ်တည်ဆောက်ပြီးနောက် ၎င်း၏ ယဉ်ကျေးမှု စွမ်းအားကို ကြီးမားစွာမြှင့်တင်ကာ ၎င်း၏အစိုးရ ဝန်ဆောင်မှုအဆင့်နှင့် ဂေဟဆိုင်ရာသဘာဝပတ်ဝန်းကျင်အရည်အသွေးကို နိုင်ငံတကာတွင် ရှေ့တန်းရောက်နိုင်သောအဆင့်အထိ ရောက်ရှိစေရမည်ဟုလည်း ဖော်ပြပါရှိသည်။

၂၀၃၅ ခုနှစ်တွင် ရှန်းကျန့်မြို့သည် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဆင့် စံပြမြို့တော်နှင့် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုရသည့်တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်မှု ဗဟိုဌာနဖြစ်လာစေမည်ဖြစ်သည်။ ၎င်းမြို့မှာ တရုတ်နိုင်ငံအတွက် အင်အားကြီးမားသောခေတ်မီ ဆိုရှယ်လစ်နိုင်ငံအသွင် တည်ဆောက်ရန် နမူနာ မြို့တစ်မြို့ဖြစ်လာစေမည်ဖြစ်သည်ဟု လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။

ရှန်းကျန့်၊ ဟောင်ကောင်နှင့် မကာအိုမြို့များတွင် ၎င်းတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်ရန်နှင့် နိုင်ငံသားတို့၏ စရိုက်လက္ခဏာများကို ခိုင်မာအားကောင်းစေရန် ယဉ်ကျေးမှုဆိုင်ရာနှင့် အနုပညာလှုပ်ရှားမှုများကို ပူးတွဲကျင်းပရန်နှင့် ၎င်းမြို့များအား ဗဟိုအစိုးရက ကူညီသွားမည်ဖြစ်သည်။

လမ်းညွှန်ချက်ကို ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည့် နက်နဲသော အလုံးစုံပြုပြင်ပြောင်းလဲရေးအတွက် ဗဟိုကော်မတီ၏ နဝမအကြိမ် အစည်းအဝေးတွင်ပြန်လည်သုံးသပ်ခဲ့ကာ အတည်ပြုခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတောင်ပိုင်းတွင်ရှိသည့် ရှန်းကျန့်မြို့တွင် လူဦးရေ ၁၂ သန်းရှိပြီး ၎င်း၏ ခိုင်မာသော တီထွင်ဆန်းသစ်မှုစွမ်းဆောင်ရည်ကြောင့် လူသိများသည်။ ယင်းမြို့ တွင် ဟွာဝေး (Huawei) နှင့် တန်းဆင့် (Tencent)အပါအဝင် အမျိုးသားအဆင့် အဆင့်မြင့်နည်းပညာလုပ်ငန်းနှင့် နည်းပညာကုမ္ပဏီကြီးပေါင်း ၁၄၀၀၀ကျော်ရှိသည်။

အမျိုးသားစီမံခန့်ခွဲမှုကျောင်းမှ စီးပွားရေးပါမောက္ခ Wang Xiaoguang က ရှန်းကျန့်မြို့တွင် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ၏ ဥပမာများစွာရှိပြီး၊ တံခါးဖွင့်မှုများမှာ ရှန်းကျန့်မြို့မှ စတင်ဖြစ်ပေါ်လာကြောင်း ဩဂုတ် ၃ ရက်တွင် ထုတ်ဝေခဲ့သည့် အပတ်စဉ်ထုတ်စာစောင်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

ရှန်းကျန့်မြို့သည် တရုတ်၏ ပြုပြင်ပြောင်းလဲရေး၊ တံခါးဖွင့်မှုများနှင့် ခေတ်မီ တည်ဆောက်ရေးတို့အတွက် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများကို ထပ်ပေါင်းထည့်လျက်ရှိကြောင်း၊ တရုတ်တို့၏ ဝိသေသလက္ခဏာများနှင့် ဆိုရှယ်လစ်လမ်းစဉ်၏ လမ်းကြောင်းကို စူးစမ်းရှာဖွေရန် သိသာထင်ရှားစွာ ပါဝင်မှုများပြုလျက်ရှိကြောင်း Wang က ပြောကြားခဲ့သည်။

တရုတ်တို့၏ ဝိသေသလက္ခဏာနှင့် ဆိုရှယ်လစ်လမ်းစဉ်၏ အရေးကြီးသည့် အချက်မှာ ပါတီ၏ဦးဆောင်မှုဖြစ်ကာ အခြေအနေအလုံးစုံပူးပေါင်းဆောင်ရွက်ရာတွင် ဗဟိုအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ တရုတ်၏ ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်မှု စတင်ကတည်းက စျေးကွက်နှင့် အစိုးရတို့အကြား ဆက်ဆံရေးကို ကိုင်တွယ်ရာတွင် ရှန်းကျန့်မှာ ဥပမာကောင်းတစ်ရပ်ဖြစ်ကြောင်း ပါမောက္ခ Wang က ရေးသားခဲ့ပါသည်။

ရင်းမြစ်။ chinadaily
ဒေါက်တာရွှေစင်ကို
စီးပွားရေးသံမှူး (နန်နင်းမြို့)

ကိုလ်ကတ္တား-ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ်အသစ် အိန္ဒိယအခြေစိုက် IndiGo က ပျံသန်းပြေးဆွဲမည်

အိန္ဒိယနိုင်ငံရှိ ပုဂ္ဂလိကပိုင် စရိတ်ကျဉ်း လေကြောင်းလိုင်းဖြစ်သော IndiGo လေကြောင်းလိုင်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှစတင်၍ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့တို့အကြား လေကြောင်းခရီးစဉ်များ တိုက်ရိုက်ပျံသန်း ပြေးဆွဲမည်ဖြစ်သည်။

IndiGo လေကြောင်းလိုင်းသည် လေယာဉ်အုပ်စုအားဖြင့် ၂၃၈ စင်းရှိပြီး အိန္ဒိယ ပြည်တွင်းဈေးကွက်၏ ၄၈ ရာခိုင်နှုန်းခန့်ကို ရရှိထားရာ နေ့စဉ် လေကြောင်းဖြင့် ခရီးသွားလာသည့် ပြည်တွင်းခရီးသည် ၁၂သန်း၏ တစ်ဝက်ကျော်အား လေကြောင်းခရီးစဉ်ပေါင်း ၁၄၀၀ ကျော်ဖြင့် သယ်ယူပို့ဆောင်လျက်ရှိသည်။ IndiGo လေကြောင်းကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ ယခု ရန်ကုန်မြို့သို့ ပျံသန်းမည့် ခရီးစဉ်အသစ်သည် ၎င်း၏ ၁၈ ခုမြောက်ပြည်ပ လေကြောင်းခရီးဖြစ်သည်။

၎င်းတို့အနေဖြင့် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ လာရောက်သည့် ဘုရားဖူးခရီးသည် အရေအတွက်သည် တိုးတက်လျက်ရှိသည်ကို သတိပြုမိကြောင်း၊ ယခု ခရီးစဉ်အသစ်သည် အိန္ဒိယနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံရေးကိုလည်း တိုးတက်စေမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသည်များနှင့် အားလပ်ရက်အပန်းဖြေ ခရီးသွားရောက်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၎င်းတို့၏ လေကြောင်းပျံသန်းမှုကွန်ရက်ကို ဆက်လက်တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း IndiGo မှ ၎င်း၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုခရီးစဉ်အား စက်တင်ဘာ ၂၀ ရက်မှစတင်၍ နေ့စဉ်ပျံသန်းရာတွင် အသွားခရီးစဉ်အဖြစ် လေကြောင်းပျံသန်းအမှတ်စဉ် 6E 1398 ဖြင့် ကိုလ်ကတ္တားမြို့မှ ဒေသစံတော်ချိန်နံနက် ၁၁း၃၀ နာရီတွင်ထွက်ခွာမည်ဖြစ်ကြောင်း၊ အပြန်ခရီးစဉ်အဖြစ် လေကြောင်းပျံသန်းအမှတ်စဉ် 6E 1399 ဖြင့် ရန်ကုန်မြို့မှ ကိုလ်ကတ္တားမြို့သို့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ပြန်လည် ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။ ခရီးစဉ်တစ်ကြောင်းအတွက် ခရီးသည်တစ်ဦးလျှင် အိန္ဒိယရူပီးငွေ ၅၉၉၉ သတ်မှတ်ထားသည်။

လက်ရှိကာလ၌ ရန်ကုန်မြို့နှင့် ကိုလ်ကတ္တားမြို့အကြား Myanmar Airways, Air India, Biman Bangladesh, Thai Airways စသည်ဖြင့် လေကြောင်းလိုင်းများစွာက နေ့စဉ်လေကြောင်းခရီးစဉ်ပေါင်း ၄၀ ကျော်ဖြင့် ပျံသန်းလျက်ရှိသော်လည်း တိုက်ရိုက်ပျံသန်းသည့် လေကြောင်းလိုင်းမှာ နှစ်ခုသာရှိသည်။ ယခု IndiGo မှ နေ့စဉ်တိုက်ရိုက်ပျံသန်းပြေးဆွဲမည့် ခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ ခရီးသွား လုပ်ငန်းကဏ္ဍကို တိုးမြှင့်စေနိုင်ရုံသာမက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုသည့် အိန္ဒိယခရီးသည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ခရီးသွားလာမှုကိုပါ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

နေအေးလွင်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ နယူးဒေလီမြို့

အင်ဖာ-မန္တလေး တိုက်ရိုက်လေကြောင်း ပျံသန်းမည်

အိန္ဒိယမြို့ပြလေကြောင်းဝန်ကြီးဌာန၏ ဝန်ကြီး Shri Hardeep Singh Puri သည် ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်း၌ မဏိပူရပြည်နယ်အစိုးရအဖွဲ့နှင့် Video conference အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ရာတွင် ပြည်နယ်အတွင်းဝန်ချုပ် Dr J Suresh Babu နှင့် သယ်ယူပို့ဆောင်ရေးကော်မရှင်နာ Shri M Harekrishna တို့ ဦးဆောင်သော ပြည်နယ်အရာရှိများနှင့် အိန္ဒိယမြို့ပြလေကြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဝန်ကြီး Shri Hardeep Singh Puri က မဏိပူရပြည်နယ်၏ မြို့တော်ဖြစ်သော အင်ဖာမြို့နှင့် မြန်မာနိုင်ငံရှိ မန္တလေးမြို့တို့အကြား တိုက်ရိုက်လေကြောင်း ခရီးစဉ် ပျံသန်းပြေးဆွဲရေးကိစ္စရပ်အပေါ် အတည်ပြုခွင့်ပြုချက်ပေးခဲ့ပြီး မဏိပူရပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ၎င်းလေကြောင်းခရီးစဉ် ပျံသန်းရန် စိတ်ပါဝင်စားမှုရှိသည့် လေကြောင်းလိုင်းများနှင့် ဆွေးနွေး၍ တင်ပြရန် မှာကြားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အစည်းအဝေး၌ အင်ဖာမြို့နှင့် အာသံပြည်နယ်ရှိ Silchar မြို့၊ တြိပူရပြည်နယ်ရှိ Agartala မြို့တို့အကြား အပတ်စဉ်လေကြောင်း ခရီးစဉ်သစ်များ အစပြုပျံသန်းရေး၊ နယူးဒေလီမြို့နှင့် အင်ဖာမြို့တို့အကြား ညပိုင်းအချိန် လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ၌ ရဟတ်ယာဉ် ခရီးစဉ်သစ်များ တိုးချဲ့ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

လက်ရှိကာလတွင် အင်ဖာမြို့နှင့် မန္တလေး မြို့အကြား တိုက်ရိုက်လေကြောင်း ပျံသန်းရန် မြန်မာနိုင်ငံမှ Air KBZ လေကြောင်းလိုင်းက အဆိုပြုတင်ပြထားသည်။ အိန္ဒိယနိုင်ငံ၏ လေကြောင်းခရီးစဉ် လုပ်ကိုင်ခွင့်ပြုမှု စည်းမျဉ်းစည်းကမ်းများအရ မြို့ပြလေကြောင်းဝန်ကြီးဌာနအနေဖြင့် ၎င်းခရီးစဉ်လမ်းကြောင်း၌ ပါဝင်လုပ်ကိုင်လိုသည့် Airline Operators များကို တင်ဒါခေါ်ယူရွေးချယ်၍ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည်။

နေအေးလွင်၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ နယူးဒေလီမြို့။

JOYFUL CO., LTD.
PVC Doors
PVC Ceiling Panels
UPVC Windows
Wood Metal Doors
Metal Doors
PVC Ceiling Corners
WPC Doors
KTV Steel Doors
KTV Sofa & Desk
Aluminum Fabric Sunshade
Cement Admixture
Tile Adhesive
JOYFUL CO., LTD.
LION KING
Yangon : No. 145, Bo Aung Kyaw Street, Shwe Thaw Lwin Industrial Zone, Hlaing Tharyar Township, Yangon, Myanmar
Tel: 013-695126, 013-695359, 09-421744368, 09-421744389, Fax: 013-695359, Email: chenyutang64@gmail.com
Mandalay : No. 251, 84 St. Bet 33 & 34 St, Mandalay, Tel: 02-64930, 09-402537471, 09-797220379

KING TONY
Enjoy your work
QUALITY ASSURED FIRM
ISO 9002
SGS
SOLE AGENT & DISTRIBUTOR
YASMIN ENTERPRISE CO.,LTD
asiagoldmyanmar@gmail.com
Contact: 95 – 1 394563 , 399382

Prototype
International Co.,Ltd
Elevator / Escalator - Contractors & Suppliers
SCHNEIDER
Lifts & components
EURO CERT
A modern transport tool that shows fine urbandemeanour
PROTOTYPE INTERNATIONAL CO., LTD
Office: +95 1 230 4839, +95 9 319 25683,
E-mail: sales@prototypeelevator.com. Website: www.prototypeelevator.com.
No. 22/3A, Shwe La Win Street, Kyun Taw (South) Ward, Sanchaung, Yangon, Myanmar.

Royal Mingalar Myanmar Group
ဖောင်ဒေးရှင်းဘိုးဝိုင်တူးစက်နှင့် ဆက်စပ်ပစ္စည်းများ
လက်လီ၊ လက်ကားရရှိနိုင်ပါသည်။
Auger
Core barrel
Tremie pipe
Bucket
Kelly bar
Teeth
Steel wire
Address : No.(39), Mahar Bandoola St, Ward No.(45) Dagan
Myothit (North) Township, Yangon 11421 Myanmar
Ph : +95 9 250800961, Hot Line : +95 9 43016006
www.facebook.com/page/Royal-Mingalar-Myanmar-Group

MADE IN ITALY

PEDROLLO®
... the spring of life

အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး

Uni Trade Yangon Limited

Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011

Fax-01-663524 Email: uamutm@myanmar.com.mm

GREAT WALL

TRADITIONAL MEDICINE MANUFACTURING

ဂရိတ်ဝေါ

E-mail : mgmgoogw@gmail.com
www.greatwallmyanmar.com

COMMERCE
INTERNATIONAL

အက်ပဲက စက်အစိတ်အပိုင်းများနှင့် ပြင်ဆင်ရေး ကိရိယာများ ရောင်းချမည်

အိုင်ဖုန်းများပျက်စီးပါက ပြင်ဆင်သည့် လွတ်လပ်သောပြင်ဆိုင်များအား စက်အစိတ်အပိုင်းများ၊ ပြင်ဆင်ရေးကိရိယာများနှင့် ပြင်ဆင်ရေးလမ်းညွှန်များကို စတင်ရောင်းချသွားတော့မည်ဖြစ်ကြောင်း အက်ပဲက ဩဂုတ် ၂၉ ရက်တွင် ပြောသည်။

ယခုကဲ့သို့ဆောင်ရွက်ရန် အမေရိကန်ပြည်ထောင်စုရှိ တချို့ပြည်နယ်များတွင် ပြဋ္ဌာန်းထားသော ဥပဒေများကို နှစ်ပေါင်းများစွာ ဆန့်ကျင်လာခဲ့ရာမှ ယခုကဲ့သို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ဖုန်းစကရင်များကွဲခြင်းနှင့် အားသွင်းပေါက်များ လောင်ကျွမ်းခြင်းစသည့် ကိစ္စများကိုသန်းနှင့်ချီ၍ ပြင်ဆင်နေရသဖြင့် ယခုအစီအစဉ်ကို ဆောင်ရွက်လိုက်ခြင်းဖြင့် အက်ပဲနှင့် ၎င်း၏မိတ်ဖက် စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်နေရသော ဝန်ထုပ်ဝန်ပိုးကြီးကို ကျဆင်းစေမည်ဖြစ်သည်။

အာမခံကာလ ကျော်လွန်သော ပစ္စည်းများကို ပြင်ဆင်ရာတွင် တရားဝင် စက်အစိတ်အပိုင်းများကို အသုံးပြုနိုင်ရန်အတွက် အာမခံပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသော Best Buyကဲ့သို့ ခွင့်ပြုချက်ရဆိုင်များကို ဖြန့်ဖြူးပေးသော စျေးအတိုင်း လွတ်လပ်သော ပြင်ဆိုင်များအား ဖြန့်ဖြူးပေးမည်ဖြစ်သည်။

အကယ်၍ အိုင်ဖုန်းပိုင်ရှင်များက သူတို့သုံးပြီးသောဖုန်းများကို မိတ်ဆွေများနှင့် မိသားစုများကို လွှဲပြောင်းပေးမည်ဆိုပါက ယခုကဲ့သို့ ဖြန့်ဖြူးပေးသည့်အစီအစဉ်ကြောင့် အက်ပဲအတွက်ဖုန်းပြင်ဆင်မှုနှင့် စက်အစိတ်အပိုင်းများရောင်းချသည့် လုပ်ငန်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပိုရနိုင်သည်။

ပြီးခဲ့သောဘဏ္ဍာနှစ် သုံးလပတ်နှစ်ပတ်အတွင်း အက်ပဲ၏ အိုင်ဖုန်းအရောင်း ကျဆင်းခဲ့သည်။ သို့သော်လည်း AirPods နှင့် Apple Watch တို့ကဲ့သို့သော အပိုပစ္စည်းများ ရောင်းချသည့်လုပ်ငန်းနှင့် Apple Musicကဲ့သို့သော အခပေးပြုပြင်ရေးလုပ်ငန်းများမှ ဝင်ငွေကြောင့် ထိုကျဆင်းသွားသော ဝင်ငွေအချို့ကို ထေမိခဲ့သည်။

ပြင်ဆင်ရေး လုပ်ငန်းများကြောင့် စံချိန်ကျမည်ကိုစိုးရိမ်ကြောင်း အကြောင်းပြချက်ဖြင့် အမေရိကန်ပြည်ထောင်စု ပြည်နယ်အများအပြားရှိ ပြင်ပဖုန်းပြင်ဆိုင်များကို အပိုပစ္စည်းရောင်းချရန် အက်ပဲက ငြင်းဆန်ခဲ့သည်။ အမေရိကန် Best Buy စတိုးဆိုင်အချို့ကိုသာ အာမခံပေးထားသော ကိစ္စများကို ဆောင်ရွက်ခွင့်ပြုထားသည်။

၂၀၂၅ ခုနှစ်တွင် ဟွန်ဒိုင်းက လျှပ်စစ်ကားပုံစံ ၁၇ မျိုး ထုတ်လုပ်မည်

၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ကားပုံစံ ၁၇ မျိုးကို စီးပွားဖြစ်ထုတ်လုပ်မည်ဖြစ်ကြောင်း ဟွန်ဒိုင်းမော်တာကုမ္ပဏီက ဩဂုတ် ၂၉ ရက်တွင် ထုတ်ပြန်သည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းသော ကားများ၏ဝယ်လိုအား မြင့်မား ခြင်းကို ဖြည့်ဆည်းပေးရန် နောက်ဆုံးကြိုးပမ်းမှုအဖြစ် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်သည်။ စီးပွားဖြစ်ထုတ်လုပ်ရန် စီစဉ်ထားသည့်အထဲတွင် လျှပ်စစ်သက်သက် ကားအမျိုးအစား ခုနစ်မျိုးနှင့် လောင်စာခဲနှင့် လျှပ်စစ်သုံးအမျိုးအစား ၁၀ မျိုးတို့ကိုထုတ်လုပ်ရန် ဟွန်ဒိုင်းမော်တာက စီစဉ်နေကြောင်း ကုမ္ပဏီ၏ကြေညာချက်တွင်ဖော်ပြသည်။

ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းသော စီးပွားဖြစ်ပုံစံ ၁၇ မျိုးထဲတွင် လျှပ်စစ်သာသုံးသော ဘတ်စ်ကားတစ်မျိုးနှင့် ဟိုက်ဒရိုဂျင်ပါဝါသုံး ဘတ်စ်ကားတစ်မျိုးပါဝင်သည်။ အများပြည်သူသုံး ဘတ်စ်ကားအဖြစ်သုံးရန် ဟွန်ဒိုင်းက ဆိုးလ်မြို့တော်အစိုးရအဖွဲ့အား ယခုကားအမျိုးအစားများကို ပေးအပ်မည်ဖြစ်ကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် ကမ္ဘာကြီးပူနွေးလာရကြောင်း သိပ္ပံပညာရှင်များကပြောသဖြင့် ဓာတ်ငွေ့ထုတ်လွှတ်မှုကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်သည့် စည်းမျဉ်းဥပဒေများကို အစိုးရများက ထုတ်ပြန်လာသည်။ထို့ကြောင့် ကမ္ဘာ့မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသော ကားများကို အပြိုင်ထုတ်လုပ်လာကြသည်။

လျှပ်စစ်ဓာတ်ရရှိရေးအတွက် သိုလှောင်ထားသော ဟိုက်ဒရိုဂျင်ကို အသုံးပြု၍ ကားမော်တာကို မောင်းနှင်သောအခါ ဟိုက်ဒရိုဂျင်လောင်စာခဲသုံး လျှပ်စစ်ကားကရေငွေ့ကိုသာ ထုတ်လွှတ်ပေးသည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ကြောင့် ထိုင်းနိုင်ငံအကျိုးရှိနိုင်

အမေရိကန်နှင့်တရုတ်တို့ ကုန်သွယ်ရေးစစ်ပွဲ ဆက်လက်ဖြစ်ပွားနေသည့်အတွက် တရုတ်စီးပွားရေးလုပ်ငန်းများသည် အမေရိကန်ကတိုးမြှင့်လိုက်သော အခွန်များကို ရှောင်ရှားနိုင်ရန်အတွက် အရှေ့တောင်အာရှဒေသသို့ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံလာကြကြောင်း NHK သတင်းတွင်ဖော်ပြသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း အရှေ့တောင်အာရှဒေသ၌ တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းများသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက နှစ်ဆနီးပါးမြင့်တက်လာကြောင်း အမေရိကန်ပြည်ထောင်စုအခြေစိုက်အပြည်ပြည်ဆိုင်ရာ ပညာရှင်အဖွဲ့တစ်ဖွဲ့ကပြောသည်။ ယခုနှစ် ဇန်နဝါရီမှ မေလအထိ တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၆၅ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့သည်။

ဖြန့်ဖြူးရေးကွန်ရက်အတွင်း၌ ထိုင်းနိုင်ငံက အစားထိုးနိုင်သော ရင်းမြစ်တစ်ခုဖြစ်သဖြင့် နည်းပညာကုမ္ပဏီများမှာ အထူးသဖြင့် ပိုမိုအကျိုးဖြစ်ထွန်းသည်။ တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအတွက် ဆွဲဆောင်မှုမက်လုံးများပေးမည့်အစီအစဉ်များကို ထိုင်းအစိုးရက မကြာမီစတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်မှုစစ်ပွဲမှ အမြတ်ထုတ်နိုင်ရန်အတွက် အိန္ဒိယက နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်

အိန္ဒိယနိုင်ငံသည် အက်ပဲ၊ ဖောက်စကွန်နှင့် ဝစ်စထရွန်ကော်ပိုရေးရှင်းတို့အပါအဝင် ကုမ္ပဏီများကို ပစ်မှတ်ထား၍ ဆွဲဆောင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ကုန်သွယ်ရေးစစ်ပွဲ၏ ဒဏ်ကို ခံနေရသော ကမ္ဘာကီမျှား အိန္ဒိယနိုင်ငံသို့ စီးပွားရေးလုပ်ငန်းများ ပြောင်းရွှေ့လာနိုင်ရေးအတွက် အာပေးဆွဲဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောသည်။ အိန္ဒိယအစိုးရ တာဝန်ရှိသူများသည် ဩဂုတ် ၁၄ ရက်က တွေ့ဆုံပြီး ရည်မှန်းချက်ထားသော ကုမ္ပဏီ စာရင်းကိုပြုစုခဲ့ရာ တရုတ်(တိုင်ပေ) အခြေစိုက် ကုန်ထုတ်လုပ်ရေးကုမ္ပဏီ ပက်ဂါထရွန် ကော်ပိုရေးရှင်းလည်း ပါဝင်ကြောင်း ဤကိစ္စနှင့် တိုက်ရိုက် အဆက်အသွယ်ရှိသော သတင်းရင်းမြစ်တစ်ခုထံမှသိရသည်။

အမေရိကန်နှင့် တရုတ်တို့၏ အငြင်းပွားမှုကြောင့် အမေရိကန်နှင့် တရုတ်တို့သည် ဒေါ်လာဘီလီယံပေါင်းများစွာရှိသော ကုန်ပစ္စည်းများ အပေါ်တွင် အခွန်များအပြန်အလှန်တိုးမြှင့်ကောက်ခံခဲ့ကြသည်။ ထို့ကြောင့် ကမ္ဘာ့ဖြန့်ဖြူးရေး လုပ်ငန်းစဉ်တွင် အဟန့်အတားများဖြစ်ပေါ်ပြီး အခွန်တိုးမြှင့်မှုဒဏ်မှ လွတ်ကင်းနိုင်မည့် နေရာများကို ကုမ္ပဏီများကရှာဖွေလာကြသည်။

ကုန်သွယ်ရေးစစ်ပွဲမှ အမြတ်ထုတ်ရေးကိစ္စကို ဆောင်ရွက်ရာတွင် အိန္ဒိယနိုင်ငံမှာ နောက်ကျနေပြီဖြစ်သဖြင့် အိန္ဒိယနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံလာအောင် ဆွဲဆောင်နိုင်မည့် မူဝါများနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်တို့ကို တင်ပြရန် အစိုးရဝန်ကြီးဌာနများ အားတာဝန်ပေးခဲ့သည်။ ထိုကဲ့သို့ တာဝန်ပေးအပ်သည့်အထဲတွင် အီလက်ထရွန်နစ်၊ မော်တော်ကား၊ ဆေးဝါးနှင့် ဆက်သွယ်ရေးတို့အပါအဝင် စုစုပေါင်းကဏ္ဍကိုးခုရှိသည်။

စံမီအောင် စုစည်းသည်

Recycle for clean and green future
သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။